ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဆရာ တပည့် ဆက်ဆံရေး**

သူတစ်ပါးကို ဆုံးမသည့်အတိုင်း မိမိကိုယ်တိုင် လိုက်နာ ပြုကျင့်ခြင်းသည် ထိရောက်အောင်မြင်သော ပညာပေးခြင်းမည်၏။ တရားကိုမင်ရာမှ ပုဂ္ဂိုလ်ကိုပါ ခင်မင်စေနိုင်သဖြင့် ခိုင်မာသော ဆရာတပည့် ဆက်ဆံရေးကို ဖြစ်ပေါ်စေနိုင်သည်။ (မိမိပြောသည်ကို သူတစ်ပါးအား လိုက်နာကျင့်သုံးစေလိုလျှင် မိမိပြောသလို မိမိကိုယ်တိုင် ကျင့်ကြံလိုက်နာပါ။)

အတ္တဝဂ်(ဓမ္မပဒ-၁၅၉)

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်၊ တနင်္လာနေ့။ Monday , 31 October 2016 (၈၇၃၁)

# ရန်ကုန်မြို့ မြစ်ချောင်းများအတွင်း ပြေးဆွဲမည့် Water Taxi စနစ်အား ကျွမ်းကျင်သူများနှင့် လေ့လာဆောင်ရွက်နေ



ရန်ကုန်မြစ်အတွင်း ပြေးဆွဲလျက်ရှိသည့် ချယ်ရီကူးတို့သင်္ဘောနှင့် ရေယာဉ်များကို တွေ့ရစဉ်။

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်မြို့ မြစ်ချောင်းများအတွင်း အကောင်အထည်ဖော်မည့် ရေကြောင်းသယ်ယူပို့ဆောင်ရေးစနစ်ကို ကျွမ်းကျင်သူများဖြင့် အကြိမ်ကြိမ်လေ့လာဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

ရန်ကုန်မြို့ရှိ မြစ်ချောင်းများအတွင်း အကောင်အထည်ဖော်မည့် သယ်ယူပို့ဆောင်ရေးစနစ်ကို စနစ်တကျ လေ့လာပြီးမှသာ ရေရှည်ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း ဝေဖန်သုံးသပ်မှုများရှိနေသည်။ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင်လည်း အောက်တိုဘာ ၂၈ ရက်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က မေးမြန်းဆွေးနွေးခဲ့ရာတွင် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့သာမက ပြင်ပကျွမ်းကျင်ပညာရှင်များ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များဖြင့် အကြိမ်ကြိမ် လေ့လာသုံးသပ်မှုများ ဆောင်ရွက်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြန်လည်ဖြေကြားခဲ့သည်။

ရန်ကုန်မြို့ရှိ မြစ်ချောင်းများအတွင်း Water Taxi စနစ် အကောင်အထည်ဖော်ရန် ယခုနှစ်အတွင်း ကျွမ်းကျင်ပညာရှင်များဖြင့် ကွင်းဆင်းဆောင်ရွက်မှုများပြုလုပ်ခဲ့သည်။ ယင်းစနစ်အကောင်အထည်ဖော်ရန်အတွက် ပြည်တွင်းပြည်ပကုမ္ပဏီများကို တင်ဒါခေါ်ယူသွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

**တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် တရုတ်နိုင်ငံ မြန်မာသံရုံး၌ သင်တန်းသားများအား တွေ့ဆုံ**

စာမျက်နှာ - ၃



ရခိုင်ပြည်နယ် မောရဝတီကျေးရွာ၌ နယ်မြေပြန်လည်တည်ငြိမ်အေးချမ်းလာ၍ လွတ်လပ်ပေါ့ပါးစွာ ဆော့ကစားနေသည့် ကလေးငယ်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-နေလင်း)

# ကျေးရွာတွေမှာလည်း လုံခြုံရေးကို ယခင်ကထက် တိုးမြှင့်ချထားတယ်

"ဒီရွာမှာမွေး၊ ဒီရွာမှာကြီးပြင်းခဲ့တယ်။ ဒီဒေသကနေ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် နေရပ်ကို စွန့်ခွာမသွားဘူး"လို့ မောင်တောခရိုင်အတွင်းရှိ ဖားဝပ်ချောင်း ကျေးရွာသား အသက်(၆၅)နှစ်အရွယ် ဦးမောင်မြစိန်က ပြောပါတယ်။

"မောင်တောနဲ့ ရသေ့တောင်ဒေသတွေမှာရှိတဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းတွေကို အကြမ်းဖက်တိုက်ခိုက်ခဲ့တဲ့ သတင်းကြားတဲ့အချိန်မှာပဲ ဒေသခံတွေက စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောမြို့တွေကို ကြောက်ရွံ့ထိတ်လန့်ပြီး နေရပ်စွန့်ခွာထွက်ပြေးသွားကြတယ်။ ကျွန်တော်ကတော့ ကြောက်ရွံ့မှုဖြစ်ခဲ့ပေမယ့် ရွာကနေထွက်မပြေးခဲ့ဘူး"လို့ ၎င်းက ဆိုပါတယ်။

လက်ရှိအချိန်မှာ နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်သော်လည်း ကြောက်ရွံ့ထိတ်လန့်မှုကရှိနေဆဲဖြစ်တဲ့အတွက် လယ်ယာလုပ်ငန်းခွင်နဲ့ တခြားလုပ်ငန်းတွေလုပ်ဖို့ အခက်အခဲရှိနေသေးတယ်လို့ ဒေသခံတွေထံမှ သိရပါတယ်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✱**





HOT LINE - 09-787878749, 787878729

ALPHA CEMENT | အယ်လ်ဖာ ဘိလပ်မြေ

တစ်ရက်လျှင် ဘိလပ်မြေ တန်ချိန် (၇ သိန်း) ထုတ်လုပ်သော ကမ္ဘာ့ထုတ်လုပ်မှု ပထမ ဖြစ်သည့် CONCH ကုမ္ပဏီ မှ မြန်မာပြည် တွင်ဝုဏ်ယူစွာထုတ်လုပ်ပါသည်။

ကြေးမုံ

# အနာဂတ်အကျိုး ဦးဆောင်သယ်ပိုး

၁၆ ပြည်နယ် ဖက်ဒရယ်နိုင်ငံအဖြစ် ထူထောင်ထားသည့် ဘရာဇီး နိုင်ငံတွင် အခြေခံပညာသာ သင်ယူနိုင်ခဲ့ပြီး ငယ်စဉ်ဘဝက ဖိနပ်တိုက်၍ အများအကျိုးအတွက် ဆောင်ရွက်ခဲ့ပြီးနောက် နိုင်ငံ့ခေါင်းဆောင်ဖြစ်လာသူ ဘရာဇီးနိုင်ငံသမ္မတ မစ္စတာဆေးလ်ဗား၊ ငယ်စဉ်က အလွန်ဆင်းရဲခဲ့သည့် ဘဝများကို ဖြတ်သန်းခဲ့ရပြီးနောက် တောင်ကိုရီးယားနိုင်ငံ၏သမ္မတဖြစ်ခဲ့သူ မစ္စတာချန်ဒူးဝမ်၊ အလားတူ ဆင်းရဲသောဘဝကို ဖြတ်သန်းခဲ့ရပြီးနောက် အိန္ဒိယနိုင်ငံ၏ လက်ရှိဝန်ကြီးချုပ်ဖြစ်နေသူ မစ္စတာမိုဒီနှင့် ကမ္ဘာပေါ်ရှိ နိုင်ငံ့ခေါင်းဆောင်အချို့တို့၏ ဘဝဖြတ်သန်းရပုံများနှင့် ကြိုးစားအားထုတ်မှုများမှာ စိတ်ဝင်စားစရာဖြစ်သည်။

ဆင်းရဲခက်ခဲကြမ်းတမ်းသော ဘဝများကို ဖြတ်သန်းပြီးနောက် နိုင်ငံ့ခေါင်းဆောင်တစ်ယောက်ဖြစ်လာအောင် ကြိုးပမ်းအားထုတ်ခဲ့မှုများမှာ မိမိအကျိုးထက် အများအကျိုးကို သယ်ပိုးလိုသော အရင်းခံစေတနာဖြစ်သည်။ ၎င်းတို့မှာ ဘဝ၏ခက်ခဲကြမ်းတမ်းမှုများကို ကိုယ်တိုင်ခံစားခဲ့ကြရသူများဖြစ်၍ ဆင်းရဲကြမ်းတမ်းခက်ခဲသော ပြည်သူများဘဝကို နားလည်စာနာမှု အပြည့်အဝဖြင့် ၎င်းတို့၏နိုင်ငံကို ဦးဆောင်တာဝန်ယူချိန်တွင် အခြေခံလူတန်းစားများ၏ ဘဝများအတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရသည်။ အခြေခံလူတန်းစားအများစုကို ဆင်းရဲခြင်းမှ လွတ်ကင်းအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

မျက်မှောက်ကာလ မြန်မာနိုင်ငံ၏ခေါင်းဆောင်များမှာ လူထုကြားမှ ပေါက်ဖွားရှင်သန်ပြီး ခက်ခဲကြမ်းတမ်းသောဘဝများကို ဖြတ်သန်းခဲ့ရသည့် လူထုခေါင်းဆောင်များဖြစ်ရာ ဆင်းရဲသောအခြေခံလူတန်းစားများ၏ ဘဝကို ကိုယ်ချင်းစာနာစိတ်အပြည့်ဖြင့် အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်ပေးနိုင်မည့်သူများ ဖြစ်လိမ့်မည်ဟု ပြည်သူများက ယုံကြည်ထားသည်။ ယုံကြည်သည့်အတိုင်းလည်း ပြည်သူလူထုအကျိုးကို အတတ်နိုင်ဆုံး ဆောင်ကြဉ်းပေးနေသည်ကိုလည်း တွေ့ရသည်။

စစ်မှန်သော ဒီမိုကရေစီနိုင်ငံတွင် ကြိုးစားအားထုတ်စွမ်းဆောင်နိုင်သူဖြစ်ပါက အခြေခံလူတန်းစားပင်ဖြစ်သော်လည်း နိုင်ငံ့ခေါင်းဆောင်အထိပင် ဖြစ်လာနိုင်သည်။ ကြိုးစားလျှင် ဘုရားပင်ဖြစ်နိုင်ဆိုသကဲ့သို့ မည်သည့်ဘဝတွင်ဖြစ်စေကာမူ ခေါင်းဆောင်ဖြစ်နိုင်သော အခွင့်အလမ်းကောင်းများရှိသည်။

မကြာသေးမီက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လူငယ်များနှင့် ပတ်သက်၍ တခုတ်တရပြောကြားချက်များမှာ အတုယူအားကျလိုက်နာဖွယ်ရာများဖြစ်သည်။ လူကြီးနှင့်လူငယ်အကြား အဓိကကွာခြားချက်မှာ အခွင့်အရေးပင်ဖြစ်သည်။ လူငယ်များသည် လူကြီးများထက် အခွင့်အရေးများစွာရှိသည်။ အခွင့်အရေးဟူသည်မှာ အချိန်ကာလအခွင့်အရေး၊ စိတ်ဓာတ်အားဖြင့် တည်ထောင်နိုင်သည့်အခွင့်အရေးတို့ဖြစ်သည်။

ယနေ့လူငယ်များတွင် ပညာရှာနိုင်သည့် အခွင့်အရေးများစွာ ရှိနေပြီဖြစ်သည်။ စီးပွားရေးနှင့်ပတ်သက်၍လည်း လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများစွာရှိနေပြီဖြစ်သည်။ အရေးကြီးသည်မှာ ရရှိနေသည့် အခွင့်အရေးကို မှန်မှန်ကန်ကန်အသုံးချနိုင်ဖို့လိုမည်။ ထို့အပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့်နယ်ပယ်များတွင် ခေါင်းဆောင်မှုအတတ်ပညာကို လေ့လာဆည်းပူးထားကြရန်လိုသလို ခေါင်းဆောင်မဖြစ်မီလည်း နောက်လိုက်ကောင်းဖြစ်အောင် ကြိုးစားအားထုတ်ဖို့လိုမည်။

လူငယ်များသည် အနာဂတ်အတွက် အရင်းအနှီးများဖြစ်သည်။ နိုင်ငံများတွင် ဖော်ပြပါခေါင်းဆောင်များကဲ့သို့ ဂုဏ်ယူဖွယ်၊ အားကျဖွယ် သမိုင်းကြောင်းများရှိခဲ့ခြင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ မည်သည့် အခက်အခဲကိုမဆို ရင်ဆိုင်ကျော်လွှားနိုင်သည့် စိတ်ဓာတ်ခွန်အားများ ကိုဖြစ်စေသည်။ စိတ်ဓာတ်အရ၊ ဂုဏ်ရှိမှုအရ၊ သိက္ခာအရ ပေးခဲ့သော အမွေအနှစ်များသည် လူငယ်လူရွယ်များအတွက် သုံး၍မကုန်သောအမွေ အနှစ်များ ဖြစ်သည်။

သို့ဖြစ်ရာ ခက်ခဲကြမ်းတမ်းစွာဖြတ်သန်းခဲ့ရသည့် ယခု၊ ယခင် နိုင်ငံ့ခေါင်းဆောင်များဘဝနှင့် ကြိုးစားအားထုတ်မှုများသည် ယနေ့လူငယ်လူရွယ်များအတွက် အတုယူလိုက်နာအားကျဖွယ်ရာများဖြစ်သလို မိမိ မည်သည့် ဘဝအခြေအနေမျိုးတွင်မဆို မွန်မြတ်သောစိတ်ထားနှင့် ပြင်းထန်သောဇွဲလုံ့လဝီရိယများရှိပါက အနာဂတ်နိုင်ငံ့ခေါင်းဆောင်တစ်ဦးအဖြစ် ဦးဆောင်သယ်ပိုးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

## မှုခင်းအသိပညာပေး

**ဘီးလင်း အောက်တိုဘာ ၃၀**

သထုံခရိုင်ရဲတပ်ဖွဲ့ကြီးကြပ်သည့် မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးပြခန်းယာဉ်သည် အောက်တိုဘာ ၂၆ ရက်က ဘီးလင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးစိုးမြင့် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၇၈) ယာဉ်ထိန်းတပ်ဖွဲ့စု တပ်စိတ်-၂ မှ ယာဉ်ထိန်းရဲများက မြို့ပေါ်ရပ်ကွက်ရှိ အခြေခံပညာကျောင်းများ၊ ရွှေလှေကျေးရွာနှင့် အလူးကျေးရွာ အထကကျောင်းများသို့ သွားရောက်ပြသရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာပြည်သူများ လာရောက်ကြည့်ရှုပြီး မှုခင်းအသိပညာပေး စာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အေးအေးမျိုးစံ(ပြန်/ဆက်)**




# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံ ဂယောင်းဘို့နန်းတော်နှင့်ပြတိုက်သို့ သွားရောက်လေ့လာ



**နေပြည်တော် အောက်တိုဘာ ၃၀**


ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဆိုးလ်မြို့ရှိ ဂယောင်းဘို့နန်းတော်နှင့်ပြတိုက်သို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက နန်းတော်နှင့် ပြတိုက်အတွင်း လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။**(ဝဲပုံ)**

**(သတင်းစဉ်)**

## ရန်ပုံငွေများထုတ်ချေး

**မုံရွာ အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပထမစက်ဝန်းပြည့်မြောက်သည့် မြစိမ်းရောင်ကျေးရွာများ(ပထမအကြိမ် ထုတ်ချေးငွေများ အပြေအကျေပေးဆပ်ပြီးသည့် ကျေးရွာများ)တွင် ဒုတိယအကြိမ်အဖြစ် မြစိမ်းရောင် လည်ပတ်ရန်ပုံငွေများကို အောက်တိုဘာလ ဒုတိယပတ်မှစတင်၍ ထုတ်ချေးပေးလျက်ရှိရာ တမူးမြို့နယ် ဇီးဖြူကုန်း ကျေးရွာတွင် လုပ်ငန်းအမျိုးအစား သုံးမျိုးအတွက် ချေးယူသူ ၈၄ ဦးအား လုပ်ငန်းလည်ပတ်ငွေ ၃၄၄ သိန်းကို လည်းကောင်း၊ အင်ဒိုင်းကျေးရွာတွင် လုပ်ငန်းအမျိုးအစားငါးမျိုးအတွက် ချေးယူသူ ၁၃၀ အား လုပ်ငန်းလည်ပတ်ငွေ ၃၄၉ သိန်းကို လည်းကောင်း အသီးသီးထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။ **(ဖိုးချမ်း-မုံရွာ)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံ မြန်မာသံရုံး၌ သင်တန်းသားများအား တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့အား ယမန်နေ့ ညပိုင်းက Shan Xi ပြည်နယ်စစ်ဒေသမှူး Maj-Gen. Gao Longfu က Xian မြို့ Hyatt Regency ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Xian မြို့တွင်းရှိ Tang Le Gong ကပွဲရုံသို့ သွားရောက်ပြီး Tang မင်းဆက်ခေတ်ကာလ အဆိုအကဖျော်ဖြေတင်ဆက်မှုအစီအစဉ်များအား ကြည့်ရှုအားပေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် Shan Xi ပြည်နယ် Bao Ji မြို့ရှိ စကြာမုနိ လက်ရိုးတော်ဘုရား(Fa Man Si)သို့ သွားရောက်ပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ဗုဒ္ဓမြတ်စွာဘုရား၏ လက်ရိုးတော်အား ဖူးမြော်ကြည်ညိုကာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ရှီအန်းမြို့မှ ပေကျင်းမြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိပြီး သံရုံးဧည့်ခန်းမ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသားများ၊ သံရုံး/စစ်သံရုံး မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားကာ အမှတ်တရပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးအပ်သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား သံရုံးမိသားစုများက ညစာဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘုရားကျောင်းရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)**

# ဆေးလိပ်၊ အရက်အလွန်အကျွံသောက်သုံးခြင်းလျှော့ချနိုင်ပါက လေဖြတ်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်

**ရန်ကုန် အောက်တိုဘာ ၃၀**

ယခုအခါ မကူးစက်တတ်သောရောဂါများ (Non Communicable Disease) ဖြစ်ပွားမှုနှုန်း သိသိသာသာများပြားလာနေရာ နှလုံးရောဂါနှင့် လေဖြတ်ရောဂါသည် အဓိကသေဆုံးမှုအများဆုံးဖြစ်စေသည့် ရောဂါများ ဖြစ်ပါကြောင်း ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပသော ၂၀၁၆ ခုနှစ် ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

ဆက်လက်၍ လေဖြတ်ရောဂါကြောင့် လူမှုဘဝများနှင့် စီးပွားရေးထိခိုက်နစ်နာမှုများပြားသည့်အတွက် လေဖြတ်ရောဂါကို ကာကွယ်ရန် ပြည်သူ့ကျန်းမာရေးကို အထူးအလေးပေးဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ယခုအခါ လေဖြတ်ရောဂါသည် အသက်ငယ်ရွယ်သူများတွင်ပါ ဖြစ်ပွားလာသည်ကို တွေ့ရှိရသည့်အတွက် ပို၍ဂရုစိုက်ရန်လိုအပ်လာပါကြောင်း၊ မသန်စွမ်းဒုက္ခိတအဖြစ်သို့ ရောက်ရှိစေသည့်ရောဂါများအနက် လေဖြတ်ရောဂါသည် ဒုတိယအများဆုံးဖြစ်ပါကြောင်း။

လေဖြတ်ရောဂါဖြစ်ပွားရခြင်း၏ ၈၀ ရာခိုင်နှုန်းသည် ကာကွယ်၍ ရနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အဆီဓာတ်များခြင်း၊ အဝလွန်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အရက် အလွန်အကျွံသောက်ခြင်းတို့ကို လျှော့ချနိုင်ပါက လေဖြတ်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း။

ရောဂါဖြစ်ပွားပါက နောက်ဆက်တွဲဆိုးကျိုးများအဖြစ် လူနာတစ်ဦးတည်းသာမက လူနာ၏ မိသားစု ဆွေမျိုးများကပါ ခံစားကြရမည်ဖြစ်ပါကြောင်း၊ မိသားစု၏အဓိကဝင်ငွေ ရှာဖွေနေသူဖြစ်ပါက မိသားစုအတွက် ကြီးမားသော ထိခိုက်နစ်နာမှုဖြစ်စေသကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း လူ့စွမ်းအားအရင်းအမြစ်၊ ကုန်ထုတ်လုပ်မှုစွမ်းအားများ ဆုံးရှုံးရပါကြောင်း၊ လေဖြတ်ရောဂါကို ကြိုတင်ကာကွယ်ရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှုတို့ကို လုပ်ဆောင်ကြရန်ဖြစ်ပါကြောင်း၊ ကျန်းမာရေးပညာပေးခြင်းများကို အခြေခံကျန်းမာရေးဝန်ထမ်းများမှတစ်ဆင့် ပြည်သူလူထု ပိုမိုအသိပညာရရှိပြီး သတိမူလိုက်နာနိုင်ရေးကို ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများတွင် ထည့်သွင်းပညာပေးစေလိုပါကြောင်း၊ ရောဂါဖြစ်ပွားပါက နားလည်တတ်ကျွမ်းသော ဆေးပညာရှင်များနှင့် ဆောလျင်စွာ ပြသပြီး သတ်မှတ်ထားသောကုထုံးများဖြင့် လေဖြတ်ရောဂါအထူးကုဌာနများတွင် အချိန်မီ ကုသမှုခံယူရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆရာဝန်အသင်း ဦးနှောက်နှင့်အာရုံကြောရောဂါပညာဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဝင်းမင်းသစ်က ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဦးနှောက်သွေးကြောပိတ်လေဖြတ်ရောဂါ လူနာများအား သွေးခဲပျော်ဆေးသွင်း၍ ကုသခြင်းဆိုင်ရာဗီဒီယိုကို ပြသသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့ အထိမ်းအမှတ်ပြခန်းငယ်အား ကြည့်ရှုအားပေးကြသည်။

၂၀၁၆ ခုနှစ် ကမ္ဘာ့လေဖြတ်ရောဂါနေ့ ဆောင်ပုဒ်မှာ လေဖြတ်သူတို့ ဘဝကောင်းမွန်ဖို့ တိကျမြန်ဆန်ကုသစို့(STROKE IS TREATABLE, LIVE CAN IMPROVE WITH BETTER AWARENESS ACCESS, ACTION)ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သူနာပြုတက္ကသိုလ်(ရန်ကုန်) ဧည့်ခန်းမတွင် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ သူနာပြုနှင့်သားဖွားဆိုင်ရာ အမျိုးသားအရည်အသွေးမူဘောင်ချမှတ်နိုင်ရေး၊ ဝန်ထမ်းအိမ်ရာများ ပိုမိုရရှိနိုင်ရေး၊ အင်္ဂလိပ်ဘာသာစကား ပိုမိုတိုးတက်လေ့လာနိုင်ရန်စီစဉ်ပေးရေး၊ ဝတ်စုံစရိတ်များကို ပြန်လည်သုံးသပ်၍ တိုးမြှင့်ချီးမြှင့်နိုင်ရေး၊ သင်တန်းလျော်ကြေးကိစ္စများနှင့် သူနာပြုနှင့်သားဖွားလိုင်စင်နှင့်မှတ်ပုံတင်ခြင်းများကို နိုင်ငံတကာနှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး ဆွေးနွေးသည်။

မြန်မာနိုင်ငံဆေးကောင်စီနာယကအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ မြန်မာနိုင်ငံဆေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံဆေးကောင်စီ ဗဟိုအစည်းအဝေး (၃/၂၀၁၆)သို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆေးကောင်စီဗဟိုအစည်းအဝေး (၂/၂၀၁၆) အစည်းအဝေးမှတ်တမ်းအား အတည်ပြုကြပြီး အလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအား တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် ကုသရေးဦးစီးဌာနမှူးများ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံဆေးကောင်စီအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၏ ပြန်လည်ရှင်းလင်းဆွေးနွေးမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

### ❖ ရန်ကုန်မြို့မှ

ယင်းသို့ မြစ်အတွင်းသွား ခရီးသည်ပို့ဆောင်ရေးကို ယခင်အစိုးရလက်ထက်တွင်လည်း ဆောင်ရွက်ခဲ့ပြီး မအောင်မြင်ခဲ့သည့်အတွက် ယခုအကောင်အထည်ဖော်ရာတွင် အမှန်တကယ်အကျိုးရှိ၊ မရှိ လေ့လာဆန်းစစ်ပြီးမှသာ ဆောင်ရွက်သင့်သည်ဟု ဝေဖန်အကြံပြုထားကြခြင်းဖြစ်သည်။ သယ်ယူပို့ဆောင်ရေးစနစ်ကို ရေရှည်ဖွံ့ဖြိုးတိုးတက်သော စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရန် လိုအပ်ပြီး လျှပ်စစ်ရထား စီမံကိန်းကဲ့သို့ ရပ်နားလိုက်ရသည့်ဖြစ်စဉ်မျိုး မဖြစ်စေရန်လိုအပ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက သုံးသပ်သည်။

"သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့အပြင် သက်ဆိုင်ရာဌာနက တာဝန်ရှိသူတွေနဲ့ ဂျပန်၊ အင်္ဂလန်၊ ပြင်သစ်တို့က ပြင်ပပညာရှင်တွေ ပါဝင်ပြီး ရန်ကုန်မြစ်၊ လှိုင်မြစ်၊ ပုဇွန်တောင်ချောင်း၊ ငမိုးရိပ်ချောင်းတို့မှာ အကြိမ်ကြိမ် လေ့လာဆောင်ရွက်ခဲ့ပါတယ်။ ထိုင်းနိုင်ငံမှာ စနစ်တကျ အကောင်အထည်ဖော်ခဲ့သလိုမျိုး ဆောင်ရွက်ရမှာပါ။ ရန်ကုန်မြို့မှာ သဘာဝကပေးထားတဲ့ မြစ်ချောင်းတွေရှိတဲ့အတွက် စနစ်တကျအသုံးချနိုင်ရင် ယာဉ်ကြောပိတ်ဆို့မှုကိုလည်း ထိရောက်စွာ ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ မြစ်ချောင်းတွေရဲ့ အကျယ်၊ ရေစူး၊ ဒီရေအတက်အကျတွေနဲ့ တံတားတွေရဲ့ကင်းလွတ် အကွာအဝေးတွေ၊ ဘယ်လိုရေယာဉ် အသုံးပြုမလဲဆိုတာတွေ လေ့လာခဲ့ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြစ်ကြောင်းသွား ရေယာဉ်ပို့ဆောင်ရေးဆောင်ရွက်ပါက စည်းကမ်းချက်များ စနစ်တကျချမှတ်ကြပ်မတ်ရန် လိုအပ်မည်ဖြစ်ပြီး ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အဓိကထားဆောင်ရွက်သင့်ကြောင်း ရန်ကုန်မြို့ခံများက အကြံပြုကြသည်။

လက်ရှိတွင် ကွင်းဆင်းလေ့လာဆောင်ရွက်ချက်များအရ ရန်ကုန်မြစ်နှင့် လှိုင်မြစ်တွင် လှိုင်သာယာမှ ပန်းဆိုးတန်းခရီးစဉ်၌ ဆိပ်ကမ်း ခုနစ်ခု၊ ငမိုးရိပ်ချောင်း၌ ဒဂုံမြို့သစ်မြောက်ပိုင်းမှ ညောင်တန်းအထိ ခရီးစဉ်အတွက် ဆိပ်ကမ်း ၁၁ ခုကို လျာထားသတ်မှတ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ထံမှ သိရသည်။

**(ဝ၀၁)**

# အလေးချိန် ၁၂ ပိဿာကျော်ရှိ စပါးအုံးမြွေကြီးတစ်ကောင် ကျောင်းကုန်းမြို့၌ ဖမ်းဆီးရမိ

**ကျောင်းကုန်း အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် မိုးမခကျေးရွာအုပ်စု ကန်ဒေါင့်အခြေခံပညာမူလတန်းလွန်ကျောင်း အနောက်ဘက် ရိုးချောင်းအနီးတွင် စပါးအုံးမြွေကြီးတစ်ကောင်ကို ယနေ့နံနက် ၁၀ နာရီခွဲခန့်က ဖမ်းဆီးရမိခဲ့သည်။ **(ယာပုံ)**

ယနေ့တွင် ဓမ္မစကူးလ်သင်တန်း ဖွင့်လှစ်သင်ကြားနေသော ကန်ဒေါင့် အမက မူလွန်ကျောင်းမှ အထွေထွေလုပ်သား ဦးဝင်းရွှေသည် ရိုးချောင်းမှလယ်ကွင်းဘက်သို့ တက်လာသော စပါးအုံးမြွေကြီးကို မြင်တွေ့ခဲ့ပြီး ရွာသားများက ဝိုင်းဝန်းဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါ စပါးအုံးမြွေမှာ အရှည် ၁၀ ပေခန့်၊ လုံးပတ် တစ်ပေကျော်ခန့်နှင့် အလေးချိန် ၁၂ ပိဿာကျော်ခန့်ရှိကြောင်း၊ အနောက်ရိုးမသို့ ပို့ဆောင်မည်ဖြစ်ကြောင်း ဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဝင်းကြိုင်(မြန်/ဆက်)**



## လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် ဥရောပသမဂ္ဂနှင့် ကနေဒါ လက်မှတ်ရေးထိုးမည်

**ဘရပ်ဆယ် အောက်တိုဘာ ၃၀**

ဥရောပသမဂ္ဂ(အီးယူ)နှင့် ကနေဒါနိုင်ငံတို့၏ သမိုင်းဝင် သဘောတူညီချက်တစ်ရပ်အဖြစ် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်ကို အောက်တိုဘာ ၃၀ ရက်တွင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အီးယူ-ကနေဒါ ကုန်သွယ်ရေး ထိပ်သီး ဆွေးနွေးပွဲဟု အမည်ပေးထားသော ဆွေးနွေးပွဲကို ကျင်းပကာ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် စီစဉ်ထားကြောင်း၊ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ကနေဒါ ဝန်ကြီးချုပ် ဂျပ်စတင် ဒရူးဒေါ တက်ရောက်မည်ဟု မျှော်လင့်ရကြောင်း အီးယူ တာဝန်ရှိသူများက ပြောကြားကြသည်။

ကနဦးအားဖြင့် အီးယူ-ကနေဒါ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် လက်မှတ်ရေးထိုးရေးကိစ္စတွင် ဘယ်လ်ဂျီယံ နိုင်ငံရေးသမားများက ကန့်ကွက်ခဲ့မှုကြောင့် နှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်ခဲ့ရသည်။ ဘယ်လ်ဂျီယံတောင်ပိုင်းရှိ ပြင်သစ်စကားပြော ဒေသတစ်ခုဖြစ်သော ဝေါလိုနီးယားဒေသ၏ ပါလီမန်က ယင်းသဘောတူညီချက်နှင့် ပတ်သက်၍ အစောပိုင်းတွင် ကန့်ကွက်ခဲ့သော်လည်း ညှိနှိုင်းစေ့စပ်မှုအရ အောက်တိုဘာ ၂၇ ရက်တွင် ပြေလည်မှုရရှိခဲ့ရာ စီးပွားရေးနှင့် ကုန်သွယ်ရေးအလုံးစုံ သဘောတူညီချက် (စီအီးတီအေ)စာချုပ်ကို လက်မှတ်ရေးထိုးရန် လမ်းပွင့်သွားပြီဖြစ်သည်။ **ရိုက်တာ။**



## အီတလီအလယ်ပိုင်းတွင် အင်အားပြင်းမြေငလျင်လှုပ် အဆောက်အအုံများ ပြိုကျမှုဖြစ်ပွား

**ရောမ အောက်တိုဘာ ၃၀**

အီတလီနိုင်ငံ အလယ်ပိုင်းတွင် အောက်တိုဘာ ၃၀ ရက်က အင်အား ၆ ဒသမ ၆ ရှိ မြေငလျင်လှုပ်ခဲ့ရာအဆောက်အအုံ ပြိုမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ သို့ရာတွင် မြေငလျင်ကြောင့် သေဆုံးသူရှိသည်ဆိုသော သတင်းများမရရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အီတလီနိုင်ငံအလယ်ပိုင်းတွင် လှုပ်ခတ်ခဲ့သော ယခုငလျင်သည် ဩဂုတ် ၂၄ ရက်က လှုပ်ခဲ့သော မြေငလျင်ထက် ပိုမိုအင်အားပြင်းထန်သည်။ ဩဂုတ်လအတွင်း လှုပ်ခဲ့သောမြေငလျင်ကြောင့် လူပေါင်း ၃၀၀ နီးပါး သေဆုံးခဲ့ရသည်။

လွန်ခဲ့သည့် နှစ်လတာကာလအတွင်း နောက်ဆက်တွဲ မြေငလျင်ငယ်များလှုပ်မှုကို ခံစားခဲ့ရပြီးဖြစ်သောမြို့များသည် အောက်တိုဘာ ၃၀ ရက်တွင် အင်အားပြင်းမြေငလျင်လှုပ်မှုကို ထပ်မံခံစားကြရခြင်းဖြစ်သည်။ အီတလီနိုင်ငံ အလယ်ပိုင်းတွင် ဩဂုတ် ၂၄ ရက်က အင်အား ၆ ဒသမ ၂ ရှိငလျင်လှုပ်ခဲ့ပြီးချိန်နောက်ပိုင်း နောက်ဆက်တွဲ မြေငလျင်ငယ် အကြိမ်ထောင်ပေါင်းများစွာ လှုပ်ခဲ့သည်။

အီတလီနိုင်ငံအလယ်ပိုင်း မာချူးနှင့် အမ်ဘရီယာဒေသများ၌ အဆောက်အအုံများပျက်စီးရမှု ဆိုးဆိုးရွားရွားဖြစ်ပေါ်ရကြောင်း၊ အူဆေတာမြို့ငယ်၌ ပြိုကျခဲ့သည့် အဆောက်အအုံ၏ အပျက်အစီး အပိုင်းအစများအတွင်း ပိတ်မိနေသူ လူသုံးဦးကို ကယ်ဆယ်ပေးခဲ့ရကြောင်း၊ သို့ရာတွင် လူသေဆုံးမှုသတင်းများမရရှိကြောင်း အရေးပေါ်လုပ်ငန်းများဌာနက ပြောကြားသည်။

အီတလီနိုင်ငံ နော်စီကာမြို့၌ ရှေးဟောင်းဘာသာရေးအဆောက်အအုံများပြိုကျခဲ့ရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားကြသည်။

**ရိုက်တာ။**

## အိုင်ဗရီကို့စ်နိုင်ငံတွင် အခြေခံဥပဒေသစ်အား မဲခွဲဆုံးဖြတ်

**အဘီဂျန် အောက်တိုဘာ ၃၀**

အိုင်ဗရီကို့စ်နိုင်ငံတွင် အခြေခံဥပဒေသစ်အား အတည်ပြုနိုင်ရေးအတွက် ပြည်သူများက အောက်တိုဘာ ၃၀ ရက်တွင် မဲပေးခဲ့ကြသည်။ ၂၀၁၁ ခုနှစ်တွင်ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်မီးကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုများအား သမ္မတ ကွာတာရာ၏ ဦးဆောင်မှုဖြင့် ပြန်လည်ဦးမော့နိုင်ခဲ့သည်။ ယခုနှစ်အတွင်း နိုင်ငံတွင်းစီမံကိန်းများအား အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။

ပြဿနာဖြစ်နေတဲ့ ၂၀၀၀ ခုနှစ်က အခြေခံဥပဒေကိုပြင်ဆင်ခြင်းဟာ ကျွန်တော်တို့တစ်မျိုးသားလုံးရဲ့အနာဂတ်အတွက် အရေးကြီးတဲ့လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်လည်းဖြစ်သည်ဟု သမ္မတကွာတာရာက ဆိုသည်။ အတိုက်အခံများကမူ ယခုလုပ်ဆောင်ချက်သည် သမ္မတ၏ နိုင်ငံရေးမဟာမိတ်များအတွက် အကာအကွယ်ယူခြင်းသာဖြစ်သည်ဟုဆိုပြီး ပြည်သူများအား သပိတ်မှောက်ရန် တိုက်တွန်းလျက်ရှိကြသည်။

**ရိုက်တာ။**







## နိုင်ငံတော်သတင်းပေါက်ကြားမှုကြောင့် သမ္မတ ပတ်ဂွန်ဟေးအား နုတ်ထွက်ရန် ပြည်သူများဆန္ဒထုတ်ဖော်

**ဆိုးလ် အောက်တိုဘာ ၃၀**

တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးသည် သူ့မိတ်ဆွေဟောင်းတစ်ဦးဖြစ်သူ ချွိင်ရီ ဆွန်ဆီအား နိုင်ငံတော်သတင်းများပေါက်ကြားစေခဲ့သည့်အတွက် တောင်ကိုရီးယားပြည်သူများက သမ္မတပတ်ဂွန်ဟေးအား ရာထူးမှနုတ်ထွက်ပေးရန် တောင်းဆိုဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ဆန္ဒထုတ်ဖော်ပြည်သူ ၂၀၀၀၀ ခန့်က အောက်တိုဘာ ၂၉ ရက် ညပိုင်းအချိန်တွင် မြို့တော်ဆိုးလ်၏ မြို့လယ်ကောင်တွင်စုဝေးကာ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ထိုမှတစ်ဆင့် နိုင်ငံအနှံ့အပြားတွင် ဆန္ဒထုတ်ဖော်သူများ ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

သမ္မတ ပတ်ဂွန်ဟေးအနေဖြင့် ဖြစ်ပျက်ခဲ့သည့် ကိစ္စရပ်နှင့်ပတ်သတ်ပြီး မှန်ကန်စွာ ဖွင့်ဟဝန်ခံသင့်ကြောင်းနှင့် ယင်းကိစ္စတွင်ပါဝင်ပတ်သက်သည့် အပြစ်ရှိသူများအား ထိုက်သင့်သည့် ပြစ်ဒဏ်ချမှတ်သင့်ကြောင်း အတိုက်အခံပါတီ၏ လွှတ်တော်အမတ်တစ်ဦးက ၎င်း၏ ဆန္ဒကို ထုတ်ဖော်ပြောကြားခဲ့သည်။

သမ္မတအနေဖြင့် အစိုးရဝန်ထမ်းမဟုတ်သူ ၎င်း၏ သူငယ်ချင်းဟောင်းအား နိုင်ငံတော်၏ သတင်းအချက်အလက်များပေါက်ကြားသည်မှာ ယုံကြည်နိုင်ဖွယ်မရှိကြောင်း ဆန္ဒထုတ်ဖော်သူပြည်သူတစ်ဦးက ဆိုသည်။

အောက်တိုဘာ ၂၉ ရက်အစောပိုင်းတွင် နိုင်ငံတော်သတင်းပေါက်ကြားမှုနှင့် ပတ်သတ်ပြီး လွှတ်တော်အမတ်များဦးဆောင်ကာ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၏ နေအိမ်များကို ဝင်ရောက်ရှာဖွေခဲ့ကြောင်း သိရသည်။

သမ္မတ ပတ်ဂွန်ဟေးက ယင်းကိစ္စနှင့်ပတ်သက်ပြီး သူ၏အတွင်းရေးမှူးများကို အလုပ်တာဝန်များ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေကာ ဖြစ်ပေါ်နေသောအခြေအနေကို ထိန်းချုပ်ထားခဲ့သည်။ သို့သော် နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက သမ္မတအနေဖြင့် အခြေအနေကို ထိန်းချုပ်ရန် အနည်းငယ်ခဲယဉ်းနိုင်ဖွယ်ရှိကြောင်း သုံးသပ်ပြောဆိုကြသည်။ **အင်န်အိတ်ချ်ကေ။**

## နိုင်ငံတကာစခန်းယာဉ်မှ အာကာသယာဉ်မှူးသုံးဦး ဆိုယုဇ် အာကာသယာဉ်ဖြင့် ကမ္ဘာမြေပြင်သို့ ပြန်လည်ဆင်းသက်

**မော်စကို အောက်တိုဘာ ၃၀**

ရုရှားဆိုယုဇ်အာကာသယာဉ်သည် အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် ရုရှားနိုင်ငံတို့မှ အာကာသယာဉ်မှူး သုံးဦးကို တင်ဆောင်လျက် ကမ္ဘာမြေပြင်သို့ အောက်တိုဘာ ၃၀ ရက်တွင် ပြန်လည်ဆင်းသက်ခဲ့ကြောင်း ရုရှားသတင်းဌာနများက သတင်းထုတ်ပြန်သည်။

နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်တွင် ၁၁၅ ရက်ကြာမျှ တာဝန်ထမ်းဆောင်ခဲ့ကြသော ရုရှားဆိုယုဇ်ယာဉ်မှူး အနာတိုလီ အီဗန်နီရှင်၊ ဂျပန်ပုံသန်းရေးအင်ဂျင်နီယာ တာကူယာ အိုနိရှီနှင့် အမေရိကန်အာကာသအေဂျင်စီ(နာဆာ) အာကာသယာဉ်မှူး ကိတ်ရူဘင်တို့သည် ဆိုယုဇ် အမ်အက်စ်-၀၁ အာကာသယာဉ်နှင့်အတူ လိုက်ပါကာ ကမ္ဘာမြေပြင်သို့ ပြန်လည်ရောက်ရှိလာကြသည်။ ဆိုယုဇ်အာကာသယာဉ်သည် အာရှအလယ်ပိုင်း ကာဇက်စတန်နိုင်ငံရှိ စတက်မြက်ခင်းဒေသတွင် အောက်တိုဘာ ၃၀ ရက် နံနက် အစောပိုင်းက ဆင်းသက်ခဲ့သည်။

နိုင်ငံတကာအာကာသ စခန်းယာဉ်ပေါ်တွင် ရုရှားအာကာသယာဉ်မှူးနှစ်ဦးဖြစ်ကြသော အင်ဒရေ့ ဘောရစ်ဆန်ကိုနှင့် ဆာဂေးရီဇီကော့၊ နာဆာအာကာသယာဉ်မှူး ရောဘတ်ရှိန်းကင်ဘော့တို့ ဆက်လက်ရှိနေကြသည်။ ၎င်းတို့သည် နှစ်ရက်ကြာ အာကာသခရီးနှင်ခဲ့ပြီးနောက် အောက်တိုဘာ ၂၂ ရက်တွင် နိုင်ငံတကာ အာကာသစခန်းသို့ ရောက်ရှိခဲ့ကြသည်။ **ရိုက်တာ။**



# ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ (၂၅)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ (၂၅)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အသင်းကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာသံရုံးအသီးသီးမှ သံအမတ်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြသထားသောပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားတွင် သဘာပတိမြန်မာနိုင်ငံကုန်သည် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံကုန်သည် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကိုယ်စား နာယက ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် တာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များအတွက် အလှူငွေကျပ်သိန်း ၃၀၀ နှင့် အမေရိကန်ဒေါ်လာ ၁၂၀၀၀ ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်၌ လတ်တလောကာလအတွင်း အခက်အခဲများနှင့် ရင်ဆိုင်နေရသော ပြည်သူများအတွက် အလှူငွေကျပ် သိန်း ၆၀၀ နှင့် အမေရိကန်ဒေါ်လာ ၂၅၀၀၀ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လက်ခံရယူသည်။

ဆက်လက်၍ အာဆီယံစီးပွားရေးထူးချွန်ဆုရရှိသူ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်အား ကုန်သည်စက်မှုအသင်းချုပ်မှ ထပ်ဆင့်ဂုဏ်ပြုဆုကို ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နှစ်ပတ်လည် အစီရင်ခံစာအကျဉ်းချုပ်နှင့် ငွေစာရင်းရှင်းတမ်း၊ ပြည်ပ စာရင်းစစ်၏ အစီရင်ခံစာ၊ ကြိုတင်ပေးပို့ထားသော မေးခွန်းနှင့် အကြံပြုချက်များကို တာဝန်ရှိသူများက ဖတ်ကြားတင်သွင်းဖြေကြားကြသည်။

ထို့နောက် ၂၀၁၃-၂၀၁၆ ခုနှစ် သက်တမ်းအမှုဆောင်အဖွဲ့ နုတ်ထွက်ခြင်းနှင့် ၂၀၁၆-၂၀၁၉ခုနှစ် သက်တမ်းအတွက် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် အမှုဆောင်အဖွဲ့သစ်၏ အမည်စာရင်းကြေညာခြင်း၊ ၂၀၁၃-၂၀၁၆ ခုနှစ် စီမံခန့်ခွဲရေးကော်မတီမှ ၂၀၁၆-၂၀၁၉ ခုနှစ် စီမံခန့်ခွဲရေးကော်မတီသို့ လုပ်ငန်းတာဝန်လွှဲပြောင်းပေးအပ်ခြင်း စသည်တို့ကို ပြုလုပ်သည်။




ယင်းနောက် ၂၀၁၆-၂၀၁၉ ခုနှစ် မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ဆရာမောင်ဝံသ ဘာသာပြန်ဆိုသည့်ရှေ့နေကြီး ပယ်ရီမေဆင်နှင့် ခွေးအူသံအမှု စာအုပ်မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၀**

ဒေါင်းစာပေမှ ထုတ်ဝေသည့် ဆရာမောင်ဝံသဘာသာပြန်ဆိုရေးသားသော ရှေ့နေကြီး ပယ်ရီမေဆင်နှင့် ခွေးအူသံအမှု စာအုပ်ထုတ်ဝေခြင်း မိတ်ဆက်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၉ ရက်တွင် Orchid Hotel ၌ ကျင်းပသည်။



"ဒီပွဲက ဆရာမောင်ဝံသ ဘာသာပြန်ထားတဲ့ ရှေ့နေကြီး ပယ်ရီမေဆင်နဲ့ ခွေးအူသံအမှုစာအုပ်ကို ပြန်ထုတ်နေပါပြီဆိုတာ ပရိသတ်ကို အသိပေးခြင်းဖြစ်ပါတယ်။ စာပေပရိသတ်တွေရော ပယ်ရီမေဆင်ကို အရင်တုန်းက အားပေးခဲ့တဲ့ပရိသတ်တွေပါ သိအောင်လုပ်တာဖြစ်တယ်"ဟု ဆရာမောင်ဝံသ၏ သမီးကြီးဖြစ်သူ မထိုက်ထိုက်စိုးက ပြောသည်။

ပယ်ရီမေဆင်ဝတ္ထုများသည် ဥပဒေပညာပေးရေးမှုခင်းဆေးဘက်ဆိုင်ရာများကို တိတိကျကျလေ့လာရေးတို့နှင့် တရားစီရင်မှုမျှတမှန်ကန်ရေးအတွက် ယနေ့အထိ ကမ္ဘာတစ်ဝန်းလုံးတွင် ပြိုင်ဘက်မရှိသေးသော လက်ရာများဖြစ်ကြောင်း၊ ပယ်ရီမေဆင်ဝတ္ထုများတွင် သူ့နိုင်ငံ၊ သူ့ယဉ်ကျေးမှုအလျောက် အမေရိကန်အခြေခံဥပဒေကပေးထားသော လူ့အခွင့်အရေးများနှင့်ပတ်သက်၍ တိုင်းသူပြည်သားတို့၏ အခန်းကဏ္ဍနှင့် ဥပဒေကို ထိန်းသိမ်းရသော အစိုးရအရာရှိများ၏ အခန်းကဏ္ဍကို ပိုင်းပိုင်းခြားခြား ဗဟုသုတပေးထားချက်များပါရှိကြောင်း၊ အမေရိကန်စာရေးဆရာကြီး အားလ်စတင်လေဂဒ္ဒနာ၏ ပင်တိုင်ဇာတ်ကောင် ရှေ့နေကျော်ကြီး "ပယ်ရီမေဆင်"သည် မြန်မာစာဖတ်ပရိသတ်နှင့် အတော်အသင့်ရင်းနှီးကြောင်း၊ ပယ်ရီမေဆင်၏ဝတ္ထုများသည် သုတပညာပေးသက်သက်မျှမဟုတ်ဘဲ ဝတ္ထုဇာတ်လမ်းဇာတ်ကွက် အချိတ်အဆက်နှင့် အရေးအသားတင်ပြမှုပညာပိုင်းတွင်လည်း ရသမြောက်လှသည်ဖြစ်၍ အဆင့်အတန်းမြင့်သော ဝတ္ထုစာပေ စာရင်းဝင်ဖြစ်ကြောင်း ၁၉၆၇ ခုနှစ် အမျိုးသားစာပေဘာသာပြန်ဆုရ စာရေးဆရာခင်ကြီးအောင်က အမှာစာတွင် ထည့်သွင်းရေးသားထားသည်။

အဆိုပါစာအုပ်ကို ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်သကဲ့သို့ အမှတ် (၁၁၃)၊ (၃၃) လမ်းရှိ ဒေါင်းစာပေတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း၊ စာအုပ်တန်ဖိုးကို ငွေကျပ် ၃၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**(ယုဇန)**

■

# မြေငလျင်အကြောင်း သိကောင်းစရာနှင့် ငလျင်ဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေတို့နှင့်ပတ်သက်၍ ဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၃၀**

မြန်မာနိုင်ငံတွင် ငလျင်ဘေးအန္တရာယ်များ ကြုံတွေ့လာရပြီး ဖြစ်လာနိုင်ခြေရှိသော ငလျင်ဘေးအန္တရာယ်များအကြောင်း သိကောင်းစရာများနှင့် ငလျင်ဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေတို့နှင့် ပတ်သက်၍ ဆွေးနွေးဟောပြောပွဲတစ်ရပ်ကို အောက်တိုဘာ ၃၀ ရက်က ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ကျင်းပခဲ့သည်။

ယင်းအစီအစဉ်ကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ဘေးဒုက္ခစီမံခန့်ခွဲရေးဌာနမှ ဆောင်ရွက်လျက်ရှိသည့် Myanmar Consortium for Capacity Development on Disaster Management. စီမံချက်၏ Sharing Session on Earthquake Risk in Myanmar ကို ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံမြေငလျင်ကော်မတီအတွင်းရေးမှူး ဒေါက်တာ မျိုးသန့်က မြန်မာနိုင်ငံ၏ ငလျင်ဘေးအကြောင်း သိကောင်းစရာ (အထူးသဖြင့် ရန်ကုန်မြို့အကြောင်း)၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အတွင်းရေးမှူး ဦးစောထွေးဇော်က ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေအနေဖြင့် အထူးသဖြင့် လူနေထူထပ်၍ တိုက်တာများပြားသော ရန်ကုန်မြို့အကြောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဒါရိုက်တာ ဒေါ်စန်းစန်းမော်က မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ငလျင်ဘေးဆိုင်ရာ လျော့ပါးရေးလှုပ်ရှားမှုများနှင့် ကြိုတင်ပြင်ဆင်ထားမှုများအပေါ် ဆွေးနွေးပြောကြားခဲ့ကြသည်။

ငလျင်ပြတ်ရွေ့ကြောများပေါ်တွင် တည်ရှိနေသည့် မြန်မာနိုင်ငံအနေဖြင့် ငလျင်ဘေးဆိုင်ရာ အသိပညာဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့် သိရှိရန်လိုအပ်မည်ဖြစ်ပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ထားရန် လိုအပ်မည်ဟု ပညာရှင်များက တိုက်တွန်းသည်။ အထူးသဖြင့် စစ်ကိုင်းပြတ်ရွေ့ကြောကြောင့်ဖြစ်ပေါ်လာနိုင်သည့် ငလျင်များကြောင့် ထိခိုက်ဆုံးရှုံးမှု အများဆုံးဖြစ်နိုင်သော မြို့များတွင် ရန်ကုန်မြို့ပါဝင်နေပြီး ယင်းနှင့်ပတ်သက်၍လည်း အောက်တိုဘာ ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ငလျင်ဘေးနှင့်ပတ်သက်၍ ငလျင်ဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ ကြိုတင်စီမံချက်နှင့် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ မြို့တော်အဆင့် ကော်မတီကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဦးဆောင်ဖွဲ့စည်းသွားမည်ဟု အဆိုပါလွှတ်တော်အစည်းအဝေးတွင် ပြန်လည်ဖြေကြားခဲ့သည်။

ယင်းကော်မတီတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ ကျန်းမာရေး၊ မိုးလေဝသ၊ အုပ်ချုပ်ရေး စသည့် ဌာနဆိုင်ရာများနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ မြေငလျင်ကော်မတီ၊ နည်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံ ဘူမိဗေဒအသင်းတို့မှ ပညာရှင်များ၊ တာဝန်ရှိသူများပါဝင်ကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဦးဆောင်ဖွဲ့စည်းသွားမည်ဟု သိရသည်။ ယင်းကော်မတီအနေဖြင့် ရန်ကုန်မြို့ရှိ အဆောက်အအုံများ ငလျင်ဒဏ်ခံနိုင်ရည် ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး ဇုန်အလိုက် သတ်မှတ်ဆောင်ရွက်သွားမည်ဟု သိရသည်။ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ဘဏ္ဍာရေးဆိုင်ရာနှင့် နည်းပညာ အထောက်အပံ့များကို နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီများဖြင့် ဆောင်ရွက်နိုင်ရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**(ဆုနှင်းလှဲ့)**

### ❍ ကျောဖုံးမှ

MFF Youth - သုံးဂိုး

အား/ကာသိပ္ပံ(က) - နှစ်ဂိုး

ပွဲစဉ်(၂၉)အပြီးတွင် သုံးမှတ်အသာဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေသည့် အား/ကာသိပ္ပံအသင်းမှာ ယခုပွဲ သရေကျရုံဖြင့် ဖိုလ်စွဲမည်ဖြစ်သော်လည်း MFF Youth အသင်းက ဝင်းနိုင်ထွန်း၏ ဟက်ထရစ်ဂိုးဖြင့် အနိုင်ယူကာ ချန်ပီယံဆုရရှိသွားခဲ့သည်။ ယင်းနှစ်သင်းမှာ ၈၄ မှတ်စီ တူညီနေသော်လည်း ဂိုးကွာခြားချက်အသာဖြင့် MFF Youth အသင်းက ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။

အား/ကာသိပ္ပံ(က) အသင်းမှာ သရေကျရုံဖြင့် ဖိုလ်စွဲမည်ဖြစ်သော်လည်း နှစ်သင်းစလုံး အနိုင်ရရေးအတွက် တိုက်စစ်ဖွင့်ကစားခဲ့သည်။ ပွဲအစ ခြောက်မိနစ်တွင် ဝင်းနိုင်ထွန်းက MFF Youth အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သော်လည်း ၂၈ မိနစ်တွင် ညီညီဖြိုးက အား/ကာသိပ္ပံအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင်ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ၂၉ မိနစ်တွင် ဝင်းနိုင်ထွန်းက ဒုတိယဂိုးထပ်သွင်းသောကြောင့် ပထမပိုင်းအပြီးတွင် MFF Youth အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်လျက်ရှိသည်။

ဒုတိယပိုင်းတွင် MFF Youth အသင်းက အနိုင်ရလဒ်ကိုထိန်းရန် ကြိုးပမ်းခဲ့ရာ အား/ကာသိပ္ပံပြန်ဖိလာနိုင်ပြီး ၇၅ မိနစ်တွင် ကျော်မျိုးနိုင်က ဒုတိယချေပဂိုးသွင်းယူခဲ့သည်။ ချန်ပီယံဆုအတွက် မဖြစ်မနေနိုင်ပွဲရယူနိုင်ရန် လိုအပ်နေသည့် MFF Youth အသင်းသည် တိုက်စစ်အားပြန်မြှင့်လာပြီး ခြေစွမ်းပြနေသည့် ဝင်းနိုင်ထွန်းက ၈၃ မိနစ်တွင် အနိုင်ဂိုးနှင့် ဟက်ထရစ်ရစေမည့်ဂိုးတို့ကို သွင်းယူခဲ့သည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ဂိုးသွင်းအများဆုံးဆုရ သက်ဝေမိုး(မြဝတီ)အား ဆုတံဆိပ်နှင့် ကျပ်သုံးသိန်း၊ တတိယဆုရမြဝတီအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ကျပ် ၂၅ သိန်း၊ ဒုတိယဆုရ အား/ကာသိပ္ပံ(က) အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ကျပ်သိန်း ၅၀၊ ပထမဆုရ MFF Youth အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ကျပ်သိန်း ၁၀၀ နှင့် ချန်ပီယံဆုဖလားကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

# မောင်တောအရေး ဉာဏ်နှင့်ယှဉ်တွေး ဖြေရှင်းကြပါစို့

မြင့်ကျော် (ဇလွန်)

မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဖြစ်ပေါ်နေသော လတ်တလောအခြေအနေများအပေါ် ပြည်တွင်း/ပြည်ပ မီဒီယာများနှင့် လူမှုအဖွဲ့အစည်းများက ထင်မြင်ချက်၊ ယူဆချက် အမျိုးမျိုးဖြင့် ကောက်ချက်ချ ပြောဆို ဝေဖန်ရေးသားမှုများကို တွေ့မြင်ကြားသိနေရသည်။ ရှုထောင့်ပေါင်းစုံ အမြင်အမျိုးမျိုး အယူအဆ အသွယ်သွယ် ခံစားချက်များနှယ်၍ ပြောဆိုရေးသား ဝေဖန်မှုများသည် ဖြစ်ပေါ်နေသော ပြဿနာရပ်များကို ပြေလည်ငြိမ်းချမ်းစေခြင်းထက် ပိုမိုဆိုးရွားပြဿနာမီးစ ကြီးထွားစေသော အခြေအနေများကို တွန်းပို့ဖန်တီးရာ မရောက်ရေးမှာ အလွန်အရေးကြီးသော အခြေခံကျသည့်အချက်ဖြစ်သည်။ မောင်တောဒေသအကြမ်းဖက်ဖြစ်စဉ်များနှင့်ပတ်သက်၍ တရားဥပဒေအတိုင်း မှန်မှန်ကန်ကန် တရားနည်းလမ်းတကျ ဖြေရှင်းဆောင်ရွက်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အထူးအလေးအနက်ထား ထုတ်ဖော်ပြောကြားခဲ့သည်။

### အစီအစဉ်တကျလုပ်ကြံမှုများဖြစ်သည်မှာငြင်းမရ

တိုင်းပြည်အေးချမ်းတည်ငြိမ်ရေးတွင် တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသူနိုင်ငံသားများ ဥပဒေဘောင်အတွင်း နေထိုင်ခြင်းက အဓိကကျသောအကြောင်းတရားလည်းဖြစ်သည်။ မောင်တောဒေသတွင် ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများသည် ဒေသခံလူထုများအတွင်း ဖြစ်ပွားခဲ့သော ပြဿနာရပ် မဟုတ်ပါ။ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ လူမျိုးရေးကို အခြေခံပြီး ပေါ်ပေါက်လာသော ပြဿနာမျိုးလည်း မဟုတ်ဘဲ နိုင်ငံသူနိုင်ငံသားများကို ကာကွယ်စောင့်ရှောက်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ရည်ရွယ်ချက်ရှိရှိ ရက်ရက်စက်စက် ကျူးကျော်စီးနင်းတိုက်ခိုက်ခဲ့သော အစီအစဉ်တကျ လုပ်ကြံမှုများဖြစ်သည်မှာ ငြင်းမရသည့်အချက်များဖြစ်သည်။ မောင်တောအကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများသည် ဒေသတွင်း တည်ငြိမ်ရေးနှင့် လုံခြုံအေးချမ်းရေးကို ပျက်ပြားစေရန် အဓိကထား လုပ်ဆောင်ခြင်းဖြစ်ပြီး မင်းမဲ့စရိုက်ပြုမှုများကြောင့် ဒေသနေပြည်သူများ အထိတ်တလန့်ကြီးလန့်စာစားဖြစ်ပြီး ကိုယ့်ဒေသတွင် အေးချမ်းသာယာစွာ မနေနိုင်ဘဲ နေရပ်စွန့်ခွာရမှုများ ဖြစ်ပေါ်ခဲ့သည်။

မောင်တောခရိုင်အတွင်းရှိ စာသင်ကျောင်းပေါင်း ၄၀၂ ကျောင်းကိုလည်း ပိတ်ထားရ၍ ဒေသခံ ကလေးသူငယ်များ ပညာရေးနစ်နာမှုများ ဖြစ်ပေါ်နေရသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်အထိ စာသင်ကျောင်းပေါင်း ၄၀၂ ကျောင်းမှ စာသင်ကျောင်း ၅၀ ကိုသာ ပုံမှန်ပြန်လည်ဖွင့်လှစ် စာသင်ကြားမှုပြုလုပ်နိုင်သေးသည်။ ထို့ပြင် နောက်ဆက်တွဲကောလာဟလများကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ပြည်တွင်းတွင် မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးဆောင်ရွက်နေသော တပ်မတော်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အပေါ် ထင်ယောင်ထင်မှားဖြစ်ပေါ်စေသော သတင်းများ ပျံ့နှံ့လျက်ရှိနေသည်။

### ပဋိပက္ခများ ကိုင်တွယ်ဖြေရှင်းရေး

ရခိုင်ပြည်နယ် မောင်တောဒေသတွင်း အကြမ်းဖက်မှုဖြစ်စဉ်များသည် ပြည်သူတစ်ရပ်လုံး၏ စိုးရိမ်စိတ်ကို ဖြစ်ပေါ်စေသကဲ့သို့ တိုင်းပြည်အေးချမ်းတည်ငြိမ်ရေးကို ခြိမ်းခြောက်ရာလည်း ရောက်ပေသည်။ နိုင်ငံတကာသတ်မှတ်ချက်များအရ ယခုလို ပဋိပက္ခအကျပ်အတည်းတိုင်းတွင် များသောအားဖြင့် အဆင့်(၅)ဆင့်ရှိကြောင်း၊ အဆိုပါ အဆင့် (၅)ဆင့်မှာ

(က) ပဋိပက္ခဖြစ်ပြီလားဆိုခြင်းကို ဆန်းစစ်ခြင်း၊ အများအားဖြင့် ပဋိပက္ခတိုင်းတွင် သတိပေးသည့် လက္ခဏာများ အရင်လာတတ်ကြောင်း၊ ပဋိပက္ခမဖြစ်မီ တကယ့်ပဋိပက္ခတစ်ခုအဖြစ် မရောက်သွားမီ ထူးခြားသည့် လက္ခဏာများကို ဖော်ထုတ်ရန်၊

(ခ) ပဋိပက္ခများ မဖြစ်မီ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ခြင်း၊ ကြိုတင်ကာကွယ်မှု ပြုလုပ်ခြင်းသည် အစိုးရအဖွဲ့အစည်းများမှ အရေးပါသည့် လူထု (မီဒီယာ၊ ဝန်ကြီးဌာန၊ အရေးပါသည့် အဖွဲ့အစည်းများ)နှင့် ကောင်းမွန်သည့် ဆက်သွယ်မှုကို တည်ဆောက်ထားရန်၊ အကျပ်အတည်းများကို ကိုင်တွယ်ဖြေရှင်းသည့်အခါ ကြိုတင်စီမံမှု ပြုလုပ်ထားခြင်း၊

(ဂ) အကျပ်အတည်းတစ်ခု ပေါ်ပေါက်လာလျှင် မည်သို့ ဆက်သွယ်ဆောင်ရွက်မည်ဆိုသည်ကို စီမံထားရန်၊ ပြည်သူလူထုကို မည်သို့ဆက်သွယ်ပြီး ဆောင်ရွက်မည်ဆိုသည့် အစီအစဉ်များ ကြိုတင်စီမံထားရန်၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် လူထုကို သတင်းပေးခြင်း၊

### မည်သို့ထိန်းချုပ်မည်ဆိုသည့်အချက်

(ဃ) တကယ်တမ်း ပဋိပက္ခ အကျပ်အတည်းဖြစ်လာခဲ့လျှင် မည်သို့ထိန်းချုပ်မည်ဆိုသည့် အချက်ကို အမြန်ဆုံးရှာဖွေခြင်း၊ အကျပ်အတည်းကို တတ်နိုင်သမျှ အချိန်တိုအတွင်း ဖြေရှင်းနိုင်ရန်၊ အခြားနေရာများသို့ မပြန့်ပွားစေရန်၊ အမြန်ဆုံးပြီးဆုံးသွားစေရန် မည်သို့ထိန်းချုပ်မည်ကို စီစဉ်ဆောင်ရွက်ခြင်း၊

**တိုင်းပြည်အေးချမ်းတည်ငြိမ်ရေးတွင် တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသူနိုင်ငံသားများ ဥပဒေဘောင်အတွင်း နေထိုင်ခြင်းက အဓိကကျသော အကြောင်းတရားလည်းဖြစ်သည်။ မောင်တောဒေသတွင် ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများသည် ဒေသခံလူထုများအတွင်း ဖြစ်ပွားခဲ့သောပြဿနာရပ်မဟုတ်ပါ။ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ လူမျိုးရေးကိုအခြေခံပြီး ပေါ်ပေါက်လာသော ပြဿနာမျိုးလည်း မဟုတ်။**

(င) ပဋိပက္ခများ ပြီးဆုံးသွားသည့်အခါ ပြန်လည်ထူထောင်ရေး မည်သို့ပြုလုပ်မည်ဆိုသည်ကို ပြည်သူသို့ အသိပေးခြင်း၊ ပြည်သူလူထုကို အားလုံးပုံမှန်ပြန်ဖြစ်သွားပြီ၊ ကောင်းမွန်သွားပြီဆိုသည့်အချက်ကို သတင်းပေးပြီး လူထု၏ ယုံကြည်မှု ပြန်လည်တည်ဆောက်ရာတွင် မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်ခြင်း၊

မည်သည့် ပြဿနာပဋိပက္ခမဆို နိုင်ငံတော်အစိုးရအနေဖြင့် ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ကြရမည်သာဖြစ်သည်။ ထိုသို့ ဖြေရှင်းဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများကို အလေးအနက်ထား ကျင့်သုံးဖြေရှင်း ဆောင်ရွက်လျက်ရှိသည်။ မည်သည့်အရေးကိစ္စအကြောင်းပြချက်များဖြင့် နိုင်ငံတော်၏ ဥပဒေများ၊ အမိန့်ညွှန်ကြားချက်များအပေါ် လွှမ်းမိုးခြယ်လှယ်ချုပ်ကိုင်နိုင်ခွင့် မရှိစေရဆိုသော အချက်ကို ပြည်တွင်း/ပြည်ပ မီဒီယာများအပါအဝင် နိုင်ငံသားတိုင်း နားလည်သဘောပေါက်ရေးသည် ပဋိပက္ခတစ်ရပ်ကို ဖြေရှင်းရာတွင် အဓိကကျသော အခြေခံအကြောင်းတရားလည်းဖြစ်သည်။ မောင်တောဒေသ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် နိုင်ငံတော်အစိုးရအနေဖြင့် ချက်ချင်းလက်ငင်း ကူညီထောက်ပံ့မှုများ ပြည်ထောင်စုအဆင့်တာဝန်ရှိသူများက ဒေသခံလူမှုအဖွဲ့အစည်းနှင့် တွေ့ဆုံဆွေးနွေးမှုများကို အမြန်ဆုံးထောက်ပံ့ကူညီ ဆောင်ရွက်ပေးခဲ့သည်။

### မောင်တောဒေသ ပဋိပက္ခများနှင့် ဆက်စပ်ဖြစ်ပွားခဲ့မှုများ

၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများနှင့် ဆက်စပ်ဖြစ်ပွားခဲ့မှုများကို အကြမ်းဖျင်းအားဖြင့် အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

(က) ၂၀၁၂ ခုနှစ် မေ ၂၈ ရက်တွင် ကျောက်နီမော် ကျေးရွာတွင် မသီတာထွေး အတင်းအဓမ္မပြုကျင့် အသတ်ခံရမှုနှင့် နောက်ဆက်တွဲပြဿနာများကြောင့် လူ ၇၇ ဦး သေဆုံးပြီး ၁၀၉ ဦး ထိခိုက်ဒဏ်ရာရ၊ လူနေအိမ် ၄၈၂၂ လုံး၊ နှစ်ဖက်ဘာသာရေးအဆောက်အအုံ ၃၂ လုံးနှင့် စာသင်ကျောင်းသုံးကျောင်း မီးလောင်ပျက်စီးခဲ့သည်။ ဥပဒေမဲ့စွာ မင်းမဲ့စရိုက်ဖြင့် ပြစ်မှုကျူးလွန်သူများကို အရေးယူရန် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့ဝင် ၁၆ ဦးပါ စုံစမ်းရေးကော်မတီကို ၂၀၁၂ ခုနှစ် ဇွန် ၆ ရက်တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

(ခ) ၂၀၁၂ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် ပဋိပက္ခများ ထပ်မံဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၈၉ ဦး၊ ဒဏ်ရာရသူ ၁၃၆ ဦး၊ နေအိမ်မီးလောင်ပျက်စီးမှု ၅၃၅၁ လုံး၊ လူဦးရေ ၃၂၂၃၁ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ပေါ်ခဲ့ကြောင်း ၂၀၁၂ ခုနှစ်နိုဝင်ဘာ ၁ ရက်က သတင်းထုတ်ပြန်ချက် (၂/၂၀၁၂) ဖြင့် ထုတ်ပြန်ခဲ့သည်။

### ယာယီကယ်ဆယ်ရေးစခန်းငါးခု ဖွင့်လှစ်

(ဂ) ၂၀၁၃ ခုနှစ် မတ် ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မြို့မအရှေ့ပြင်ဈေးတွင် ရွှေရောင်းချမှုမှတစ်ဆင့် အချင်းများပြီး ပဋိပက္ခဖြစ်ပွားမှုကြောင့် သေဆုံးသူ ၄၀၊ ဒဏ်ရာရသူ ၃၉ ဦး၊ နေအိမ် ၁၅၂လုံး၊ မော်တော်ယာဉ်နှစ်စီး၊ ပညာရေးမှူးရုံးတစ်ရုံး၊ ဆိုင်ကယ်တစ်စီး၊ သုံးဘီးဆိုင်ကယ်နှစ်စီး၊ ဘာသာရေးအဆောက်အအုံ ၁၃ လုံးပျက်စီးခဲ့ကာ နိုင်ငံတော်အစိုးရအနေဖြင့် ယာယီကယ်ဆယ်ရေးစခန်းငါးခု ဖွင့်လှစ်၍ ဒုက္ခသည်ပေါင်း ၉၆၄၄ ဦးကို နေထိုင်စားသောက်မှုအဆင်ပြေစေရေးဆောင်ရွက်ပေးခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ လယ်ဝေးမြို့နယ် ရုံးပင်ရွာ၊ ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာနှင့် ရွှေဒါးသာစည်ကျေးရွာ၊ လားရှိုးမြို့တို့တွင်လည်း အလားတူ ပဋိပက္ခများဖြစ်ပွားခဲ့သည်။ မိတ္ထီလာအရေးအခင်းတွင် နေရာချထားမှု ကာလတစ်လျှောက် ပြန်လည်နေရာတည်ဆောက်ချထားမှုများ လုပ်ငန်းစဉ်တွင် နိုင်ငံတကာမှ နားလည်ကျွမ်းကျင်သော ပညာရှင်များနှင့် ကမ္ဘာ့ ကုလသမဂ္ဂဆိုင်ရာမှ တာဝန်ရှိသူများပင် လက်ရှိအဆိုပါ မိတ္ထီလာဒေသအတွင်းမှ ဒုက္ခရောက်ခဲ့ရသူများနှင့် ယနေ့တိုင်ပင် အမြဲတစေ ထိတွေ့ဆက်ဆံကူညီရေးများနှင့် အနာဂတ်ဘဝ ပြန်လည်ပျိုးထောင် ဖွံ့ဖြိုးရေးများအတွက် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ထိတွေ့ပူးပေါင်းဆောင်ရွက်နေသည်ကို မီဒီယာများက ဆွံ့အမနေသင့်သည်ကိုလည်း ပြောရပေမည်။

### ကောလာဟလသတင်းများ ထွက်ပေါ်ခဲ့

(ဃ) ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ဖြစ်ပွားခဲ့သည့် မောင်တောမြို့နယ် ဒုချီးရားတန်းကျေးရွာဖြစ်စဉ်သည် ခရေမြိုင်ရဲကင်းမှ ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်းနှင့်အဖွဲ့ နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် တစ်ဖက်နိုင်ငံရှိ RSO အဖွဲ့တွင် သင်တန်းတက်ရောက်ခဲ့သည့် ကေဖိုက်ဒုလာ (၂၃) နှစ် ဦးဆောင်သည့် ဘင်္ဂါလီလူအုပ်စု၏ တိုက်ခိုက်ခြင်းခံရ၍ လူအုပ်စုကွဲကာပျောက်ဆုံးသွားခဲ့ပြီး ၎င်း၏ သွေးစွန်းနေသည့် ယူနီဖောင်းအပိုင်းအစများ၊ ချပ်ဝတ်တန်ဆာ အပိုင်းအစများ၊ တောစီးဖိနပ်နှင့် M-22 ကျည်အိမ်အလွတ်တစ်ခုကို ဒုချီးရားတန်းကျေးရွာ ပတ်ဝန်းကျင်တစ်ဝိုက် အစ္စမိုင်ဗလီအနီးတွင် သိမ်းဆည်းရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းဖြစ်စဉ် ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ဇန်နဝါရီ ၁၄ ရက်က မူဆလင် ၄၈ ဦး သတ်ဖြတ်ခံရသည်ဟု ကောလာဟလသတင်းများ ထွက်ပေါ်ခဲ့သည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာန ရခိုင်ပြည်နယ်အစိုးရ ရခိုင်ပြည်နယ် ပဋိပက္ခစုံစမ်းရေးကော်မရှင်တို့ သွားရောက်စုံစမ်းစစ်ဆေးခဲ့ပြီး အစိုးရ၏ စုံစမ်းစစ်ဆေးမှုများအရ မူဆလင်များ သတ်ဖြတ်ခံရသည်ဆိုသည့်သတင်းများမှာ မဟုတ်မှန်ကြောင်း တာဝန်ရှိသူများက နိုင်ငံတကာအဖွဲ့အစည်းများသို့ ရှင်းလင်းပွဲပြုလုပ်ပေးခဲ့သည်။ ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဒုချီးရားတန်း အနောက်ရွာတွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၈ ရက် ညက မီးလောင်မှုဖြစ်ပွားခဲ့ပြီး နေအိမ် ၁၆ လုံး မီးထဲ ပါသွားခဲ့သည်။ ၎င်းမီးလောင်ကျွမ်းမှုသည် တစ်ရွာတည်းတွင် နေရာသုံးနေရာဖြစ်ပွားခဲ့ပြီး မတော်တဆလောင်ကျွမ်းမှုမဟုတ်ဘဲ ရည်ရွယ်ချက်ဖြင့် မီးရှို့သည့်ပုံစံဖြစ်ကြောင်း ရခိုင်ပြည်နယ် အစိုးရသတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်ထားသည်။ အဆိုပါ ဒုချီးရားတန်းရွာသည် ဘင်္ဂါလီရွာဖြစ်ပြီး မီးလောင်ကျွမ်းသည့်အချိန်၌ ရွာသားများအနေဖြင့် မီးငြိမ်းသတ်ခြင်းမရှိဘဲ ထွက်ပြေးရှောင်တိမ်းခဲ့ကြသည်။ ၎င်းအိမ်များသည် အိမ်အိုအိမ်ဟောင်းများသာဖြစ်ပြီး အိမ်ခေါင်မိုးပေါ်သို့ ကောက်ရိုးစည်းတင်ကာ ဓာတ်ဆီလောင်း မီးရှို့ခဲ့ကြောင်း မီးသတ်အစီရင်ခံစာတွင် ဖော်ပြထားသည်။

### ပဋိပက္ခဖြစ်ပွားခဲ့

(င) ၂၀၁၆ ခုနှစ် ဇွန် ၂၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် သရဲသမိန် စံပြကျေးရွာတွင် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင် ဖွင့်လှစ်နေထိုင်သူ ဒရှစ်ဆိုသူက ဆောက်လုပ်ရေးပစ္စည်းထားရှိရန် ဂိုဒေါင်ဆောက်လုပ်မှုနှင့်ပတ်သက်၍ ဒေသခံများက ဘာသာရေးအဆောက်အအုံ ဆောက်လုပ်နေသည်ဟု သံသယဖြစ်ခြင်း၊ ဦးဒရှစ်မှ လမ်းပေါ်ထွက်ပြီး "ဗမာတွေ" ဟု ဆဲရေးတိုင်းထွာရာမှ ပဋိပက္ခဖြစ်ပွားခဲ့ပါသည်။ အဆိုပါဖြစ်စဉ်ကြောင့် ဦးဒရှစ် နေအိမ်တစ်လုံး၊ ဗလီတစ်လုံး၊ ဂိုဒေါင်တစ်ခု၊ မူဆလင်သင်္ချိုင်းကွန်ကရစ်တိုင်သံဆူးကြိုးအကာတို့ ပျက်စီးခဲ့သည်။

(စ) ၂၀၁၆ ခုနှစ် ဇွန် ၃၀ ရက်တွင် ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာတွင် တရားဝင်ခွင့်ပြုချက်မရှိသော အစ္စလာမ် ယာယီဝတ်ပြုသည့် အဆောက်အအုံအား ဖျက်သိမ်းပေးရန် ညှိနှိုင်းထားသော်လည်း သတ်မှတ်ရက်တွင် ဖျက်သိမ်းပေးခြင်းမရှိသဖြင့် ဒေသခံအချို့မှ ဝတ်ပြုဆောင်၏ အမိုးသွပ်ပြားများ ထုရိုက်ဖျက်ဆီးခြင်း၊ ဝတ်ပြုဆောင်အတွင်းရှိ ကော်ဇောများကို စုပုံ၍ မီးရှို့ဖျက်ဆီးခြင်းများဖြစ်ပွားခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် အစ္စလာမ်ဝတ်ပြုဆောင်တစ်ခု ဆုံးရှုံးခဲ့သည်။

### အကြံပေးကော်မရှင်ဖွဲ့စည်းထုတ်ပြန်

(ဆ) ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ရခိုင်ပြည်နယ်၏ သိမ်မွေ့နက်နဲသည့် အရေးကိစ္စများကို ဖြေရှင်းနိုင်ရန်၊ ရေရှည်နည်းလမ်းကောင်းများကို ရှာဖွေသွားရန်နှင့် အကြံပြုပေးရန်အတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ဖွဲ့စည်းထုတ်ပြန်ခဲ့သည်။ ၎င်းကော်မရှင်တွင် အဖွဲ့ဝင်ကိုးဦးပါဝင်ပြီး ဥက္ကဋ္ဌမှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း နိုဘယ်လ်ဆုရှင် မစ္စတာကိုဖီအာနန် ဖြစ်သည်။ ၎င်းအဖွဲ့ကို ဘက်လိုက်မှုကင်းပြီး လူအများလေးစားသည့်၊ အတွေ့အကြုံရင့်ကျက်သည့်၊ ထင်ပေါ်ကျော်ကြားသည့် မြန်မာနိုင်ငံသား ပုဂ္ဂိုလ်ခြောက်ဦးနှင့် နိုင်ငံတကာမှ ပုဂ္ဂိုလ်သုံးဦးတို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ကိုဖီအာနန်အဖွဲ့တွင် ပါဝင်သူများမှာ ဘာသာစုံကိုးကွယ်နေကြသူများဖြစ်သည် အထူးသဖြင့် အစ္စလမ်ဘာသာရေးဆိုင်ရာ အကြီးအကဲများထဲမှ ဂုဏ်သရေရှိ ပညာတတ်ဖြစ်သူ ပါဝင်နေသည်ကို ထင်ရှားစွာ တွေ့နိုင်ကြမည်ဖြစ်ပါသည်

(ဇ) ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)၊ ကိုးတန်ကောက်ရဲကင်းစခန်းနှင့် ငါးခူရနယ်မြေရုံးများသို့ အကြမ်းဖက်သမားများက အလစ်အငိုက်ရယူ၍ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ကိုးဦးကျဆုံးပြီး လက်နက်မျိုးစုံ ၄၈ လက်၊ ကျည်မျိုးစုံ ၆၆၂၄ တောင့်၊ လှံစွပ် ၄၇ ချောင်း၊ ကျည်အိမ် ၁၆၄ ခု ဆုံးရှုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်ခုခံမှုကြောင့် အကြမ်းဖက်သမား ရှစ်ဦး၏အလောင်းများရရှိခဲ့ပြီး နှစ်ဦးအား အရှင်ဖမ်းမိခဲ့ကာ ယင်းတို့ထံမှ လုပ်သေနတ်ပစ္စတိုတစ်လက် ၎င်းကျည်နှစ်တောင့်နှင့် ကျည်အိမ်တစ်ခု သိမ်းဆည်းရမိခဲ့ကြောင်း နိုင်ငံတော်သမ္မတရုံးက သတင်းထုတ်ပြန်ချက် (၁/၂၀၁၆)ဖြင့်

စာမျက်နှာ ၇ သို့ »»

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ကျပ်သိန်း ၁၀၀၀ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၃၀**

ဂမုန်းပွင့်ကုမ္ပဏီ၏ (၂၁)နှစ်မြောက် နှစ်ပတ်လည်ဂမုန်းပွင့်(စံရိပ်ငြိမ်)ဖွင့်ပွဲ အထိမ်းအမှတ်အလှူငွေ ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရန်ကုန်-အင်းစိန်လမ်းရှိ ဂမုန်းပွင့်(စံရိပ်ငြိမ်)ပထမထပ်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်မြို့တော်ဝန်တို့ တက်ရောက်ကြသည်။



ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လိုအပ်သော ပညာရေးနှင့် လူမှုရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အလှူငွေကျပ်သိန်း ၁၀၀၀ ကို ဂမုန်းပွင့်ကုမ္ပဏီဥက္ကဋ္ဌ ဦးနေလင်းဦးက ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံသည်။

"ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ပညာသင်ထောက်ပံ့ကြေးပေးဖို့ ဆုံးဖြတ်ထားပါတယ်။ အခုလက်ခံရရှိတဲ့ အလှူငွေကျပ်သိန်း ၁၀၀၀ ကို ခိုင်မာတဲ့ငွေပဒေသာပင် စိုက်ထူပြီး ပညာသင်ထောက်ပံ့ကြေး ပေးအပ်သွားမှာပါ။ ဒီလိုပေးအပ်တဲ့နေရာမှာလည်း ပွင့်လင်းမြင်သာအောင် ဆောင်ရွက်သွားမှာပါ။ ဘယ်နှယောက်ကို ပညာသင်ထောက်ပံ့ကြေး ပေးတယ်။ ဘယ်သူတွေကတော့ ဘယ်ဘဏ်အကောင့်မှာ ရတယ်စသဖြင့် စာရင်းနဲ့တကွ စနစ်တကျ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တွေနဲ့ နိုင်ငံတကာက ဝင်ရောက်လာမယ့် စီးပွားရေးလုပ်ငန်းရှင်တွေရဲ့အားကို ပေါင်းစပ်ပြီး စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အစိုးရအနေနဲ့ စီးပွားရေးလုပ်ငန်းတွေကို ပါဝင်မှာမဟုတ်သလို ထိန်းချုပ်မှာလည်း မဟုတ်ပါဘူး။ ဒါပေမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ပြီး ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေနဲ့ ပေါင်းစပ်ဆောင်ရွက်မှသာ နိုင်ငံသူနိုင်ငံသားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေတိုးပွားပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံသူ နိုင်ငံသားအားလုံးကလည်း နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းကြပါ"ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားသည်။

ဆက်လက်ပြီး ရခိုင်ပြည်နယ်မှ ရွှေ့ပြောင်းဒုက္ခသည်များ၊ နိုင်ငံတော်အတွက် အသက်ပေးလှူသွားခဲ့သော တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ပံ့ပိုးကူညီရန်အတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို ဂမုန်းပွင့်ကုမ္ပဏီဥက္ကဋ္ဌက သီးခြားပေးအပ်လှူဒါန်းရာ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က လက်ခံသည်။

**သတင်း-အောင်ကျော်ဦး**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



မွန်ပြည်နယ် အမှတ်(၁၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လှိုင်မင်းထွန်း ကြီးကြပ်စီစဉ်မှုဖြင့် အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက အမှတ်(၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲမှူး သွင်ထူးဦးစီးသော အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား၊ မိသားစုဝင်များ စုစုပေါင်းအင်အား ၆၂ ဦးတို့က ကျိုက်မရောမြို့နယ် ပိန်းနဲကုန်းကျေးရွာ မော်လမြိုင်-ကျိုက်မရောကားလမ်းဘေးရှိ မဏ္ဍာလာဇေရုံကျောင်းတိုက်အတွင်းအပြင် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ချုံနွယ်များနှင့် ပေါင်းမြက်များကို ပူးပေါင်းရှင်းလင်းဆောင်ရွက်ကြစဉ်။ (ပြည်နယ်ရဲတပ်ဖွဲ့)

## ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာအုပ်စု တပ်ကြီးကုန်း ပေတရာကျေးရွာ တတိယအကြိမ် ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက တပ်ကြီးကုန်းကျေးရွာ ကျောင်းကြီးကျောင်းတိုက်၌ ကျင်းပခဲ့သည်။

ပေးအပ်ပွဲတွင် မြေငှားဂရန်ထုတ်ပေးနိုင်ရေး မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး သက်ဆိုင်ရာဌာနမှတာဝန်ရှိသူတို့က ကျေးရွာသူ ကျေးရွာသား ၂၆၂ ဦးတို့အား မြေငှားဂရန်များ အသီးသီးပေးအပ်ခဲ့သည်။ အဆိုပါပေးအပ်ပွဲသို့ မြို့နယ်တာဝန်ရှိသူများနှင့် ကျေးရွာသူ ကျေးရွာသား ၃၀၀ ခန့်တက်ရောက်ခဲ့ပြီး စုစုပေါင်းမြေ ၅၉ ဧက ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီး ခရီးသည်တင်ရေယာဉ်များ ဘေးအန္တရာယ်ကင်းရေးလုပ်ငန်းစဉ်များ ဆွေးနွေး

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ပုဂ္ဂလိက ရေယာဉ်များကြီးကြပ်ရေးကော်မတီ၊ တိုင်းဒေသကြီး ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၈ ရက်က ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများဌာနခွဲ (အထက်မြန်မာပြည်)ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဦးစိုးနိုင်(၂) နှင့်အဖွဲ့ဝင်များ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ပုဂ္ဂလိက ရေယာဉ်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များ တက်ရောက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ခရီးသည်တင်ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

## မြို့နယ်စာရေးဆရာအသင်းညီလာခံ အတွေ့အကြုံရှင်း

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စာရေးဆရာအသင်းမှ ဗဟိုစာရေးဆရာအသင်းညီလာခံအတွေ့အကြုံရှင်းလင်းခြင်းနှင့် မြို့နယ်မဂ္ဂဇင်းထုတ်ဝေနိုင်ရေး အလှူငွေများပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် အင်းစိန်မြို့နယ် စုပေါင်းရုံးကြီးဝင်းအတွင်းရှိ မြန်မာနိုင်ငံစာရေးဆရာအသင်း (အင်းစိန်မြို့နယ်) ရုံးခန်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့်-မှူခင်း)က ဗဟိုညီလာခံကိုယ်စားလှယ် မြို့နယ်စာရေးဆရာများအား ညီလာခံအတွေ့အကြုံများကို ရှင်းလင်းပြောကြားကာ မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး) က "မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး ယနေ့စာပေသည် မနက်ဖြန်အတွက် သမိုင်းဖြစ်သည်။ သမိုင်းပျောက်က လူမျိုးပျောက်မည်ဆိုသည့် ပညာရှင်များ၏ အဆိုအမိန့်အရ တိုင်းပြည်နှင့်လူမျိုး သမိုင်းကြောင်း မပျောက်ရေးအတွက် မှတ်တမ်းတင်ပေးမည့် မဂ္ဂဇင်းစာအုပ်ပေါ်ထွန်းရေး၊ နိုင်ငံတော်တည်ဆောက်ရေးတွင် စာပေသည် စတုတ္ထမဏ္ဍိုင်အဖြစ် မှန်ကန်စွာရပ်တည်နိုင်ရေးအတွက်" လှူဒါန်းရခြင်းဖြစ်ကြောင်း မုဒိတာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်သိန်း (တက္ကသိုလ် မြမဥ္ဇူ)က အလှူငွေကျပ်သုံးသိန်းနှင့် အခြားအလှူရှင်ငါးဦးတို့က စုစုပေါင်းလှူဒါန်းငွေ ကျပ် ၁၁ သိန်းကျော်ကို မြို့နယ်မဂ္ဂဇင်းထုတ်ဝေရေးအတွက် ပေးအပ်လှူဒါန်းခဲ့ကြရာ တာဝန်ရှိသူတို့က လက်ခံရယူခဲ့ကြကြောင်းသိရသည်။ **ဉာဏ်ဟိန်း(အင်းစိန်)**

»» စာမျက်နှာ ၆ မှ

၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက် စာရင်းများအရ ဖမ်းဆီးရမိသော အကြမ်းဖက်သမား ၅၅ ဦး၊ အသေဖမ်းဆီးရမိ ၃၃ ဦးရှိပြီး သေမှုသေခင်းဖြင့် အမှုဖွင့် ခုနစ်ဦး၊ ရာဇသတ်ကြီး/အထူးအထွေထွေ ရာဇဝတ်မှု ၂၀ နှင့် စိစစ်ဆဲ ၂၈ ဦးဖြစ်ကြောင်း၊ တပ်မတော်သား ငါးဦးကျဆုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကိုးဦးကျဆုံးပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မှိုခို ခြောက်ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

### မောင်တောဒေသအခြေအနေအပေါ် သုံးသပ်ခြင်း

ဘူးသီးတောင်၊ မောင်တောဒေသတွင်းမှာ ရပ်ကွက်ပေါင်း ၁၈ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၂၀၄ စု၊ ကျေးရွာပေါင်း ၉၀၅ ရွာရှိပြီး ကျေးရွာပေါင်း ၉၀၅ ရွာတွင် ရခိုင်တိုင်းရင်းသားကျေးရွာ ၃၄၉ ရွာ၊ ဘင်္ဂါလီကျေးရွာ ၅၃၆ ရွာဖြစ်ကြောင်း၊ တိုင်းရင်းသား ဘင်္ဂါလီ အတူပူးတွဲပြီးနေထိုင်သည့်ကျေးရွာ ၂၀ ရှိကြောင်း၊ ပြည်ထဲရေးဝန်ကြီး ဌာနက ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ မောင်တောဒေသတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် အိုးအိမ်စွန့်ခွာလာကြသော မောင်တောဒေသမှ ပြည်သူများကို ယာယီစောင့်ရှောက်ပေးမှုများ ဆောင်ရွက်ထားရသည်။ မောင်တောမြို့တွင် အလိုတော်ပြည့်ပရဟိတ ဘုန်းတော်ကြီးကျောင်းနှင့် မြို့နယ်သာသနာ့ဗိမာန်တော်မွေ့ရုံ၌ အိမ်ထောင်စု ၂၂ စု၊ လူဦးရေ ၆၂ ဦး၊ ဘူးသီးတောင် အထက(ခွဲ)(၁)တွင် အိမ်ထောင်စု ၉၈ စု၊ လူဦးရေ ၂၅၈ ဦး၊ စစ်တွေ ဓညဝတီ အားကစားကွင်းနှင့် ရတနာ့ဗိမာန်ကျောင်းတိုက်တွင် အိမ်ထောင်စု ၃၃၄ စု၊ လူဦးရေ ၁၀၉၃ ဦး နယ်မြေစွန့်ခွာရောက်ရှိနေကြသဖြင့် စုစုပေါင်း အိမ်ထောင်စု ၄၅၄ စု၊ လူဦးရေ ၁၄၁၃ ဦးအား နိုင်ငံတော်အစိုးရက လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

### ကောလာဟလသတင်းများဖြင့် လုပ်ကြံဖန်တီး

အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ရရှိသွားသော လက်နက်ခဲယမ်းများအားလုံး ပြန်လည်မရရှိသေးခြင်း၊ အကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်သူများအား တရားဥပဒေအရ ထိရောက်စွာအရေးမယူနိုင်သေးခြင်း၊ အကြမ်းဖက်မှုလုပ်ငန်းများဖြစ်ပေါ်စေရေးဖန်တီးသည့် အဖွဲ့အစည်းကွင်းဆက်များကို အချိန်တိုအတွင်း မဖော်ထုတ်နိုင်သေးခြင်းနှင့် ကောလာဟလသတင်းများဖြင့် ပြည်သူများနှင့် နိုင်ငံတကာက အထင်မှားစေရန် လုပ်ကြံဖန်တီး ရေးသားဖော်ပြနေသော မီဒီယာအချို့ကြောင့် မောင်တောဒေသ၏ တည်ငြိမ်အေးချမ်းမှုနှင့် ဒေသခံပြည်သူလူထု၏ ပုံမှန်ဘဝလည်ပတ်မှုပုံစံ ပြန်လည်ရရှိရေးအတွက် ကြီးမားသောအတားအဆီးများဖြစ်နေသည်ကို နားလည်သဘောပေါက်ကြရမည်ဖြစ်သည်။ မောင်တောဒေသဖြစ်စဉ်များသည် ရေရှည်ဖြေရှင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် အစိုးရနှင့်ပူးပေါင်းလက်တွဲပြီး ဥပဒေဘောင်အတွင်းက သတိတရားဖြင့် စနစ်တကျဖြေရှင်းဆောင်ရွက်ရမည့် အခြေအနေဖြစ်ပေသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်၌ ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည်မဟုတ်ကြောင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မြို့နယ် ၃၇ မြို့နယ်အတွင်း ကျေးရွာ/အုပ်စုရှိ မဲဆန္ဒနယ် ၄၅၃ ခုတို့တွင် ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲမပြုလုပ်နိုင်ခဲ့သော်လည်း ရခိုင်ပြည်နယ်တစ်ခုလုံးရှိ မဲဆန္ဒနယ်အားလုံးတွင် ရွေးကောက်ပွဲများ ကျင်းပနိုင်ခဲ့သည်။ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးသည် ယင်းဒေသအတွက် အနာဂတ်ပန်းများ ပွင့်လန်းစေရန် အထောက်အပံ့ကောင်းများလည်းဖြစ်သည်။ လူထုအသိုက်အဝန်းများအတွင်း အပြန်အလှန်ယုံကြည်စွာ ဆက်ဆံရေးရှိမှသာ ရေရှည်ရပ်တည်နိုင်သော အကြောင်းတရားဖြစ်သည်။ မောင်တောဖြစ်စဉ်သည် အချိန်ကြာမြင့်စွာ ဖြစ်ပေါ်ခဲ့သောအကြောင်းတရားများကို အခြေပြုကာ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဒေသခံပြည်သူလူထု လုံခြုံမှုအပြည့်အဝရှိပြီး အေးချမ်းစွာနေထိုင်လုပ်ကိုင် စားသောက်နိုင်ရန် အစီအမံများ ချမှတ်ဖော်ဆောင်ရပါမည်။ နယ်ခြားမှ လူအဝင်/အထွက်များကို မပြတ်စစ်ဆေး ကြပ်မတ်ဆောင်ရွက်ရပါမည်။

### အမြန်ဆုံးတင်ပြမှုများ လုပ်ဆောင်သင့်

မောင်တောဒေသရှိ ကျေးရွာများအားလုံး လုံခြုံရေးရှိစေရေး အဓိကထားဆောင်ရွက်သင့်ပါသည်။ မောင်တောဒေသအရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာမီဒီယာအချို့နှင့် ပြည်တွင်းမီဒီယာအချို့သည် လတ်တလောဖြစ်စဉ်အနည်းငယ်နှင့် နိုဝင်ဘာ ၉ ရက်နေ့ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်မတိုင်မီ အခြေအနေများကို ရောထွေးပြီး နိုင်ငံတော်အစိုးရအပေါ် ထင်ယောင်ထင်မှားဖြစ်စေသော သတင်းထုတ်လွှင့်ဖော်ပြမှုများ ဖော်ပြနေသည်ကို တွေ့ရှိနေရသည်။ အချို့သော မီဒီယာနယ်ပယ်မှ ပုဂ္ဂိုလ်များကလည်း ကိုယ်တိုင် အတိအကျမသိသော သတင်းအချက်အလက်များပေါ်တွင် စိတ်ခံစားမှုအခြေပြု သုံးသပ်ပြောဆိုရေးသားဖော်ပြမှုများဖြင့် နိုင်ငံတော်အစိုးရ၏ ဖြေရှင်းဆောင်ရွက်ချက်များကို နှောင့်နှေးစေရန် အထင်မှားအမြင်မှားဖြစ်စေရန် ပြောဆိုရေးသားမှုများ အင်တာနက်စာမျက်နှာများပေါ်တွင် တွေ့မြင်နေရသည်။ အဆိုပါ ပြည်တွင်း/ပြည်ပမီဒီယာများ၏ မှန်းဆထုတ်ပြန်ရေးသားမှုများအပေါ် မည်ကဲ့သို့ သတင်းရယူရေးသားဖော်ပြနေသည်ကို မီဒီယာများမှ မေးမြန်းမှုများပြုလုပ်၍ နိုင်ငံတကာနှင့် ပြည်တွင်းမှ ပြည်သူများ ပကတိအခြေအနေမှန်သိရှိစေရန် အမြန်ဆုံးတင်ပြမှုများ လုပ်ဆောင်သင့်ပါသည်။

### လုပ်ကြံဖန်တီးထားသော သတင်းများ၏ သားကောင်မဖြစ်စေရေး

တည်ငြိမ်မှု၊ အေးချမ်းသာယာမှုကို ပျက်ပြားစေသော မင်းမဲ့စရိုက် အကြမ်းဖက်အပြုအမူများသည် ဥပဒေမဲ့ဆောင်ရွက်ချက်များဖြစ်သဖြင့် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် အမြန်ဆုံးအရေးယူဖြေရှင်းဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည်ကို နိုင်ငံသူ နိုင်ငံသားအားလုံး နားလည်လက်ခံသဘောပေါက်ပြီး မီဒီယာများကလည်း အမှန်သတင်းကို တင်ပြကာ ပုံကြီးချဲ့လုပ်ကြံသတင်းများဖြင့် တိုင်းပြည် အေးချမ်းသာယာမှုကို ထိပါးပျက်ပြားစေသည့် သတင်းများဖြင့် ထိုးနှက်တိုက်ခိုက်မှုများ မပြုလုပ်ကြရန်မှာ အထူးအရေးကြီးပါကြောင်းနှင့် လုပ်ကြံဖန်တီးထားသော သတင်းများ၏ သားကောင်မဖြစ်စေရေး မောင်တောဒေသ၏ ပကတိအခြေအနေမှန်ကို အမြန်ဆုံး၊ အမှန်ဆုံး ထုတ်ပြန်နိုင်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ပြီး နိုင်ငံတော်အစိုးရ၏လုပ်ငန်းစဉ်များကို ပူးပေါင်းကူညီရေးသည် အလွန်အရေးကြီးသော ဉာဏ်နှင့်ယှဉ်တွေးသည့် ဖြေရှင်းကြသည့် နည်းလမ်းကောင်းဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။ ။

**ကျီးကန်းပြင်ဌာနချုပ်အနီးမှာရှိတဲ့ ဝါးပိတ်ကျေးရွာဟာ အစ္စလာမ်ဘာသာဝင်တွေနေကြပြီး တချို့ အကြမ်းဖက်မှုဖြစ်စဉ်မှာ ပါဝင်တယ်။ သူတို့ကိုယ်တိုင် ကိုယ့်ရွာကိုလည်း မီးရှို့ထားပြီး တပ်မတော်နဲ့ ရဲတပ်ဖွဲ့က မီးရှို့ထားသယောင် ဖန်တီးထားတယ်လို့ စုံစမ်းရေးကော်မတီဥက္ကဋ္ဌက ပြောပါတယ်။**



မောင်တောမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်စောင့်ကြပ်နေစဉ်။

**✻ ရွှေဖုံးမှ**

အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုကို စုံစမ်းလေ့လာဖို့အတွက်လည်း ရခိုင်ပြည်နယ်လွှတ်တော်ကနေ အောက်တိုဘာ ၂၄ ရက်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးပါဝင်တဲ့ စုံစမ်းရေးကော်မတီကိုဖွဲ့စည်းခဲ့တယ်လို့ စုံစမ်းရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းက ပြောပါတယ်။

"ပထမအချက်က အကြမ်းဖက်မှုကနေ ကြောက်ရွံ့ထိတ်လန့်ပြီး နေရပ်စွန့်ခွာထွက်ပြေးလာသူတွေကို မောင်တော၊ စစ်တွေ၊ ဘူးသီးတောင်မြို့နယ်တွေမှာ တွေ့ရတယ်။ နေရပ်ပြန်ဖို့ အခက်အခဲရှိနေကြတယ်။ စိုးရိမ်ကြောင့်ကြမှုများနေကြတယ်။ အကြမ်းဖက်သူတွေလက်ထဲမှာ သေနတ်တွေပါသွားတဲ့အတွက် ကိုယ့်နေရာ ကိုယ့်ဒေသကို ပြန်ဖို့အတော်လေးစိုးရိမ်နေကြတယ်"ဟု စုံစမ်းရေးကော်မတီဥက္ကဋ္ဌက ပြောပါတယ်။

**လုံခြုံရေး တိုးမြှင့်ချ**

အကြမ်းဖက်မှုဖြစ်ပွားပြီးနောက်ပိုင်း အကြမ်းဖက်သူတွေကို ဖမ်းဆီးရမိဖို့နဲ့ ပါသွားတဲ့လက်နက်တွေ ပြန်ရဖို့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေက အပူတပြင်း ဆောင်ရွက်နေပြီး ကျေးရွာတွေမှာလည်း လုံခြုံရေးကို ယခင်ကထက် တိုးမြှင့်ချထားတယ်လို့ တာဝန်ရှိသူတွေထံမှ သိရပါတယ်။



တောင်ပြိုလက်ဝဲမြို့ရှိ နယ်စပ်ခြံစည်းရိုးကို တွေ့ရစဉ်။

အောက်တိုဘာ ၂၈ ရက်က မောင်တောမြို့နယ်ရှိ ကျေးရွာများမှ ဒေသခံများနဲ့တွေ့ဆုံရာမှာ ရဲမှူးချုပ်သူရစန်းလွင်က "ကိုယ့်ရွာကို ကာကွယ်ဖို့ သင်တန်းတွေပေးသွားမယ်။ ဥပဒေနဲ့အညီ နိုင်ငံတကာစည်းမျဉ်းနဲ့အညီ သင်ကြားပေးသွားမယ်။ လက်နက်ကိုင်ပြီး လုပ်ချင်တိုင်းတော့ လုပ်လို့မရဘူး"လို့ ပြောပါတယ်။

ဒေသအခြေအနေကို ကျီးကန်းပြင် ဌာနချုပ် သွားရာလမ်းရှိ လောင်းလုံရွာမှ ဒေါ်အေးအေးခိုင်က "အကြမ်းဖက်မှုကြောင့် ပြေးလည်း မပြေးဘူး။ ပြေးဖို့အတွက် ပိုက်ဆံလည်းမရှိဘူး။ ကြောက်ကြောက်နဲ့ပဲနေရတယ်။ အနီးအနားမှာရှိတဲ့ ဘာသာခြားရွာတွေမှာ ယောကျ်ားတွေ မရှိကြဘူး။ မိန်းမနဲ့ ကလေးတွေပဲရှိကြတယ်။ ယောကျ်ားတွေက သဲချောင်းဘက်သွားကြတယ်"ဟုပြောပါတယ်။

**စာသင်ကျောင်းတချို့ ပြန်လည်ဖွင့်လှစ်နိုင်**

လက်ရှိအချိန်မှာ အကြမ်းဖက်မှုဖြစ်ပွားရာဒေသတွေက စာသင်ကျောင်းတချို့ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သော်လည်း စာသင်ကျောင်းအများစုက ပိတ်ထားရဆဲဖြစ်တယ်လို့ ဒေသခံတွေထံမှ သိရပါတယ်။

အကြမ်းဖက်မှုဖြစ်ပွားစဉ်အခါက အကြမ်းဖက်သူတွေကို ဖမ်းဆီးအရေးယူဖို့အတွက် ရဲတပ်ဖွဲ့နဲ့ တပ်မတော်တပ်ဖွဲ့ဝင်တွေ သွားရာလမ်းတစ်လျှောက်မှာ သစ်ပင်ကြီးတွေကို ခုတ်လှဲပြီး သူတို့နောက် လိုက်လို့မရအောင် ဆောင်ရွက်ထားခဲ့တယ်လို့ ဒေသခံတွေထံမှ သိရပါတယ်။

စုံစမ်းရေးကော်မတီ သွားရောက်စစ်ဆေးတဲ့အခါ ဖြစ်စဉ်ဖြစ်ပွားရာ သွားရာလမ်းတစ်လျှောက်မှာတော့ အစ္စလာမ်ဘာသာဝင်တွေနေတဲ့ ကျေးရွာတွေမှာရှိတဲ့ နေအိမ်တွေမှာ အမျိုးသမီးတွေနဲ့ ကလေးတွေပဲ တွေ့ရပြီး ယောကျ်ားသားတွေကို မတွေ့ရဘူးလို့ပြောပါတယ်။ နောက်ပြီး မနက်နဲ့ နေ့ခင်းပိုင်းတွေမှာ လူမရှိဘဲ ညနေစောင်းမှ ရောက်လာတယ်"ဟု စုံစမ်းရေးကော်မတီဥက္ကဋ္ဌက ပြောပါတယ်။

**ကျီးကန်းပြင်ဌာနချုပ်အနီးမှာရှိတဲ့ ဝါးပိတ်ကျေးရွာဟာ အစ္စလာမ်ဘာသာဝင်တွေနေကြပြီး တချို့ အကြမ်းဖက်မှုဖြစ်စဉ်မှာ ပါဝင်တယ်။ သူတို့ကိုယ်တိုင် ကိုယ့်ရွာကိုလည်း မီးရှို့ထားပြီး တပ်မတော်နဲ့ ရဲတပ်ဖွဲ့က မီးရှို့ထားသယောင် ဖန်တီးထားတယ်လို့ စုံစမ်းရေးကော်မတီဥက္ကဋ္ဌက ပြောပါတယ်။**

မောင်တောမြို့နယ် ကျေးရွာများမှ ဒေသခံများနှင့် တွေ့ဆုံစဉ် ရဲမှူးချုပ်သူရစန်းလွင်က "တပ်မတော်၊ ရဲတပ်ဖွဲ့ဝင်တွေဟာ တပ်ကချမှတ်ထားတဲ့ ဥပဒေကို လိုက်နာရသလို အရပ်ဘက်ဥပဒေကိုလည်း လိုက်နာရပါတယ်။ လက်နက်ကိုင်ထားသော်လည်း လုပ်ချင်သလို လုပ်လို့မရပါဘူး။ ဥပဒေမဲ့ပြုမူလုပ်ကိုင်ရင် ဥပဒေနဲ့အညီ အရေးယူပါတယ်"ဟု ပြောပါတယ်။

**ရေရှည်စီမံကိန်းနဲ့လုပ်ပြီး ဝင်စီးခဲ့တယ်ဆိုတဲ့သဘော**

"အကြမ်းဖက်မှုဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်က ဘာကို ဖော်ပြသလဲဆိုရင် ရည်မှန်းချက်ရှိရှိနဲ့ လုပ်ခဲ့တယ်ဆိုတာ ဖော်ပြနေတယ်။ ရေရှည်စီမံကိန်းနဲ့လုပ်ပြီး တစ်ပြိုင်နက်တည်း ဌာနချုပ်စခန်းတွေ ဝင်စီးခဲ့တယ်ဆိုတဲ့သဘောရှိတယ်"ဟု စုံစမ်းရေးကော်မတီဥက္ကဋ္ဌက ပြောပါတယ်။

အကြမ်းဖက်သမားတွေရဲ့နောက်ကွယ်မှာ RSO တွေနဲ့ ဆက်စပ်နေတယ်။ ပြည်ပထောက်ပံ့မှုတွေ ရှိနေတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ဆက်စပ်နေတယ်။ သူတို့မှာ ရည်ရွယ်ချက်ရှိတယ်။ ရိုဟင်ဂျာဆိုတဲ့ လူမျိုးတစ်မျိုးကို ဖန်တီးမယ်။ ရိုဟင်ဂျာနယ်မြေတစ်ခု ဖန်တီးမယ်။ ခေတ်အဆက်ဆက်ကလည်း ကြိုးပမ်းခဲ့တယ်။ ရိုဟင်ဂျာဆိုတဲ့ အသိုင်းအဝိုင်းကို မြန်မာနိုင်ငံက အသိအမှတ်မပြုခဲ့လို့ တိုက်ခိုက်ရေးဘက်ကို ဦးတည်လာတာဖြစ်တယ်လို့ စုံစမ်းရေးကော်မတီဥက္ကဋ္ဌက ပြောပါတယ်။

**ဝင်စီးတယ်ဆိုတာ နိုင်ငံတော်ကို ပုန်ကန်တာ**

"အခုဖြစ်တဲ့ပြဿနာက ဒီဒေသမှာရှိတဲ့ လူ့အဖွဲ့အစည်းနှစ်ခု ပြဿနာမဟုတ်ဘူး။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးလာတဲ့လုပ်ရပ်ဖြစ်တယ်။ ဌာနချုပ်ကို ဝင်စီးတယ်ဆိုတာ နိုင်ငံတော်ကို ပုန်ကန်တာပဲ"ဟု စုံစမ်းရေးကော်မတီဥက္ကဋ္ဌက ဆိုပါတယ်။

ကျီးကန်းပြင်ဌာနချုပ်အနီးမှာ အိမ်ခြေ ၅၀ လောက်ရှိတဲ့ အစ္စလာမ်ဘာသာဝင်တွေနေတဲ့ ဝါးပိတ်ကျေးရွာကို လေ့လာရာမှာ နေထိုင်သူတွေမရှိတော့ဘဲ အိုးခွက်ပန်းကန်တွေနဲ့ခေါင်းတွေကို ယူဆောင်သွားတာဟာ အကြံအစည်ရှိနေပြီး ဌာနချုပ်မှ မီးရှို့သလိုမျိုးဖန်တီးထားပြီး ဝါဒဖြန့်နေကြောင်း စုံစမ်းရေးကော်မတီဥက္ကဋ္ဌက ပြောပါတယ်။

**ဒေသခံတိုင်းရင်းသားကျေးရွာတွေ တည်မြဲဖို့ဆိုတာ လုံခြုံရေးက အဓိကပါ။ လုံခြုံရေးမရှိရင် ဒေသခံတိုင်းရင်းသားတွေ နေထိုင်ဖို့ မတည်မြဲနိုင်ဘူး။ တချို့ တိုင်းရင်းသားရွာတွေက ဘာသာခြားတွေနေတဲ့ ရွာတွေကြားမှာရှိနေတယ်။ တိုင်းရင်းသားတွေရှိတဲ့ ရွာတွေကို လုံခြုံရေးအင်အား ဖြည့်တင်းပေးဖို့တော့ လိုတယ်။ ကျေးရွာတွေကိုလည်း မကြာခဏကင်းလှည့်ပေးဖို့လိုတယ်"ဟု စုံစမ်းရေးကော်မတီဥက္ကဋ္ဌက ပြောပါတယ်။**

"အနောက်တံခါးလုံခြုံရေးက သံဆူးကြိုးကာရုံနဲ့ မပြီးဘူး။ ကာထားတဲ့ သံဆူးကြိုးက ပလာယာတစ်ချောင်းရှိရင် ဖြတ်ပြီးဝင်လို့ရတဲ့အနေအထားမှာရှိတယ်။ အုတ်တံတိုင်းကာဖို့ လိုအပ်တယ်။ နယ်ခြားစောင့်ရဲတပ်ဖွဲ့ကိုလည်း စွမ်းရည်မြှင့်တင်ပေးဖို့လိုတယ်။ ရခိုင်ကျေးရွာတွေကိုလည်း လုံခြုံရေးတပ်ဖွဲ့တွေ ဖွဲ့ပေးဖို့လိုတယ်။ လက်နက်တပ်ဆင်ပေးဖို့လိုတယ်။ တိုင်းရင်းသားကျေးရွာတွေ ရေရှည်တည်မြဲဖို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေ လုပ်နိုင်ဖို့ အစိုးရကဖန်တီးပေးဖို့လိုပါတယ်"လို့ စုံစမ်းရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းက ပြောပါတယ်။

**လေ့လာတွေ့ရှိချက် အစီရင်ခံစာပြုစု**

စုံစမ်းရေးကော်မတီအနေနဲ့ လေ့လာတွေ့ရှိချက်တွေကို နှစ်ပတ်အတွင်း အစီရင်ခံစာပြုစုပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအဆင့်ထိ တင်ပြသွားမှာဖြစ်ပြီး စုံစမ်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များသည် ဒီဇင်ဘာ ၃၀ ရက်တွင် ပြီးစီးသွားမှာဖြစ်ကြောင်း စုံစမ်းရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းက ပြောပါတယ်။

အကြမ်းဖက်မှုဖြစ်ပွားလို့ ဒေသခံတွေ စိုးရိမ်မှုကြောင့် နေရပ်စွန့်ခွာထွက်ပြေးသွားပေမယ့် ရခိုင်တိုင်းရင်းသားတွေ၊ ဟိန္ဒူဘာသာဝင်တွေ၊ အစ္စလာမ်ဘာသာဝင်တွေနေတဲ့ မောင်တောခရိုင်အတွင်းမှာရှိတဲ့ ကြိမ်ချောင်းကျေးရွာမှာ ဘာပြဿနာမှမရှိဘဲ သူတို့ကျေးရွာက အေးအေးချမ်းချမ်း ရှိနေတယ်လို့ ကျေးရွာသားတွေထံမှ သိရပါတယ်။

"၂၀၁၂ ခုနှစ်တုန်းကလည်း တခြားနေရာတွေမှာသာ ပြဿနာတွေဖြစ်တာ။ ဒီရွာမှာက ဘာပြဿနာမှ မဖြစ်ခဲ့ဘူး။ အခုလည်း အေးအေးချမ်းချမ်းပါပဲ။ အကြမ်းဖက်လုပ်ရပ်တွေကို မကြိုက်ဘူး။ အေးအေးဆေးဆေးပဲလုပ်ကိုင်စားသောက်ချင်ပါတယ်"လို့ ကြိမ်ချောင်းကျေးရွာမှ အစ္စလာမ်ဘာသာဝင် ရော်ဘီအာလောင်က ပြောပါတယ်။

ထို့အတူ မောင်တောမြို့ဈေးကြီးတွင် အထည်ဆိုင်ဖွင့်လှစ်နေသည့် ဦးစူတင်က "ပြဿနာတွေဖြစ်တော့ အရောင်းအဝယ်လည်း မကောင်းတော့ဘူး။ နယ်မြေအေးချမ်းတုန်းကတော့ တော်တော်ရောင်းရတယ်။ အဝေးကျေးရွာတွေက လာဝယ်ကြတယ်။ နယ်မြေမအေးချမ်းတော့ မလာကြတော့ဘူး။ ပြဿနာတွေ မဖြစ်စေချင်ဘူး" လို့ ပြောပါတယ်။

**အလုပ်အကိုင်ရှားပါးမှုကြောင့် နေထိုင်သူနည်းပါးလာ**

နယ်စပ်ရေးရာဝန်ကြီးဌာနက တစ်ဖက်နိုင်ငံနဲ့နီးစပ်နေတဲ့ မောင်တောဒေသမှာ တိုင်းရင်းသားလူမျိုးတွေ အခြေချနေထိုင်နိုင်ဖို့နဲ့ နယ်စပ်ဒေသတွေကို ကာရံထားနိုင်အောင် နတလ ကျေးရွာပေါင်း ၃၆ ရွာကို မောင်တောနဲ့ ဘူးသီးတောင်ဒေသတွေမှာ တည်ထောင်ပေးခဲ့သော်လည်း အလုပ်အကိုင်ရှားပါးမှုကြောင့် နေထိုင်သူဦးရေနည်းပါးလာတယ်လို့ အရပ်ဘက်အဖွဲ့အစည်းတွေထံမှ သိရပါတယ်။

"နယ်စပ်ဒေသတွေမှာရှိတဲ့ တိုင်းရင်းသားကျေးရွာတွေ ရေရှည်တည်တံ့ဖို့ အလုပ်အကိုင်တွေ ဖန်တီးပေးဖို့လိုပါတယ်။ တစ်ဖက်ကလည်း တိုင်းရင်းသားလုပ်ငန်းရှင်တွေအနေနဲ့ ဒီဒေသတွေမှာ လာရောက်ရင်းနှီးမြှုပ်နှံမှုတွေ လုပ်စေချင်တယ်။ ဒါမှ ဒီဒေသမှာရှိတဲ့ တိုင်းရင်းသားကျေးရွာတွေတည်မြဲမှာပါ"ဟု လူမှုကူညီရေးလုပ်ငန်းများ ဆောင်ရွက်နေတဲ့ စစ်တွေဒေသခံ ဦးသန်းရွှေက ပြောပါတယ်။

**မိမိတို့ရဲ့နေရပ်ကို ပြန်လည်ရောက်နေပြီ**

လက်ရှိအချိန်မှာတော့ အကြမ်းဖက်မှုဖြစ်ပွားရာ မောင်တောနဲ့ ရသေ့တောင်ဒေသတွေမှာ နယ်မြေအေးချမ်းလာပြီဖြစ်လို့ နေရပ်စွန့်ခွာသူတွေဟာ မိမိတို့ရဲ့နေရပ်ကို ပြန်လည်သွားရောက်နေပြီဖြစ်လို့ ဒုက္ခသည်စခန်းတွေမှာရှိတဲ့ လူဦးရေဟာ တဖြည်းဖြည်းနည်းပါးလာပြီ ဖြစ်တယ်လို့ ပြည်နယ်အစိုးရတာဝန်ရှိသူတွေထံမှ သိရပါတယ်။

မောင်တောခရိုင်အတွင်းရှိ ဖားဝပ်ချောင်းကျေးရွာသား အသက်(၆၅)နှစ်အရွယ် ဦးမောင်မြစိန်က "စိုက်ပျိုးစရာ မြေလည်းမရှိဘူး။ စိုးရိမ်ကြောက်ရွံ့ရပေမယ့် စားဖို့အတွက် မနက်ဖြန် ဖားရှာ၊ ကဏန်းရှာထွက်ရဦးမယ်လို့ ပြောပါတယ်။

**သတင်းဆောင်းပါး-မင်းသစ်(သတင်းစဉ်)**



မောင်တောမြို့နယ်၌ နယ်မြေအေးချမ်းလာသည့်အတွက် ဒေသခံပြည်သူများ သွားလာလှုပ်ရှားနေကြစဉ်။

# ပြည်သူပြည်သားများ၏ အရည်အချင်းတန်ဖိုးကို မြှင့်တင်ရန်

**ကျော်ကျော်လှိုင် (SMART )**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ တွေ့ဆုံပွဲ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ အောက်တိုဘာ ၂၂ရက်တွင် ကျင်းပခဲ့ပါသည်။

တွေ့ဆုံပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က **"ကျွန်မတို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထားပြီး ပြောတဲ့ အချက်တစ်ချက်တည်းပြောပါဆိုရင် ဘယ်အချက်ကို ပြောမလဲဆိုတာ ကျွန်မ သေသေချာချာ စဉ်းစားကြည့်တဲ့အခါ ကျွန်မခေါင်းထဲမှာပေါ်လာတာက တကယ်ကျွန်မတို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးဆုံးအချက်က ကျွန်မတို့ ပြည်သူပြည်သားများရဲ့ အရည်အချင်းတန်ဖိုးကို မြှင့်တင်ရေးပဲ"**ဟု ပြောကြားခဲ့ပါသည်။ အလွန်တန်ဖိုးရှိသော၊ အမြော်အမြင်ကြီးသော ပြောကြားချက်ဖြစ်ပါသည်။ လူအများစုက သဘာဝသယံဇာတ ကြွယ်ဝခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ ချမ်းသာကြွယ်ဝမှုကို ဖန်တီးနိုင်သည်ဟုလည်းကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံတစ်နိုင်ငံ၏ ချမ်းသာကြွယ်ဝမှုကို အထောက်အကူ ဖြစ်စေသည်ဟုလည်းကောင်း လွဲမှားစွာယူဆကြပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံတစ်နိုင်ငံ၏ ချမ်းသာကြွယ်ဝမှုကို အထိုက်အလျောက် အထောက်အကူဖြစ်စေသော်လည်း ပြည်သူပြည်သားများ၏ အရည်အချင်း တန်ဖိုးမြင့်မားမှသာလျှင် ချမ်းသာကြွယ်ဝမှုသည် ရေရှည်ဖွံ့ဖြိုးတည်တံ့နိုင်ပါမည်။ ဥပမာအားဖြင့် ဆွစ်ဇာလန်နိုင်ငံသည် ကုန်းတွင်းပိတ် နိုင်ငံငယ်တစ်ခုဖြစ်ပြီး နိုင်ငံ၏ ၆၀ ရာခိုင်နှုန်းခန့်ကို တစ်နှစ်ပတ်လုံး ဆီးနှင်းများဖုံးလွှမ်းလျက်ရှိသည့် အပ်စ်တောင်တန်းကြီးက နေရာယူထားပါသည်။ သဘာဝသယံဇာတ မရှိသလောက်နည်းပါးပါသည်။ သို့သော် လူတစ်ဦးချင်းစီ၏ ဝင်ငွေသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၈၄၀၀၀ ကျော်ရှိ၍ ကမ္ဘာပေါ်တွင် ဒုတိယအချမ်းသာဆုံးနိုင်ငံ ဖြစ်ပါသည်။ ဆွစ်ဇာလန်နိုင်ငံတွင် ကိုကိုးပင်မပေါက်ပါ။ သို့သော် ကမ္ဘာ့အကောင်းဆုံးချောကလက် ဆွစ်ဇာလန်မှ ထွက်ပါသည်။ ဆွစ်ဘဏ်များသည် ကမ္ဘာပေါ်တွင် စိတ်ချရသော ဘဏ်များအဖြစ် ဂုဏ်သတင်းကျော်စောပါသည်။ ကမ္ဘာ့ဈေးအကြီးဆုံးနှင့် အကောင်းဆုံးနာရီများဖြစ်သည့် ရိုလက်စ်၊ အိုမီဂါ အစရှိသည့် နာရီများကို ဆွစ်ဇာလန်နိုင်ငံမှ ထုတ်လုပ်ပါသည်။

ထိုနည်းတူ စင်ကာပူနိုင်ငံသည် ကျွန်းငယ်လေးသာဖြစ်ပြီး သဘာဝသယံဇာတပေါကြွယ်ဝခြင်း မရှိပါ။ သို့သော် ပြည်သူပြည်သားများ၏ အရည်အချင်း တန်ဖိုးမြင့်မားသဖြင့် လူတစ်ဦးချင်းစီ၏ ဝင်ငွေသည် တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၅၅၀၀၀ ကျော်ရှိပြီး ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံစာရင်းတွင် စင်ကာပူနိုင်ငံသည် နံပါတ် ၇ နေရာကို ယူထားပါသည်။

ပြည်သူပြည်သားများ၏ အရည်အချင်းတန်ဖိုးမြင့်မားရန်အတွက် ပညာရေးသည် အခြေခံဖြစ်ပါသည်။ ပညာရေးစနစ်ကောင်းရန်လိုသလို ဆရာ ဆရာမများ၏ အရည်အသွေးလည်း မြင့်မားရန်လိုပါသည်။ "ကိုယ့်ရှိတာပဲ ကိုယ်ပေးလို့ရသည်" အဆိုအတိုင်း ဆရာ ဆရာမများ၏ အတွေးအခေါ်၊ အယူအဆ၊ ခံယူချက်နှင့် အရည်အသွေးများ မြင့်မားမှသာ မိမိသင်ကြား လေ့ကျင့်ပေးရသော ကျောင်းသားကျောင်းသူများ၏ အရည်အသွေးများ မြင့်မားမည်ဖြစ်ပါသည်။ အရည်အသွေး မြင့်မားသော ဆရာ ဆရာမများကိုရရှိရန် ဆရာ ဆရာမများ၏ လစာသည် မြင့်မားရန်လိုပါသည်။ အထူးသဖြင့် မြို့ကြီးများနှင့်ဝေးသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော အရပ်ဒေသများတွင် တာဝန်ထမ်းဆောင်ရသည့် ဆရာ ဆရာမများအတွက် အိမ်လခ၊ ရှားပါးစရိတ်များ လုံလုံလောက်လောက် ထုတ်ပေးရန်လိုအပ်ပါသည်။ ဆရာ ဆရာမဟု ရေးနေရသော်လည်း ယနေ့ကျောင်းများတွင် ဆရာမ ရာခိုင်နှုန်းက ၉၀ ရာခိုင်နှုန်းခန့် ဖြစ်နေပါသည်။

အလွန်ဝါသနာပါသော၊ စေတနာရှိသော ဆရာများကလွဲ၍ ဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုသူ အမျိုးသားဦးရေက နည်းလာပါသည်။ လခနည်းခြင်းကြောင့် ဖြစ်ပါသည်။ ဆရာများနှင့် စာသင်ခွင့် မရရှိသည့် ကျောင်းသား ကျောင်းသူများသည် အမျိုးသားများ၏ အတွေးအခေါ်၊ အယူအဆများကို ကြားနားသင်ယူခွင့်မရနိုင်ပါ။ ကျောင်းသား ကျောင်းသူများသည် ငယ်စဉ်ကစ၍ ဆရာနှင့်ဆရာမ၊ တစ်နည်းအားဖြင့် အမျိုးသားနှင့် အမျိုးသမီးတို့၏ စဉ်းစားတွေးခေါ်နည်းများကို မျှတစွာ သင်ယူရရှိသင့်ပါသည်။

အရည်အသွေးရှိသော ဆရာ ဆရာမများကို လစာ ထိုက်ထိုက်တန်တန် ပေးခြင်းဖြင့်လည်းကောင်း၊ လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့်လည်းကောင်း ရရှိနိုင်သော်လည်း ကျောင်းများတွင် ကျောင်းသား ကျောင်းသူ မရှိပါက တန်ဖိုးမြင့်မားသော ပြည်သူပြည်သားများကို မွေးထုတ်ရန် ခက်ပါမည်။ ၂၀၁၄ ခုနှစ်ထုတ်ပြန်သော သန်းခေါင်စာရင်းအရ အသက်အပိုင်းအခြား ၁၀နှစ်မှ ၁၄နှစ်သည် မြန်မာနိုင်ငံတွင် လူဦးရေအများဆုံးဖြစ်ပြီး လူငယ်ဦးရေ ၅ ဒသမ ၂၇ သန်း ရှိပါသည်။ ၁၀နှစ်မှ ၁၄နှစ် အသက်အပိုင်းအခြားသည် အလယ်တန်းကျောင်းသားအရွယ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ၅နှစ် မှ ၉ နှစ် ကလေးဦးရေသည် ဒုတိယအများဆုံးဖြစ်ပြီး ၄ ဒသမ ၇၉ သန်းရှိပါသည်။ ယူနက်စကို၏ ထုတ်ပြန်ချက်များအရ မူလတန်းကျောင်းသို့ ကျောင်းအပ်နှံသော ကလေးအရေအတွက်သည် ကျောင်းနေနိုင်သော ကလေးအရေအတွက်၏ ၉၈ ရာခိုင်နှုန်းရှိသည်ဆို၍ ကလေး ၄ ဒသမ ၇၉ သန်းသည် မူလတန်းသို့ရောက်ပါသည်။

ခေတ်အဆက်ဆက်၊အစိုးရအဆက်ဆက်၏ ကြိုးပမ်းမှုကြောင့် ကျေးရွာတိုင်းလိုလို မူလတန်းကျောင်းများရှိနေခြင်းကလည်း ကလေးများကို ကျောင်းသို့ရောက်စေပါသည်။ သို့သော် ထုတ်ပြန်ထားသော စာရင်းဇယားများအရ အလယ်တန်းသို့ရောက်သောအခါ ကျောင်းသား ကျောင်းသူ ဦးရေသည် ၂ ဒသမ ၇၇ သန်းသာ ကျန်ရှိသည်ကို သိရပါသည်။ ဤအချက်အလက်အရ အလယ်တန်းကျောင်းသားအရွယ် အသက် ၁၀နှစ်မှ ၁၄နှစ် လူငယ် ၂ ဒသမ ၀၂ သန်းသည် မည်သည့်နေရာများသို့ ရောက်သွားပါသနည်း။

မြန်မာနိုင်ငံအနှံ့အပြားရှိ လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ စသည့် စီးပွားရေးလုပ်ငန်းအသီးသီးသို့ ကလေးလုပ်သားများအဖြစ် ရောက်ရှိသွားပါသည်။ ပညာသင်ကြားခွင့်မရတော့ပါ။ အသက် ၁၀နှစ်မှ ၁၄နှစ် အသက်အပိုင်းအခြားသည် လုပ်ငန်းခွင်တွင် အလုပ်ရှင်တို့ စိတ်ကြိုက်တွေ့သော အသက်အပိုင်းအခြားဖြစ်ပါသည်။ အသက် ၁၅နှစ်ကျော် ၁၆ နှစ်သို့ရောက်သောအခါ အလုပ်ရှင်များက အသက် ၁၀နှစ် မှ ၁၄နှစ် လူငယ်များနှင့် အစားထိုးကာ လုပ်ငန်းခွင်မှ ဖယ်ရှားလိုက်၍ အသက် ၁၅နှစ်ကျော် ၁၆နှစ် လူငယ်များ လမ်းပေါ်ရောက်လာကြပါသည်။ မိဘ၊ဆရာ အုပ်ထိန်းမှုအောက်တွင်ရှိသင့်သော အသက်အပိုင်းအခြား(၁၀နှစ် မှ ၁၄နှစ်)တွင် လုပ်ငန်းခွင်သို့ ဝင်ရောက်ခဲ့ရသော လူငယ်များသည် စိတ်ပိုင်းဆိုင်ရာအားနည်းချက်များလည်းရှိနေမည်ဖြစ်ပါသည်။ လုပ်ငန်းခွင်မှ ရရှိလာသည့်နာကြည်းချက်တို့ကြောင့် အုပ်ချုပ်သူလူတန်းစားကို အမြဲဆန့်ကျင်လိုသည့် စိတ်များလည်း ရှိနေမည်ဖြစ်ပါသည်။

မူလတန်းပညာသာတတ်သော လူငယ်များသည် လမ်းပေါ်သို့ရောက်လာသောအခါ ကြုံရာကျပန်း အလုပ်ဖြင့် အသက်မွေးကြရပါသည်။ အများစုမှာ ပညာဉာဏ်နည်းပါးပြီး အသိဉာဏ်နည်း၍ လူဆိုး၊သူခိုး၊လူမိုက်များ ဖြစ်လာပါသည်။ ယနေ့မြန်မာနိုင်ငံတွင် ရာဇဝတ်မှုများထူပြောနေရခြင်း၏ အခြေခံအကြောင်းတစ်ချက်လည်း ဖြစ်ပါသည်။ အလယ်တန်းကျောင်းများတွင် ပျောက်ဆုံးသွားသော လူငယ် ၂ ဒသမ ၀၂ သန်းကို ကျောင်းခန်းထဲသို့ ပြန်ခေါ်လာနိုင်မှသာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသကဲ့သို့ အရည်အချင်းမြင့်မားသော ပြည်သူပြည်သားများကို လေ့ကျင့်ပျိုးထောင် မွေးထုတ်နိုင်မည်ဖြစ်ပါသည်။ အလယ်တန်းကျောင်းများတွင် ပျောက်ဆုံးသွားသော လူငယ် ၂ ဒသမ ၀၂ သန်း ကို ကျောင်းခန်းထဲသို့ ပြန်ခေါ်လာနိုင်ရန် အောက်ပါအချက်များကို အနည်းဆုံး လုပ်ဆောင်ရန်လိုအပ်ပါသည်။

၁။ အသက်(၁၆)နှစ် အောက်ကလေးသူငယ်များကို လုပ်ငန်းခွင်များတွင် မခိုင်းရန် ဥပဒေဖြင့် တင်းတင်းကျပ်ကျပ် အရေးယူဆောင်ရွက်ရန်။

၂။ ရွာနှင့် တစ်မိုင်ထက်ပိုဝေးသော အလယ်တန်းကျောင်းသို့ တက်ရမည့် အလယ်တန်းကျောင်းသား ကျောင်းသူများအတွက် အလယ်တန်းကျောင်းများတွင် ကျောင်းအိပ်ကျောင်းစား အဆောင်များဆောက်လုပ်၍ ကျောင်းသား ကျောင်းသူများကို အစိုးရက အခမဲ့ထားရန်၊ အခမဲ့ကျွေးမွေးရန်။

၃။ ရန်ကုန်၊ မန္တလေး အစရှိသည့် မြို့များတွင်ရှိသည့် နာမည်ကြီးကျောင်းများတွင် အလယ်တန်းကျောင်းလခ ကောက်ခံရန်။ ဤကျောင်းလခဖြင့် ကျေးရွာများမှ ကျောင်းသား ကျောင်းသူ ကျောင်းအိပ်ကျောင်းစား အဆောင်များအတွက် သုံးနိုင်သည်။

၄။ ဖခင်မရှိတော့သည့် သား သို့မဟုတ် သမီး ဖြစ်ပြီး တစ်ဦးတည်းသား သို့မဟုတ် သမီး ဖြစ်ပါက အလယ်တန်းကျောင်းတက်သည့် ကျောင်းသားကျောင်းသူ၏ မိခင်မုဆိုးမကို အစိုးရမှ ငွေကြေးထောက်ပံ့ရန်။

၅။ ချမ်းသာသည့် လုပ်ငန်းရှင်ကြီးများက ကျောင်းများတွင် ပျောက်ဆုံးသွားသော လူငယ် ၂ ဒသမ ၀၂ သန်း ( အသက် ၁၀ နှစ်မှ ၁၄ နှစ် ) ကို ကျောင်းခန်းထဲသို့ ပြန်ရောက်လာရန် အစိုးရကိုငွေအားဖြင့်ကူညီရန်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသကဲ့သို့ ပြည်သူပြည်သားများ၏ အရည်အချင်းတန်ဖိုး မြှင့်တင်နိုင်မှသာ မြန်မာနိုင်ငံသည် ရေရှည်ဖွံ့ဖြိုးတည်တံ့ပြီး ချမ်းသာအေးချမ်းသည့်နိုင်ငံဖြစ်လာပါမည်။ ပြည်သူပြည်သားများ၏ အရည်အချင်း တန်ဖိုးမြှင့်တင်ရာတွင် အလုပ်ခွင်သို့ ရောက်ရှိနေသော ကလေးအလုပ်သမား ၂ ဒသမ ၀၂ သန်းကို ကျောင်းခန်းထဲသို့ပြန်လည်ရောက်ရှိရေးသည်လည်း အရေးကြီးပါကြောင်းကို တင်ပြလိုက်ပါသည်။ ။

**ပြည်သူပြည်သားများ၏ အရည်အချင်းတန်ဖိုးမြှင့်တင်နိုင်မှသာ မြန်မာနိုင်ငံသည် ရေရှည်ဖွံ့ဖြိုးတည်တံ့ပြီး ချမ်းသာအေးချမ်းသည့် နိုင်ငံဖြစ်လာပါမည်။ ပြည်သူပြည်သားများ၏ အရည်အချင်း တန်ဖိုးမြှင့်တင်ရာတွင် အလုပ်ခွင်သို့ ရောက်ရှိနေသော ကလေးအလုပ်သမား ၂ ဒသမ ၀၂ သန်းကို ကျောင်းခန်းထဲသို့ ပြန်လည်ရောက်ရှိရေးသည်လည်း အရေးကြီးပါကြောင်း . . . . .**

# ဧည့်ဝန်ဆောင်မှုသင်တန်းဆင်းပွဲနှင့် အလုပ်အကိုင်ရှာဖွေရေးပြပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး၍ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာကဏ္ဍတွင် အရည်အသွေး မြှင့်တင်ဆောင်ရွက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ဖန်တီးပေးနိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသော ဆွစ်ဇာလန်နိုင်ငံ Swisscontact အဖွဲ့အစည်းမှ ၂၀၁၆ ခုနှစ်အတွင်း နေပြည်တော်၌ ဖွင့်လှစ်ခဲ့သော သင်တန်းသုံးခုမှ သင်တန်းသား သင်တန်းသူများအတွက် သင်တန်းဆင်းအောင်လက်မှတ် ချီးမြှင့်ပွဲအခမ်းအနားနှင့် အလုပ်အကိုင်ရှာဖွေရေးအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ Swisscontact မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Dr. Michael Mechthold – Jin နှင့် ဟိုတယ်လုပ်ငန်းလေ့ကျင့်ရေး ကနဦးဆောင်ရွက်မှုလုပ်ငန်းစဉ်၏တာဝန်ခံ Dr.Ignacio de las Cuevas တို့က အမှာစကားပြောကြားပြီး သင်တန်းဆင်း သင်တန်းသား သင်တန်းသူများအား တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် သင်တန်းသား သင်တန်းသူများအတွက် အလုပ်အကိုင်ရှာဖွေရေးပြပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းမှ သင်တန်းဆင်း သင်တန်းသား သင်တန်းသူ ၆၀ ရာခိုင်နှုန်းခန့်သည် ဟိုတယ်ဝန်ဆောင်မှုကဏ္ဍများတွင် အလုပ်အကိုင်များရရှိပြီး ကျန်သင်တန်းသား သင်တန်းသူများသည်လည်း ၎င်းတို့၏ကျွမ်းကျင်မှုကို အခြေခံ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်နိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

Swisscontact သည် အထောက်အပံ့ပြု စီမံကိန်းကာလ ၄၂ လအတွင်း ရန်ကုန်နှင့် နေပြည်တော်ရှိ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ အလုပ်အကိုင်များတွင် တာဝန်ထမ်းဆောင်နေကြသည့် အခွင့်အလမ်းနည်းပါးသော ဒေသခံပြည်သူ ၃၀၀၀ ကို ဟိုတယ်လုပ်ငန်းလေ့ကျင့်ရေး ကနဦးဆောင်ရွက်မှုလုပ်ငန်းစဉ် (Hotel Training Initiative – HTI)ဖြင့် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး စီမံကိန်းစတင်ဆောင်ရွက်ချိန်မှ လက်ရှိအချိန်ထိ သင်တန်းသား ၁၇၈၂ ဦး လေ့ကျင့်သင်ကြားပြီးဖြစ်ကြောင်း သိရသည်။

**(ဟိုတယ်/ခရီး)**

# အဆောက်အအုံများဆောက်လုပ်ရာတွင် Precast နည်းပညာစနစ်ကို အသုံးပြုဆောက်လုပ်ပါက အဆင်ပြေလွယ်ကူမြန်ဆန်စွာဆောင်ရွက်နိုင်



အဆောက်အအုံများအား Precast နည်းပညာစနစ်ဖြင့် ဆောက်လုပ်နေသည်ကို တွေ့ရစဉ်။

**ရန်ကုန် အောက်တိုဘာ ၃၀**
အဆောက်အအုံများဆောက်လုပ်ရာတွင် Precast နည်းပညာစနစ်ကိုအသုံးပြု၍ဆောက်လုပ်ပါက အဆင်ပြေလွယ်ကူပြီးအချိန်မြန်ဆန်စွာ ဆောင်ရွက်နိုင်သောကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် Precast နည်းပညာစနစ်မှာ အားသာချက်များရှိနေကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ သိရသည်။

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးတင်အောင်မြင့်က "အဆောက်အအုံတွေ လက်ရှိဆောက်လုပ်နေတဲ့ပုံစံကတော့ ဆိုက်ထဲမှာပဲ ကွန်ကရစ်လောင်းတယ်။ ကော်လံလောင်းတယ်။ beam တွေ လောင်းပါတယ်။ Precast နည်းပညာစနစ်က နှစ်မျိုးရှိပါတယ်။ တစ်မျိုးကတော့ စက်ရုံတွေမှာပဲ ကော်လံ၊ beam နဲ့ Slab တွေကို ကြိုတင်လောင်းပြီး သတ်မှတ်တဲ့ ကာလပြည့်စုံတော့မှ သယ်ယူလာပြီး ဆိုက်မှာ တပ်ဆင်တာလည်းရှိပါတယ်။ နောက်တစ်မျိုးကတော့ Precast စနစ်ကို ဆိုက်မှာတင်လုပ်ဆောင်လို့ရတဲ့အချက်ပါ။ အဆောက်အအုံ ဆောက်လုပ်ဖို့အတွက် သမားရိုးကျ ကွန်ကရစ်လုပ်ဆောင်တဲ့အခါမှာ ဘိလပ်မြေ၊ သဲ၊ ကျောက်များကိုရောပြီး ကွန်ကရစ်လောင်းရပါတယ်။

"ဒီ Precast စနစ်ကလည်း ရောပြီးသားပစ္စည်းကို ဖိုင်ဘာအမျှင်အများဆုံးအသုံးပြုပြီး လာတဲ့စနစ်လည်းရှိပါတယ်။ အဲဒီတော့ ဆိုက်ထဲမှာ သဲ၊ ကျောက် မလိုအပ်တော့ဘဲ တစ်ခါတည်းတန်းပြီး ရေနဲ့ဖျော်ပြီးမှ လုပ်ဆောင်လည်းရပါတယ်။ ဒီတော့ Precast စနစ်ဟာကောင်းတယ်။ အချိန်လည်း မြန်တယ်။ Precast စနစ်ကို ဆိုက်ထဲမှာပဲလုပ်လုပ်၊ စက်ရုံမှာပဲလုပ်လုပ် အဆောက်အအုံတွေကို လုပ်ဆောင်တဲ့အခါမှာ တပ်ဆင်တဲ့နေရာကိုပဲ အသုံးပြုလို့ရပါတယ်။ ဒီအရာတွေဟာ Precast စနစ်ရဲ့အားသာချက်တွေပါပဲ"ဟု Affordable Housing Project များနှင့်သင့်တော်သော(EPPC building System) အဆောက်အအုံများအား ၃၃ ရက်အတွင်း အပြီးဆောက်လုပ်နိုင်သည့် Precast နည်းပညာစနစ်နှင့် စပ်လျဉ်း၍ ရှင်းပြခဲ့သည်။

အဆောက်အအုံတွေကို လွယ်ကူလျင်မြန်စွာ ဆောက်လုပ်၍ရကြောင်း၊ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်အစိုးရက အိမ်ရာစီမံကိန်းများစွာ အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်၍ အဆိုပါ Precast စနစ်ဖြင့် ဆောက်လုပ်ပါက ပိုမိုမြန်ဆန်မည်ဖြစ်ကြောင်း၊ အဆောက်အအုံ ပုံမှန်ဆောက်လုပ်ပြီးစီးမည့်ကာလ တစ်နှစ်ကြာမည်ဆိုလျှင် Precast စနစ်ဖြင့်ဆောက်လုပ်မည်ဆိုပါက သုံးလတာကာလဖြင့် ပိုမိုမြန်ဆန်ဆောင်ရွက်နိုင်ကြောင်း၊ အဆောက်အအုံတွေကို ကြိုတင်၍ ကော်လံလုပ်ငန်းများ၊ beam လုပ်ငန်းများ ဆောင်ရွက်ထားပြီး Precast စနစ်ဖြင့် တစ်ပြိုင်တည်းတပ်ဆင် ဆောက်လုပ်ပါက အဆောက်အအုံ မြန်ဆန်စွာဆောင်ရွက်ပြီးစီးနိုင်သည်ဖြစ်၍ Precast စနစ်မှာ အားသာချက်ရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။

"Precast စနစ်နဲ့ ဆောက်လုပ်တာကတော့ ရိုးရိုးသမားရိုးကျ ဆောက်လုပ်တာထက် ဈေးနှုန်း ၂၀ ရာခိုင်နှုန်းလောက်တော့ ပိုမိုကုန်ကျပါတယ်။ ဒါပေမယ့် ဆောက်လုပ်ချိန်မြန်ပြီး ဆောက်လုပ်တဲ့ကြံခိုင်မှုအပိုင်းကျတော့လည်း ကောင်းမွန်တဲ့အားသာချက်ရှိပါတယ်။ ကန်ထရိုက်တွေအနေနဲ့ကလည်း အကုန်အကျခံ ဆောက်လုပ်နိုင်မယ်လို့ထင်ပါတယ်။ ဘာလို့လဲဆိုတော့ တစ်ဖက်က Labour လုပ်အားခ လျော့ကျသွားလို့ပါ။ တစ်ချိန်ချိန်ကျရင် ဒီ Precast စနစ်က အလွန်ကွာသွားမယ်လို့မယူဆပါဘူး။ ဒီ Precast စနစ်နဲ့ ဆောက်လုပ်ထားတာတွေ ရန်ကုန်မြို့မှာရှိပါတယ်။ ဒဂုံဆိပ်ကမ်းမြို့နယ်မှာ စက်ရုံတည်ထားတာရှိပြီး အိုးအိမ်ဦးစီးဌာနနဲ့ ပြင်ပကုမ္ပဏီပူးပေါင်းပြီး Precastစနစ်နဲ့ ပထမဆုံးစတင်ဆောက်လုပ်နေတာရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း ဒီ Precast စနစ်ကို ကန်ထရိုက်တာတွေ ပူးပေါင်းပြီး တီထွင်မယ်ဆိုရင် ဒီစနစ်ကအောင်မြင်လာမှာပါ။ မကြာမီမှာ ကျွန်တော်တို့အနေနဲ့လည်း ဒီလို Precast စနစ် နည်းပညာတစ်ခုကို ကြိုးစားရယူပြီး ဆောင်ရွက်သွားတော့မှာပါ"ဟု ဦးတင်အောင်မြင့်က ဆိုသည်။

အဆိုပါ Precast စနစ် ဆောင်ရွက်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဦးဆောင်ကာ အားပေးအားမြှောက်လုပ်ဆောင်ပြီး ဆောက်လုပ်ရေး လုပ်ငန်းရှင်များမှ စက်ရုံတည်ထောင်ပါက ဆောက်လုပ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လက်ရှိ ဆောက်လုပ်ရေးဘဏ်တွင် ၃၀ ရာခိုင်နှုန်း ငွေပေးသွင်းပြီးပါက အရစ်ကျ ရှစ်နှစ်ငွေပေးချေပြီး အိမ်ပိုင်ရရှိနိုင်ပြီဖြစ်သောကြောင့် ထိုကဲ့သို့သော အိမ်ရာများတွင် Precast စနစ် နည်းပညာကိုအသုံးပြုပြီး မြန်ဆန်စွာဆောက်လုပ်ပါက အရစ်ကျငွေပေးသွင်းမည့် ပြည်သူများအတွက် စိတ်ပျော်ရွှင် ချမ်းမြေ့လာနိုင်စရာအကြောင်းရှိပြီး အရစ်ကျငွေပေးသွင်းမှု ပိုမိုမြန်ဆန်လာနိုင်စရာအကြောင်းရှိကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် Precast စနစ်ဖြင့် ဆောက်လုပ်ပါက ဆောက်လုပ်ရေးလောကအတွက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဝယ်ယူသူအများပြည်သူအတွက် နေထိုင်မှုကဏ္ဍ အဆင့်အတန်းပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ သိရသည်။

**(ပွင့်သစ္စာ)**

# နစ်မြုပ်အမြန်ရေယာဉ်စွမ်းစွမ်းတမံကူညီကယ်ဆယ်ပေးခဲ့သော စေတနာရှင်လုပ်အားရှင်နှင့်ပရဟိတအသင်း ၅၀ ကို ဂုဏ်ပြု



**မုံရွာ အောက်တိုဘာ ၃၀**
အောက်တိုဘာ ၁၅ရက်က ချင်းတွင်းမြစ်အတွင်းနစ်မြုပ်ခဲ့သော အောင်စိုးမိုးကျော်-၂ အမြန်ရေယာဉ်အား ကူညီကယ်ဆယ်ခြင်းလုပ်ငန်းများ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော စေတနာရှင်လုပ်အားရှင် ပရဟိတအသင်းများကို မုံရွာမြို့ ချင်းတွင်းအားမာန်ကူညီကယ်ဆယ်ရေးပရဟိတအသင်းနှင့် မုံရွာမြို့ ဥပုသ်နေ့တိုင်း ဆန်ပြုတ်နှင့် သောက်ရေသန့်ကုသိုလ်ပြုအဖွဲ့တို့ပူးပေါင်း၍ ဂုဏ်ပြုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မုံရွာမြို့ FOTO-1 စားသောက်ဆိုင်ခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုပွဲတွင် မုံရွာမြို့နယ်၊ ကနီမြို့နယ်၊ ဘုတလင်မြို့နယ်တို့မှ လူမှုကူညီကယ်ဆယ်ရေးအသင်းများအပါအဝင် ရေငုပ်အဖွဲ့ကူညီ ကယ်ဆယ်ပေးသော ကျေးရွာဒေသခံများ စုစုပေါင်းလူပုဂ္ဂိုလ်နှင့် အဖွဲ့အားလုံး ၅၀ ကို စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းနှင့် စည်ပင်ဝန်ကြီး ဦးမြင့်ကြည်တို့ တက်ရောက်ချီးမြှင့်ပေးအပ်သည်။

"အောက်တိုဘာ ၁၅ရက် မနက်၅နာရီက နစ်မြုပ်တယ်လို့ကြားကြားချင်း တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ဒေသခံပြည်သူတွေဟာ ချက်ချင်းရောက်လာပြီး အသက်ကယ်နိုင်သမျှကို ကယ်ဆယ်ခဲ့သလို ဆယ်ယူရရှိတဲ့ရုပ်အလောင်းတွေ သယ်ယူဖို့ အတွက် မုံရွာ၊ ကနီ၊ ဘုတလင်စတဲ့ ဒေသမှလူမှုကူညီရေးအသင်းတွေကို အကူအညီတောင်းခံခဲ့တာ တစ်နာရီကျော်ကျော်အတွင်းမှာ ကား ၁၅ စီးလောက် ရောက်လာပါတယ်။ အဲဒီလောက်ထင်မှတ်မထားပေမယ့် ရောက်လာတဲ့အတွက် အားတက်မိသလိုဂုဏ်ယူမိပါတယ်။ ၁၅ ရက်ကနေ ၂၀ရက်အထိ ငါးရက်တာ တိုင်းအစိုးရတာဝန်ရှိသူတွေ၊ ဒေသခံပရဟိတစိတ်ရှိသူတွေနဲ့အတူ မြို့နယ်အသီးသီးက ပရဟိတအသင်းတွေကလည်း အစကနေအဆုံးအထိ လူမှုရေးစိတ်ဓာတ်အပြည့်နဲ့ ဆောင်ရွက်ပေးကြတာဟာ အရင်ကနဲ့ လုံးဝမတူတာကို အားလုံးသတိပြုမိကြမှာပါ။

"လာမယ့် နိုဝင်ဘာ ၁ ရက်မှာ တစ်နှစ်ပြည့်မယ့် လောင်းဂရိတ်ဝဲထဲနစ်တဲ့ ရေယာဉ်ဟာဆိုရင် အခုထိပြန်လည်မဆယ်ယူနိုင်သေးသလို သေဆုံးသူ ၁၀ ဦးရဲ့ ရုပ်အလောင်းကိုသာ မော်တော်အဖွဲ့က ဆယ်ယူနိုင်ခဲ့ပြီး ကမ်းကပ်လာတဲ့ ရုပ်အလောင်းတွေကို ဝါးလုံးနဲ့ထိုးတာတွေကို စိတ်မကောင်းစွာကြားခဲ့ရပါတယ်"ဟု ကနီမြို့နယ် အမှတ်-၂ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၀**
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ရန်ကုန်မြို့တွင် စွန့်ပစ်အမှိုက်များ လျှော့ချနိုင်ရေးနှင့် စွန့်ပစ်အမှိုက်များမှတစ်ဆင့် လျှပ်စစ်စွမ်းအင်ထုတ်ယူသုံးစွဲနိုင်ရေးအတွက် အမှိုက်စို၊ အမှိုက်ခြောက်ခွဲခြား၍ အမှိုက်ပုံး၊အမှိုက်ကန်များတွင် စနစ်တကျစွန့်ပစ်စေလိုကြောင်း အောက်တိုဘာ ၂၉ ရက်က မင်္ဂလာဒုံမြို့နယ် ကြိုစန်းရပ်ကွက် ကွက်သစ်ခမ်းမရုံ၌ ကျင်းပသည့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယခရိုင်မှူးဦးအောင်ကျော်စိုးက ပြောကြားသည်။

"စွန့်ပစ်အမှိုက်တွေကို စည်းကမ်းမဲ့စွန့်ပစ်ရင် ပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်ပေါ်ပြီး အနံ့ဆိုးတွေကြောင့် ကျန်းမာရေးထိခိုက်နိုင်ပါတယ်။ စနစ်တကျထုပ်ပိုးပြီး အမှိုက်ပုံး၊ အမှိုက်ကန်မှာ စွန့်ပစ်စေချင်ပါတယ်။ မျက်မှောက်ကာလမှာ စွန့်ပစ်အမှိုက်တွေကတစ်ဆင့် လျှပ်စစ်စွမ်းအင်ထုတ်ယူသုံးစွဲဖို့ ပြင်ဆင်နေပါတယ်"ဟု ဒုတိယခရိုင်မှူးက ပြောကြားသည်။

ထို့နောက် ခရိုင်အရာရှိ ဦးမောင်မောင်သန်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်နေသော စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုလုပ်ငန်းရပ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်သန့်ရှင်းရေးဌာန တာဝန်ခံ ဦးတင်မျိုးထွေးက မြို့နယ်အတွင်း အမှိုက်များသိမ်းဆည်း ရှင်းလင်းပေးနေမှု ဝန်ဆောင်ခအဖြစ် အိမ်ထောင်စုတစ်စုလျှင် တစ်ရက် ကျပ် ၁၀ နှုန်းဖြင့် တစ်လ ကျပ် ၃၀၀ ကောက်ခံနေပါကြောင်း ရှင်းလင်းပြောကြားကြသည်။

အခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်သန့်ရှင်းရေးဌာနမှ တာဝန်ခံနှင့်ဝန်ထမ်းများ၊ ကြိုစန်းရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ၊ ကွက်သစ်ခမ်းမရုံ အကျိုးဆောင်အဖွဲ့ဝင်များ၊ အခြားဖိတ်ကြားထားသူများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်သုည**

# ရော်ဘာခြံလုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေး

**ကျိုက်ထို အောက်တိုဘာ ၃၀**
ကျိုက်ထိုမြို့နယ်စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဦးစီးဌာနမှ ရော်ဘာခြံလုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ ရက်က ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ရာ မြို့နယ်စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာနဦးစီးမှူး ဦးကျော်စွာလှိုင်က ရော်ဘာပျိုးပင် မျိုးပင်များနှင့်ပတ်သက်၍လည်းကောင်း၊ ပိုးမွှားရောဂါအန္တရာယ်နှင့် မြေဆီလွှာထိန်းသိမ်းရန်နည်းပညာအကြံဉာဏ်များလိုအပ်ပါက ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး တက်ရောက်လာသည့်ရော်ဘာခြံလုပ်ငန်းရှင်များ သိရှိလိုသော မေးမြန်းချက်များအပေါ် ဦးကျော်စွာလှိုင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ဝင်းမောင်(ကျိုက်ထို)**

# စိမ့်စမ်းရေ သွယ်တန်းပေးမှုကြောင့် ရေလုံလောက်စွာ အသုံးပြုနိုင်တော့မည်

**နေပြည်တော် အောက်တိုဘာ ၃၀**
နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျောက်ဖျာကျေးရွာအုပ်စု ကျောက်ဖျာကျေးရွာ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအား ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဝင်းစိုး၊ ခရိုင်အဆင့် QC\WD အဖွဲ့များ၊ ဇေယျာသီရိမြို့ တာဝန်ခံအင်ဂျင်နီယာ ဦးဝေလွင်ဖြိုးနှင့် ကျေးလက်ဝန်ထမ်းများသည် အောက်တိုဘာ ၂၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ယခုကဲ့သို့ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးသွားပါက ကျောက်ဖျာကျေးရွာတွင် နေထိုင်ကြသည့် အိမ်ခြေ ၉၇ အိမ်ရှိ လူဦးရေ ၄၄၉ ဦးတို့အနေဖြင့် တစ်နှစ်ပတ်လုံး ရေကိုလုံလောက်စွာ သုံးစွဲနိုင်တော့မည်ဖြစ်သည်။ အဆိုပါ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ကျပ်သန်း ၁၈ ဒသမ ၉၀ ဖြင့် Asia Scenery Co.,Ltd မှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**(ရွှေရဲရင့်)**

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

# တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချင်းတွင်းအထက်ပိုင်းဒေသများသို့ ပြန်လည်ထွက်ခွာမည့် အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများကို သွားလာမှုအဆင်ပြေစေရေး စီစဉ်ပေးမည်

**မုံရွာ အောက်တိုဘာ ၃၀**

မုံရွာတက္ကသိုလ်တွင် အဝေးသင်စာမေးပွဲလာရောက်ဖြေဆိုကြသည့် ချင်းတွင်းအထက်ပိုင်းဒေသများမှ ကျောင်းသား ကျောင်းသူများ အပြန်ခရီးစဉ် အဆင်ပြေမှုရှိစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မုံရွာမြို့ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ နိုဝင်ဘာ ၂ ရက်တွင် ရေယာဉ်နှစ်စင်းဖြင့် စီစဉ်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အထက်ချင်းတွင်းဒေသမှ မုံရွာတက္ကသိုလ်တွင် အဝေးသင်စာမေးပွဲလာရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ သုံးရာကျော်ရှိရာ အပြန်ခရီးတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဆိုင်ကယ်များကို ကုန်တင်ရေယာဉ်များဖြင့် လည်းကောင်း၊ ကျောင်းသား ကျောင်းသူများကို ခရီးသည်တင်အမြန်ရေယာဉ်များဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မုံရွာမြို့ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ စီစဉ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"အထက်ချင်းတွင်းဒေသတွေကို လိုက်ပါလိုတဲ့ အဝေးသင်ကျောင်းသား ကျောင်းသူတွေအနေနဲ့ နိုဝင်ဘာ ၁ ရက်မှာ မော်တော်ဆိုင်ကယ်တွေကို ဇော်ဟိန်းနဲ့ မြကမ္ဘာစိုးကုန်တင် အမြန်ရေယာဉ်နှစ်စင်းပေါ်ကို အပြီးတင်ရပါမယ်။ ချင်းတွင်းအထက်ပိုင်းဒေသတွေဖြစ်တဲ့ ခန္တီး၊ ဟုမ္မလင်း၊ မော်လိုက်၊ ဖောင်းပြင်၊ ကလေးဝ၊ မင်းကင်းနဲ့ ကနီမြို့နယ်ကို လိုက်ပါမယ့် ကျောင်းသား ကျောင်းသူတွေအနေနဲ့ကတော့ ရွှေပြည်ကမ္ဘာအသင်းက ရေယာဉ်တစ်စင်းရယ်၊ နိုင်မင်းဆန်းရေယာဉ်နဲ့ နိုဝင်ဘာ ၂ ရက် နံနက်၅နာရီမှာ မုံရွာမြို့ ကျောက်ဆောင်ဆိပ်ကမ်းကနေ စတင်ထွက်ခွာမှာပါ။

"ကနီမြို့နယ်ထဲသွားမယ့် ကျောင်းသား ကျောင်းသူတွေအနေနဲ့က မင်းကင်းသွားမယ့် ကံသာအောင်ရေယာဉ်နဲ့ မုံရွာမြို့ကနေ နိုဝင်ဘာ ၂ ရက် နံနက်၁၀နာရီမှာ ထွက်ခွာမှာပါ။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ မုံရွာတက္ကသိုလ်ကနေ ချင်းတွင်းမြစ်ကမ်းဘေးကျောက်ဆောင်ဆိပ်ကမ်းကိုရောက်အောင် ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနဲ့ မြို့နယ်ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီတို့က မော်တော်ယာဉ်တွေနဲ့ အခမဲ့စီစဉ်ပို့ဆောင်ပေးမှာပါ။ ရေယာဉ် စီးနင်းခနဲ့ ကုန်တန်ဆာခတွေကိုတော့ သက်ဆိုင်ရာ ကျောင်းသား ကျောင်းသူတွေက ကျခံရမှာပါ။ ကျွန်တော်တို့က ခရီးသွားလာမှု အဆင်ပြေစေဖို့အတွက် စီစဉ်ပေးတာပါ" ဟု မုံရွာမြို့ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုံရွာတက္ကသိုလ်တွင် အဝေးသင်စာမေးပွဲလာရောက်ဖြေဆိုပြီး ပြန်လည်ထွက်ခွာရန်အတွက် ခန္တီးမြို့နယ်မှ ကျောင်းသား ကျောင်းသူ ၁၃ ဦးနှင့် ဆိုင်ကယ် သုံးစီး၊ ဟုမ္မလင်းမြို့နယ်မှ ကျောင်းသား ကျောင်းသူ ၁၃၃ ဦးနှင့် ဆိုင်ကယ် ၂၇ စီး၊ မော်လိုက်မြို့နယ်မှ ကျောင်းသား ကျောင်းသူ ၂၈ ဦးနှင့် ဆိုင်ကယ် ၁၀ စီး၊ ဖောင်းပြင်မြို့နယ်မှ ကျောင်းသား ကျောင်းသူ ၇၆ ဦးနှင့် ဆိုင်ကယ် ၁၆စီး၊ ကလေးဝမြို့နယ်မှ ကျောင်းသား ကျောင်းသူ နှစ်ဦးနှင့် ဆိုင်ကယ်တစ်စီး၊ မင်းကင်းမြို့နယ်မှ ကျောင်းသား ကျောင်းသူ ၂၄ ဦးနှင့် ဆိုင်ကယ် ၁၁ စီးနဲ့ ကနီမြို့နယ်မှ ကျောင်းသား ကျောင်းသူ ၂၆ ဦးနှင့် ဆိုင်ကယ် ၁၀ စီး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၀၂ ဦးနှင့် မော်တော်ဆိုင်ကယ် ၇၈ စီးကို စာရင်းပေးသွင်းထားကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

## ဆောင်းရာသီကာလအတွက် ယေဘုယျ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ် ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

**ညအပူချိန်**

ညအပူချိန်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဆောင်းရာသီကာလ၏ ပျမ်းမျှအပူချိန်တို့ထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဆောင်းရာသီကာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

ဆောင်းရာသီကာလအတွင်း ဒေသအလိုက် မြူထူဆိုင်းလေ့ရှိပြီး ကမ်းရိုးတန်းဒေသများ၊ ကုန်းမြင့်၊ တောင်တန်းဒေသတို့တွင် ပိုမိုထူထပ်စွာ မြူထူဆိုင်းတတ်သည်။ မြူအခြေအနေခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၅ ရက်ခန့် လအလိုက်မြူထူများ ဆိုင်းနိုင်သည်။

## အဆင့်မြင့်စက်ချုပ်သင်တန်း(၄/၂၀၁၆) ဆင်းပွဲ ကျင်းပ

**ဒီးမော့ဆို အောက်တိုဘာ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အထောက်အကူပြုနိုင်စေရန်အတွက် အဆင့်မြင့်စက်ချုပ်သင်တန်း(၄/၂၀၁၆)ဆင်းပွဲကို ယနေ့ နံနက် ၉ နာရီက ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ရွှေယောက်ရပ်ကွက်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘောစကိုက အမှာစကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က မြို့နယ်အတွင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော သင်တန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းကာလအတွင်း ပထမ၊ ဒုတိယ၊ တတိယရရှိသော သင်တန်းသူများကို ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ဆိုင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေတို့က ဆုများချီးမြှင့်ပြီး သင်တန်းသူများပြုလုပ်ထားသော ပစ္စည်းများကို တာဝန်ရှိသူများက သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် သင်တန်းဆင်း လက်မှတ်များကို မြို့နယ်ဦးစီးမှူးက ပေးအပ်ခဲ့သည်။

ထို့နောက် သင်တန်းဆင်းပွဲသို့ တက်ရောက်လာကြသော ပြည်နယ်ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများက သင်တန်းသူများ လက်တွေ့ပြုလုပ်ဆောင်ရွက်လျက်ရှိသော ရင်ဖုံး၊ ဖြတ်ဆက် ဘလောက်(စ်)၊ ဖြတ်ဆက် နောက်ခွဲ၊ သုံးလွှာ၊ လေးလွှာ စကတ်၊ ဘောင်းဘီနှင့် ရှပ်လက်ရှည်/တိုပန်းဆိုင်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**



## ရှာငံဒေသရောက်ဘုရားဖူးများ မြသပိတ်ရေပြာအိုင်သို့ သွားရောက်မှုများပြား

**ရှာငံ အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာငံဒေသသို့ရောက်သူတိုင်း မြသပိတ်ရေပြာအိုင်သို့ သွားရောက်သူ များပြားလျက်ရှိသည်။ မြသပိတ်ရေပြာအိုင်မှာ ရှာငံမြို့နယ်မြင်ကျဒိုးကျေးရွာအုပ်စု တောကျယ်ကျေးရွာအနီးတွင် တည်ရှိသော ရေအိုင်တစ်အိုင်ဖြစ်သည်။ သဘာဝအတိုင်း ရေပြာနေပြီး ရေအိုင်မှာ ကြည်လင်နေသည်။ အိုင်အတွင်းကျရောက်သော အရာဝတ္ထုများကို မြင်တွေ့ရသည်အထိ ကြည်လင်နေသော ရေအိုင်ဖြစ်သည်။ မြသပိတ်ရေပြာအိုင်သို့ လာရောက်သူများပြားလာသည်မှာ နှစ်နှစ်ခန့်ရှိပြီဖြစ်ပြီး ဒေသခံများကမူ ရေပြာအိုင်ကို အလေးထားကြသည်။

ရေပြာအိုင် ဝန်းကျင်တွင် အမှိုက်များစွန့်ပစ်ခြင်း၊ မတော်မလျော် ပြုမူပြောဆိုခြင်း၊ ရေချိုးရေခပ်ခြင်း၊ ခြေလက်ဆေးကြောခြင်း မလုပ်ရပေ။ ရေပြာအိုင်အနီးတွင် ဒေသထွက်သစ်သီးသစ်နှံများ၊ သစ်ခွပန်းပင်များ ရောင်းချကြသည်။ ရှာငံဒေသ ဘုရားဖူးသွားရောက်သူတိုင်း မြသပိတ်ရေပြာအိုင်၊ မိန်းမရဲတောင်နှင့်အတူ ပြဒါးလင်းဂူသို့ သွားရောက်ကြသည်။

လက်ရှိကာလ အခါကြီးရက်ကြီးများ၊ ရုံးပိတ်ရက်များတွင် မြသပိတ်ရေပြာအိုင်သို့ ဘုရားဖူးဧည့်သည်များ လာရောက်မှု များပြားလျက်ရှိသည်။ ကျန်သည့်ရက်များတွင်လည်း ပုံမှန်လာရောက်ကြသည်။ မြသပိတ်ရေပြာအိုင်ကို အခြေပြုကာ ရေပြာအိုင်အနီးတွင်လည်း ဒေသထွက်သစ်သီးသစ်နှံများ ရောင်းချသည့် ဆိုင်ခန်းကလေးများဖြင့် စည်ကားလျက်ရှိပြီး အရောင်းအဝယ်ကောင်းကာ ဒေသခံများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**


## ဝါးခယ်မတွင် အင်္ဂမတန်း စွမ်းရည်မြင့်မားအောင်မြင်ရေး အလုပ်ရုံဆွေးနွေး

**ဝါးခယ်မ အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အနေဖြင့် အခြေခံပညာ အလယ်တန်း(အဋ္ဌမတန်း) စာမေးပွဲကို ယခင်နှစ်များထက် စွမ်းရည်မြင့်မား အောင်မြင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို အထက(၁) ဒေါ်ပိုက်မိခန်းမ၌ အောက်တိုဘာ ၂၉ ရက် နံနက် ၈ နာရီခွဲက ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဝါးခယ်မမြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်သိန်းငွေနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဆရာကြီး ဦးအေးကြွယ်တို့က တက်ရောက်လာသော မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီးမှ အဋ္ဌမတန်း ဘာသာရပ်သင်ဆရာ ဆရာမများအား ဘာသာရပ်တိုင်း စွမ်းရည်ပြည့်ဝကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားပြသပေးနိုင်ရေး၊ အချင်းချင်းသင်ကြားမှုနည်းပညာများ ဖလှယ်ရယူနိုင်စေရေး၊ ထူးချွန်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပိုမိုပေါ်ထွက်လာစေရေး၊ သင်ကြားမှုဆိုင်ရာ နည်းပညာများ တစ်ဦးနှင့်တစ်ဦး ဆွေးနွေးညှိနှိုင်း ကူညီအားဖြည့် ဆောင်ရွက်ပေးသွားရန်နှင့် တက်ညီလက်ညီကြိုးစားဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို အဋ္ဌမတန်း အင်္ဂလိပ်စာဘာသာရပ်သင်၊ သင်္ချာဘာသာရပ်သင် ဆရာ ဆရာမ ၁၄၂ ဦးအား ဦးဆောင်ဆွေးနွေးမည့် ဆရာ ဆရာမ ရှစ်ဦးဖြင့် နှစ်ရက်ကြာပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးချက်များအပေါ် သင်ကြားမှုနည်းမှတ်စုများ၊ ကောက်နုတ်ချက်များနှင့် သင်ကြားမှုအပေါ် ဆုံးဖြတ်ချက်များကို မှတ်တမ်းတင်ပြီး ဘာသာရပ်အလိုက် ဆွေးနွေးချက်များကို အခြေခံပညာကျောင်းများသို့ ပြန်လည်လေ့လာနိုင်စေရေး ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **လွှမ်းသီဟ(ဝါးခယ်မ)**




## နမ္မတူမြို့နယ်တွင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**နမ္မတူ အောက်တိုဘာ ၃၀**

ကျောက်မဲခရိုင် နမ္မတူမြို့နယ်တွင် မူးယစ်ဆေးဝါး အန္တရာယ်အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် နမ္မတူမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲစခန်းမှူးက မူးယစ်ဆေးဝါး ပြစ်မှုပြစ်ဒဏ် ဥပဒေများအကြောင်း အသိပညာပေးဟောပြောခဲ့သည်။ ဆက်လက်၍ မြို့နယ်ကျန်းမာရေးတာဝန်ခံက မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ရရှိနိုင်သည့် ရောဂါများ၊ ဆိုးကျိုးများနှင့် အကယ်၍ ရောဂါဖြစ်ပွားလာပါက ကုသနည်းများကို အသိပညာပေးဟောပြောခဲ့ကြသည်။

**ကျောက်မဲ(ပြန်/ဆက်)**



## ဒရိတ်နဲ့ တေလာဆွစ်တို့ တွဲနေကြပြီလား

အမေရိကန်ပေါ့ပ်စတား တေလာဆွစ်နဲ့ ရက်ပ်ပါတစ်ဦးဖြစ်သူ ဒရိတ်တို့ရဲ့ သို့လောသို့လောသတင်းတွေဟာ လတ်တလောမှာ ဟောလိဝုဒ်မီဒီယာတွေအကြား ရေပန်းအစားဆုံးဖြစ်နေခဲ့ပါတယ်။ မကြာသေးမီက ပြုလုပ်ခဲ့တဲ့ ဒရိတ်ရဲ့မွေးနေ့ပါတီမှာလည်း သူတို့နှစ်ဦးကို တပူးတွဲတွဲတွေ့ခဲ့ရပြီး ဒရိတ်က တေလာကို သူ့ရဲ့မိဘတွေနဲ့ မိတ်ဆက်ပေးခဲ့တဲ့အတွက် အမြဲဇာတ်လမ်းအသစ်တွေဖန်တီးနေတတ်တဲ့ တေလာတစ်ယောက် ဒရိတ်ဘက်ကိုများ ခြေဦးလှည့်နေပြီလားရယ်လို့ အားလုံးက ထင်ကြေးပေးနေကြပါတယ်။

တေလာနဲ့ ဒရိတ်ရဲ့မိဘတွေ တွေ့ဆုံခဲ့ရာမှာတော့ သူတို့က တေလာဟာ အမျိုးသမီးကောင်းတစ်ဦးဖြစ်ပေမယ့် သူတို့ရဲ့သားနဲ့တွဲဖက်ဖို့ရာ ကောင်းလွန်းနေတဲ့ မိန်းကလေးဖြစ်တာကြောင့် သူတို့အမြင်မှာတော့ မလိုက်ဖက်သလို ဒရိတ်အနေနဲ့လည်း ဒီလို မိန်းကလေးမျိုးနဲ့ လက်တွဲဖို့ လုံလောက်အောင် မရင့်ကျက်သေးဘူးလို့ ဆိုခဲ့ကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

သူတို့နှစ်ဦးကို လွန်ခဲ့တဲ့သုံးနှစ်ခန့်ကစပြီး ဟောလိဝုဒ်ရဲ့ အခမ်းအနားတွေမှာ အတူတွဲတွေ့ရလေ့ရှိပါတယ်။ ဒါပေမယ့် အောက်တိုဘာလလယ်ခန့်က ကျင်းပခဲ့တဲ့ ဒရိတ်ရဲ့မွေးနေ့မှာ သူတို့နှစ်ဦးရဲ့အမူအရာတွေဟာ သူငယ်ချင်းတွေထက်ပိုနေတာတွေ့ရတာကြောင့် ယခုလို ကောလာဟလတွေကြီးထွားလာခဲ့တာဖြစ်ပါတယ်။

မကြာသေးမီက ဒရိတ်ဟာ ပေါ့ပ်ဘုရင်မတစ်ဦးဖြစ်တဲ့ ရီဟားနားနဲ့ လမ်းခွဲခဲ့သူလည်းဖြစ်ပါတယ်။ တေလာနဲ့ ဒရိတ်တို့ရဲ့ လတ်တလောအခြေအနေအပေါ် ရီဟားနားက တေလာအနေနဲ့ ဒရိတ်ကို ချစ်သူအဖြစ် လက်တွဲခဲ့မယ်ဆိုပါက တစ်သက်တာလုံးအသည်းကွဲသီချင်းတွေကိုပဲ ရေးသားနေရတော့မှာဖြစ်ကြောင်း သတိပေးစကားပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

## ကနေဒါမှာရုပ်ရှင်ရိုက်ကူးနေတဲ့ ဂွန်ယိုးနဲ့ ကင်မ်ဂိုအွန်း

တောင်ကိုရီးယားရဲ့ထိပ်တန်းကြယ်ပွင့်တွေဖြစ်ကြတဲ့ မင်းသားဂွန်ယိုးနဲ့ မင်းသမီးကင်မ်ဂိုအွန်းတို့ဟာ tvNရဲ့ ဒရမ်မာဇာတ်လမ်း “Goblin”ကို ကနေဒါနိုင်ငံမှာ သွားရောက်ရိုက်ကူးလျက်ရှိတယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါရုပ်ရှင်ရိုက်ကွင်းပေါ်ကပုံတွေကို ပရိသတ်တွေက အွန်လိုင်းမီဒီယာတွေပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့တာဖြစ်ပြီး ယင်းဓာတ်ပုံတွေအရ မင်းသားနဲ့ မင်းသမီးတို့ နှစ်ဦးဟာ စပျစ်ခြံတစ်ခုမှာ စတင်တွေ့ဆုံခဲ့ကြပြီး ချစ်သူတွေဖြစ်ခဲ့ကြပုံကို ပုံဖော်ထားတဲ့ အချစ်ဇာတ်လမ်းဖြစ်ပုံရပါတယ်။ ယင်းရုပ်ရှင်ရဲ့ ဇာတ်လမ်းအသေးစိတ်ကိုတော့ ထုတ်ဖော်ပြောကြားခြင်းမရှိသေးပါဘူး။

ယခုရိုက်ကူးလျက်ရှိတဲ့ရုပ်ရှင်ဟာ အာရှမှာအောင်မြင်ခဲ့တဲ့ရုပ်ရှင် “Train To Busan” အပြီး မင်းသားဂွန်ယိုးရဲ့ပထမဦးဆုံးပြန်လည်ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်လည်းဖြစ်ပါတယ်။

“Goblin”ကဲ့သို့ နိုင်ငံရပ်ခြားမှာ သွားရောက်ရိုက်ကူးခဲ့အောင်မြင်ခဲ့တဲ့ ရုပ်ရှင်တွေကတော့ “ Descendants of the Sun ”နဲ့ မကြာမီပြသတော့မယ့် မင်းသားလီမင်ဟိုခေါင်းဆောင်ပါဝင်ထားတဲ့ “ Legend of the Blue Sea” တို့ပဲဖြစ်ပါတယ်။





## ဝတ်စုံအသစ်နဲ့ ခရစ်ဟမ်းစ်ဝါ့သ်



အသက် (၃၂)နှစ်အရွယ် ဟောလိဝုဒ်ရဲ့ နာမည်ကျော် မင်းသားခရစ်ဟမ်းစ်ဝါ့သ်က “Thor:Ragnarok”ရုပ်ရှင်မှာ ဝတ်ဆင်မယ့် သူ့ရဲ့ဝတ်စုံသစ်နဲ့ပုံကို ပြီးခဲ့တဲ့ သောကြာနေ့က ပထမဆုံးအကြိမ်အဖြစ် သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

မိုးကြိုးနတ်ဘုရားတစ်ပါးအဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ မင်းသားခရစ်ဟမ်းစ်ဝါ့သ်ဟာ ယခင်ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်တွေမှာဝတ်ဆင်ခဲ့တဲ့ ဝတ်စုံနဲ့ မတူဘဲ လာမယ့်ရုပ်ရှင်မှာ ဝတ်စုံသစ်ကို ပြောင်းလဲဝတ်ဆင်ခဲ့တာဖြစ်ပါတယ်။ ယခုဝတ်စုံဟာ ယခင်ဝတ်ဆင်ခဲ့တဲ့ သောရဲ့ဝတ်စုံထက် ပိုမိုရိုးရှင်းတာကို တွေ့ရပါတယ်။

စတစ်ဖန်နီဖောဆန်ရေးသားပြီး တိုင်ကာဝိန့်တစ်တီက တာဝန်ယူရိုက်ကူးပေးကာ မာဘယ်ရုပ်ရှင်ထုတ်လုပ်ရေးက ဖြန့်ချိသွားမယ့် “ Thor:Ragnarok”ကို အမေရိကန်နိုင်ငံတစ်ဝန်း၌ လာမယ့် ၂၀၁၇ခုနှစ် နိုဝင်ဘာ ၃ရက်က စတင်ပြီး ရုံတင်ပြသသွားမှာဖြစ်ကြောင်း သိရပါတယ်။

## နယူးအော်လန်ကအိမ်ကို ရောင်းချခဲ့တဲ့ ဘရက်ပစ်နဲ့ ဂျိုလီ

လတ်တလောမှာ အပြီးသတ်ကွာရှင်းပြတ်စဲဖို့ ဆောင်ရွက်နေကြတဲ့ ဟောလိဝုဒ်ရဲ့ အကျော်ကြားဆုံး စုံတွဲတစ်တွဲဖြစ်တဲ့ ဘရက်ပစ်နဲ့ အန်ဂျလီနာဂျိုလီတို့နှစ်ဦးဟာ လူဝစ်ရှိုင်းနားပြည်နယ် နယူးအော်လန်မှာရှိတဲ့ သူတို့နှစ်ဦးပိုင်အိမ်ကို ရောင်းချခဲ့ကြောင်း ဖောက်ဇ်နယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

၂၀၀၇ ခုနှစ်က အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ သန်းနဲ့ ဝယ်ယူခဲ့တဲ့ အဆိုပါအိမ်ကြီးကို ဒေါ်လာ ၄ ဒသမ ၉ သန်းနဲ့ ပြန်လည်ရောင်းချခဲ့တာဖြစ်ကြောင်း သိရပါတယ်။

ကွာရှင်းဖို့ စီစဉ်ခဲ့ပြီးတဲ့နောက် သူတို့နှစ်ဦးဟာ ပိုင်ဆိုင်မှုတွေကို စတင်ရောင်းချလျက်ရှိရာ အောက်တိုဘာလလယ်ခန့်က ပြင်သစ်မှာရှိတဲ့ သူတို့နှစ်ဦးပိုင် စပျစ်ခြံနဲ့ အိမ်ကိုလည်း ရောင်းချခဲ့ပါတယ်။

၂၀၀၅ ခုနှစ်အတွင်း ချစ်သူတွေအဖြစ် စတင်လက်တွဲခဲ့ကြပြီး ၂၀၁၄ ခုနှစ်မှာ တရားဝင်လက်ထပ်ခဲ့ကြတဲ့ ဘရက်ပစ်နဲ့ ဂျိုလီတို့ဟာ ယခုအချိန်မှာတော့ တစ်လမ်းစီလျှောက်ကြပြီဖြစ်ပါတယ်။ လူ့အခွင့်အရေးလှုပ်ရှားသူတစ်ဦးဖြစ်တဲ့ဂျိုလီက ဘရက်ပစ်ဟာ ကလေးတွေကို နှိပ်စက်တယ်လို့စွပ်စွဲပြီး ယင်းလုပ်ရပ်ကိုလည်း လုံးဝလက်မခံနိုင်တဲ့အတွက် လမ်းခွဲဖို့ စတင်တောင်းဆိုခဲ့တာဖြစ်ပါတယ်။ ဘရက်ပစ်နဲ့ ဂျိုလီတို့ အတူရှိခဲ့စဉ်အတွင်း သားသမီးသုံးဦးမွေးဖွားခဲ့ကာ အခြားသားသမီးသုံးဦးကိုလည်း မွေးစားခဲ့ပါတယ်။ လတ်တလောမှာ ဂျိုလီက သူ့ရဲ့ကလေးခြောက်ဦးနဲ့အတူ နေထိုင်လျက်ရှိကြောင်း သိရပါတယ်။

အေးပြည့် - ရေးသားသည်။

## ကြောင်များနေ့ကို နာမည်ကျော်များစွာပါဝင်ဆင်နွှဲ

ပြီးခဲ့တဲ့ အောက်တိုဘာ ၂၉ ရက်မှာ ကျရောက်ခဲ့တဲ့ အမေရိကန်နိုင်ငံရဲ့ ကြောင်များနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ဟောလိဝုဒ်အကျော်အမော်များစွာက သူတို့ရဲ့ချစ်စရာကြောင်လေးတွေနဲ့ အတူ ရိုက်ကူးထားတဲ့ဓာတ်ပုံတွေကို လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ဖော်ပြခဲ့ကြကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါ အနုပညာရှင်တွေထဲမှာ တေလာဆွစ်၊ မိုင်လီဆိုင်းရပ်စ်နဲ့ အက်ဒ်ရှီရန်တို့လို နာမည်ကျော်တွေလည်း ပါဝင်ကြပြီး ယင်းနေ့ကို နိုင်ငံတစ်ဝန်းမှာရှိတဲ့ ကြောင်ချစ်သူတွေက အထိမ်းအမှတ်နေ့တစ်နေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ကြတာဖြစ်ကြောင်းလည်း သိရပါတယ်။

## မြဝတီရုပ်မြင်သံကြား

၃၁-၁၀-၂၀၁၆(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | ၁၂း၃၀ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၇း၁၆ | မေတ္တာပို့ | ၁၂း၄၅ | Guide For You |
| ၇း၂၀ | ဓမ္မပူဇာတေး | ၄း၂၀ | စိုက်ပျိုးသုတ |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ | ၄း၃၀ | ရင်မှာစွဲလန်းတော်ဝင်ပန်း |
| ၈း၁၀ | အမျိုးသားရေးတေးကဗျာ | ၄း၄၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၈း၁၅ | ရှေးဟောင်းသုတ | ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| ၈း၂၀ | DVD Hits | | - မင်းသမီးနဲ့ကျွန်တော် |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ | | အပိုင်း(၆၇) |
| ၉း၁၀ | နှစ်(၇၀)ကျော်ကြားတေးများ | ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| ၉း၂၀ | ကျန်းမာသုတ | | - အရုဏ်ဦးရဲ့ ပန်းသခင် |
| ၉း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း | | အပိုင်း(၆၈) |
| ၁၀း၀၀ | Casual Talk | ၆း၂၀ | သံစဉ်လမ်းကလင်းလက်ကြယ် |
| ၁၀း၁၅ | အစွန်းလွတ်ရာဆီသို့ | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| ၁၀း၂၅ | မေးမြန်းစူးစမ်း | | - မြစ်တစ်စင်းရဲ့အလကာ |
| ၁၀း၄၅ | သီချင်းလက်ဆောင် | | အပိုင်း(၆၂) |
| ၁၁း၁၀ | မြန်မာ့ရှုခင်း | | - ဘောလုံးကန်ကြမယ် |
| ၁၁း၂၅ | ပျိုပျိုမေ | | - ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် |
| ၁၁း၃၅ | Cooking Art | | - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း |
| ၁၂း၀၀ | အောင်မြင်ကျော်ကြားဓာတ်ပြားရတေးများ | | - လက်ခုပ်ထဲကမျက်ရည် |
| ၁၂း၁၅ | မြန်မာသံစဉ်ချိုနားဝင် | | အပိုင်း(၆) |

## ခေါင်းဆောင်မင်းသမီးတစ်ဦးရဲ့ ခံစားချက်ကို ဖွင့်ဟလာတဲ့ ကင်မ်ယိုဂျန်



ကလေးသရုပ်ဆောင်တစ်ဦးအဖြစ်မှသည် ခေါင်းဆောင်မင်းသမီးတစ်ဦးအဖြစ် အနုပညာခရီးလမ်းတလျှောက် အောင်မြင်မှုတွေကို ဆက်တိုက်ပိုင်ဆိုင်လာခဲ့တဲ့ တောင်ကိုရီးယားမင်းသမီးချော ကင်မ်ယိုဂျန်က သူ့ရဲ့ ခေါင်းဆောင် မင်းသမီးအဖြစ် ပထမဦးဆုံးအကြိမ် ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့တာနဲ့ပတ်သက်ပြီး ခံစားချက်တွေကို အောကေပေ့ါပ်ဒေ့ါကွန်းကို ဖွင့်ဟခဲ့ပါတယ်။

ကင်မ်ဟာ မကြာသေးမီက အောင်မြင်ခဲ့တဲ့ဇာတ်လမ်းတွဲရုပ်ရှင် “Moonlight Drawn By Clouds”မှာ ဟွန်းရာအွန်အဖြစ် ခေါင်းဆောင်မင်းသမီးနေရာက ပါဝင်သရုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။

“အဲဒီအချိန်တုန်းက အခက်အခဲတွေမရှိခဲ့ပါဘူးလို့ ပြောရင် ကျွန်မလိမ်ရာကျမှာပါ။ ပထမဆုံးအကြိမ် ခေါင်းဆောင်မင်းသမီးတာဝန်ယူရတော့ ကျွန်မကိုယ့်ကိုယ်ကို ယုံကြည်မှုတွေပျောက်ဆုံးခဲ့ရပါတယ်။ ဒါပေမယ့် ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်တွေက ချီးကျူးကြတယ်။ အားပေးစကားတွေပြောကြတယ်။ ဒါကျွန်မဘဝမှာ ချီးကျူးအခံရဆုံးအချိန်ပါပဲ။ သူတို့က ကျွန်မကို ယုံကြည်ကြောင်း၊ ဒါ့ကြောင့်ကျွန်မအနေနဲ့လည်း ကိုယ့်ကိုယ်ကို မယုံကြည်နိုင်စရာမရှိကြောင်း အားပေးခဲ့ကြပါတယ်။ အဲဒီစကားတွေက ကျွန်မကို အားအင်တွေအများကြီး မွေးဖွားပေးခဲ့တာပါ”လို့ ကင်မ်က မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ဖြေခဲ့ပါတယ်။

ဆက်လက်ပြီးကင်မ်က သူနဲ့တွဲဖက်သရုပ်ဆောင်ခဲ့တဲ့ မင်းသားပ့ါခ်ဘိုဂန်ရဲ့ ကူညီမှုတွေကိုလည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ကင်မ်က ပ့ါခ်ဘိုဂန်ရဲ့ ပွင့်လင်းရိုးသားတဲ့ဝေဖန်အကြံပေးမှုတွေက သူ့အတွက် များစွာအထောက်အကူ ရခဲ့ကြောင်းနဲ့ အပြန်အလှန်ရိုင်းပင်းကူညီခဲ့မှုတွေကြောင့် ရိုက်ကူးရေးလုပ်ငန်းတွေဟာ သက်သောင့်သက်သာနဲ့ အဆင်ပြေချောမွေ့ခဲ့တယ်လို့ ဆိုခဲ့ပါတယ်။

ကင်မ်ယိုဂျန်က သူ့ရဲ့အနာဂါတ်အိပ်မက်နဲ့ပတ်သက်ပြီး လူတိုင်းကိုလေးစားတဲ့၊ လူတိုင်းကလေးစားရတဲ့ သရုပ်ဆောင်ကောင်းတစ်ဦးဖြစ်ချင်ကြောင်းလည်း ဆိုခဲ့ပါတယ်။

## အားကစား

# ရီးယဲလ်မက်ဒရစ်ကို ဦးဆောင်ခွင့်က နည်းပြတိုင်းရဲ့ အိပ်မက်လား

မေလှဲ့သင်း



ဒေ့ါမွန် အမှုဆောင်အရာရှိချုပ် ဝက်ဇ်ကီးက ဂျာမန်ရုပ်သံလိုင်း ဇက်ဒီအက်ဖ်နဲ့ အင်တာဗျူးမှာ "ကျွန်တော်ဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးရှိသူပါ။ ဒါကြောင့် တက်ရှဲလ်ကို ရီးယဲလ်က လိုချင်နေတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်" လို့ ဖြေကြားခဲ့တဲ့ သတင်းဟာ အောက်တိုဘာ၂၃ရက်မှာ စတင်ထွက်ပေါ်လာခဲ့ပါတယ်။ ဝက်ဇ်ကီးရဲ့ ဒီလိုထုတ်ဖော်ပြောကြားခဲ့ပြီးနောက်မှာ တက်ရှဲလ်ဟာ ရီးယဲလ်နည်းပြ ဇီဒန်းနေရာ ဆက်ခံမယ့်သူအဖြစ် ထင်ကြေးပေးမှုတွေကို ဖြစ်ပေါ်လာစေခဲ့ပါတယ်။

ဒီလိုမှတ်ချက်စကားထွက်ပေါ်လာတာက ရီးယဲလ်မက်ဒရစ်လေးပွဲဆက် နိုင်ပွဲပျောက်သွားခဲ့တဲ့အချိန်မှာ ဒေ့ါမွန်ရဲ့ ရလဒ်တွေတောက်လျှောက်ကောင်းမွန်နေတာနဲ့ ဆက်စပ်တယ်လို့ ယူဆနိုင်ပါတယ်။ တက်ရှဲလ်ဟာဇီဒန်းထက် အသက်တစ်နှစ် ငယ်ရွယ်သူဖြစ်ပေမယ့် နည်းပြအတွေ့အကြုံပိုင်းမှာတော့ ဇီဒန်းထက် များစွာကြွယ်ဝသူလို့ ဆိုနိုင်ပါတယ်။

သူဟာ ၂၀၀၀ ပြည့်နှစ် အသက်(၂၇)နှစ်အရွယ်ကတည်းက စတုဂတ်လူငယ်အသင်းနဲ့ နည်းပြအတွေ့အကြုံတွေ စတင်ယူခဲ့ပြီး နောက်ငါးနှစ်အကြာ သူ့ရဲ့အသင်းဟောင်း အော့စ်ဘတ်အသင်းမှာ လူငယ်ပူးပေါင်းဆောင်ရွက်ရေး တာဝန်ခံအဖြစ် သုံးနှစ်ကြာ လုပ်ကိုင်ခဲ့ပါတယ်။ မိန့်ဇ်အသင်းကို ၂၀၀၉ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အထိ တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ပြီးခဲ့တဲ့ရာသီက ဂျာဂန်ကလော့ပ်ရဲ့ နေရာကို အစားထိုးတာဝန်ယူခဲ့တဲ့ ဒေ့ါမွန်နည်းပြအဖြစ် ခန့်အပ်ခံခဲ့ရပါတယ်။ သူဟာ ပြီးခဲ့တဲ့ ရာသီဂျာမန်ပိုကယ်ဖလားဗိုလ်လုပွဲနဲ့ ဘွန်ဒက်စ်လီဂါမှာ ဒုတိယနေရာနဲ့ ရာသီသိမ်းခဲ့ပြီး ခုရာသီမှာလည်း ဒေ့ါမွန်အအသင်းကို လမ်းကြောင်းမှန်ပေါ်တည့်မတ်အောင် ထိန်းထားနိုင်ဆဲအနေအထားပါ။

ဝက်ဇ်ကီးကတော့ ရီးယဲလ်ဘက်က အခုလို တက်ရှဲလ်ကို စိတ်ဝင်စားနေတဲ့ အခြေအနေပေါ် စိတ်မပူဘူးလို့ဆိုခဲ့ပြီး တက်ရှဲလ်ကလည်း ရီးယဲလ်ရဲ့ စိတ်ဝင်စားမှုတွေကို လျစ်လျူရှုဖို့ အားထုတ်သွားမယ်လို့ တုံ့ပြန်ခဲ့ပါတယ်။ ဒါပေမယ့်ဒီအခြေအနေကို ဒေ့ါမွန်အသင်းတာဝန်ရှိသူတွေရော တက်ရှဲလ်ရော ဘယ်လောက်ထိ တာရှည်ခံအောင် ထိန်းထားနိုင်မလဲဆိုတာ စောင့်ကြည့်ရဦးမှာပါ။

ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ်က ဇီဒန်းကို မခန့်အပ်ခင် ဂွါဒီယိုလာကိုလည်း ချိတ်ဆက်ခဲ့ပြီး ဂွါဒီယိုလာက မန်စီးတီးကို ရွေးချယ်ခဲ့လို့သာ ဂွါဒီယိုလာကို ရီးယဲလ်နည်းပြအဖြစ် မြင်တွေ့ရခြင်းမရှိခဲ့တာလို့ ဂွါဒီယိုလာရဲ့ သူငယ်ချင်းဖြစ်သူက ပြောကြားခဲ့ပါတယ်။ အဲဒီအချိန်က ရီးယဲလ်ကို ဘင်နီတက်ဇ်တာဝန်ယူနေဆဲ ကာလဖြစ်ပြီး နောက်ဆုံး ဒီလိုနာမည်ကြီး နည်းပြကို ခေါ်ယူလို့မရလို့သာ ဇီဒန်းကို အစားထိုးခန့်အပ်ခဲ့တာဖြစ်ပါတယ်။ ဇီဒန်းကို ခန့်အပ်ခဲ့ပြီးချိန်မှာ ရီးယဲလ်မက်ဒရစ် ရလဒ်ပိုင်းတွေတက်လာပြီး အဲဒီအချိန်မှာ ရီးယဲလ်အတွက် တစ်ခုတည်းသော ကျန်ရှိနေတဲ့ အခွင့်အရေးဖြစ်တဲ့ ချန်ပီယံလိဂ်ဖလားကို ရယူပေးနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဇီဒန်းရဲ့ နည်းပြ အတွေ့အကြုံနည်းပါးမှုဟာ ပီရက်ဇ်ရဲ့ အောင်မြင်မှုဆာလောင်စိတ်ကို အလုံးစုံ လုံခြုံမှု မပေးနိုင်တာကြောင့် ပီရက်ဇ်ဟာ အခြားအလားအလာရှိတဲ့ နည်းပြတွေကိုလည်း စောင့်ကြည့်နေတာဖြစ်ပါတယ်။

လက်ရှိရီးယဲလ်နည်းပြဇီဒန်းနဲ့ ရီးယဲလ်တို့ ချုပ်ဆိုထားတဲ့ စာချုပ်ဟာ လာမယ့် ၂၀၁၇-၂၀၁၈ရာသီအကုန်မှာ ကုန်ဆုံးမှာဖြစ်ပြီး အသင်းတိုးတက်ရေးကို ဇီဒန်း ကောင်းကောင်း ပုံမဖော်နိုင်ရင် ဒီသက်တမ်းကုန်ဆုံးတဲ့အထိတောင် အသင်းနဲ့ဆက်လက်လက်တွဲဖို့ အလားအလာမရှိပါဘူး။ ဇီဒန်းဟာ ဘင်နီတက်ဇ်နေရာ အစားထိုးခန့်အပ်ခံခဲ့ရပြီးနောက်မှာ ချန်ပီယံလိဂ်ဆုဖလားကို ရယူပေးနိုင်ခဲ့သလို ဒီနှစ်မှာလည်း လာလီဂါအမှတ်ပေးဇယားထိပ်ကို ဦးဆောင်ထားနိုင်တာကိုတွေ့ရပါတယ်။

ဒါဆို ရီးယဲလ်က ဇီဒန်းကို ထုတ်ပယ်စရာလိုလားဆိုတဲ့ မေးခွန်းရှိမှာပါ။ ရီးယဲလ်ရဲ့မူအရ နည်းပြတစ်ဦးဟာ တစ်ရာသီမှာ အနည်းဆုံးဖလားတစ်လုံးတော့ ဆွတ်ခူးပေးရမှာဖြစ်ပြီး လာလီဂါဟာ အခြားဥရောပလိဂ်တွေနဲ့ ယှဉ်ရင် ချန်ပီယံဖြစ်ဖို့ ပိုမိုခက်ခဲတဲ့ အခြေအနေတွေလည်း ရှိတာကြောင့် ဇီဒန်းသာ ဒီရာသီမှာ ကြီးမားတဲ့ အောင်မြင်မှုမဖော်ဆောင်နိုင်ရင် ထုတ်ပယ်ခံရဖို့ ရှိနေပါတယ်။

ရီးယဲလ်မက်ဒရစ်ဆိုတာ ကမ္ဘာပေါ်မှာ အချမ်းသာဆုံး ကလပ်အသင်းဖြစ်သလို လိုချင်တဲ့နည်းပြ၊ ကစားသမားတွေကို ရအောင်ခေါ်ပြီး အသင်းကို ကမ္ဘာ့အင်အားအကြီးဆုံး အနေအထားမှာပဲ ဆက်လက် လည်ပတ်နေစေဖို့ အားထုတ်နေတဲ့ အသင်းပါ။ နည်းပြတိုင်းက ရီးယဲလ်က ဆက်သွယ်လာတဲ့ ကိစ္စကို ဆုလာဘ်တစ်ခုလို အရေးထားပြီး လက်ရှိကိုင်တွယ်နေတဲ့အသင်းတွေကို စွန့်ခွာတတ်ကြတာဟာ ဘောလုံးလောကမှာသုံးနှစ်ကို တစ်ကြိမ်လောက် ပုံမှန်မြင်တွေ့နေရတဲ့ ဓလေ့လို့တောင် ပြောလို့ရပါတယ်။ အင်တာမီလန်နဲ့ ချန်ပီယံလိဂ် ဖလားဆွတ်ခူးခဲ့တဲ့ မော်ရင်ဟို ရီးယဲလ်ကို ချက်ချင်းဆိုသလိုပြောင်းရွှေ့လာတဲ့ကိစ္စ၊ ပီအက်စ်ဂျီကိုစွန့်ပြီးရီးယဲလ်နဲ့လာရောက်ပူးပေါင်းတဲ့ အန်စလော့တီတို့

ဟာ ခုနောက်ပိုင်း ပြ ... မ ... င ... တွေ့ခဲ့ရတဲ့အထင်ရှားဆုံး ဥပမာတွေ ဖြစ်ပါတယ်။

ဒါကြောင့်တက်ရှဲလ် လည်း ရီးယဲလ်ကို ရောက်သွားဦးမှာ လားဆိုတာ ဘယ်သူမှ တိတိကျကျ မဖြေနိုင်တဲ့ အဖြေဖြစ်ပါတယ်။

တက်ရှဲလ် ရီးယဲလ် ကို ရောက်လာမလားဆို တာ ရီးယဲလ်ရဲ့ ယခုနှစ် အောင်မြင်မှုအခြေအနေပေါ်မှာပဲ အလုံးစုံမှီတည်နေပါ တယ်။ ဒီအတွက် နည်းပြဇီဒန်းအနေနဲ့ ချန်ပီယံလိဂ် လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်ဖို့ လိုအပ်သလို လာလီဂါ၊ ကိုပါဒယ်ရေး ဖြစ်နိုင်သမျှ ဆုဖလားတွေလည်း သိမ်းပိုက်နိုင်ဖို့ လိုပါတယ်။ ဒီလိုမှမဟုတ်ရင်တော့ အခြားနည်းပြတွေထက် အာမခံချက်နည်းပါးတဲ့ ရီးယဲလ်နည်းပြဘဝကို ဇီဒန်းစောစောစီးစီး လက်ပြနှုတ်ဆက်ရဖို့ရှိနေပါတယ်။

ရီးယဲလ်မက်ဒရစ်ဟာ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ဇီဒန်းအပါအဝင်ဆို နည်းပြ ၁၃ ဦးအထိ ပြောင်းလဲတာဝန်ယူခဲ့ရပြီဖြစ်တာကြောင့် နည်းပြတစ်ဦးရဲ့ ပျမ်းမျှ သက်တမ်းဟာ တစ်ရာသီကျော်ကျော်သာ ရှိတဲ့ အနေအထားပါ။ နည်းပြတစ်ဦးဟာ ပျမ်းမျှ ၇၅ရာခိုင်နှုန်း လောက်နိုင်ပွဲရရင်တောင် ချန်ပီယံဆုဖလားမရရင် ထုတ်ပယ်ခံရပြီး ပယ်လီဂရီနီနဲ့ အန်စလော့တီတို့နှစ်ဦးထုတ်ပယ်ခံခဲ့ရတဲ့ ကိစ္စရပ် ကိုကြည့်ရင် ထင်ထင်ရှားရှားမြင်တွေ့ရမှာဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ်က ရီးယဲလ်ကို တာဝန်ယူခဲ့တဲ့ ဒယ်လ်ဘော့စကေးဆိုရင် သုံးရာသီအတွင်းချန်ပီယံ လိဂ်ဖလားနှစ်ကြိမ်၊ လာလီဂါဖလားနှစ်ကြိမ်၊ ယူအီးအက်ဖ်အေစူပါဖလားတစ်ကြိမ်စတဲ့ အောင်မြင်မှု တွေ ရယူနိုင်ခဲ့ပေမယ့် ၂၀၀၃ ခုနှစ်မှာ လာလီဂါဖလား ပဲရပြီး ချန်ပီယံလိဂ်ဖလား မရလို့ ထုတ်ပယ်ခံခဲ့ရဖူးပါတယ်။

ဒါကြောင့် ရီးယဲလ်မက်ဒရစ်ရဲ့ အောင်မြင်မှု အတိုင်းအတာဆိုတာ ပြည်တွင်းအောင်မြင်မှု တစ်ခုတည်းအပေါ် မမှီတည်ဘဲ ဥရောပအောင်မြင်မှုအထိ ဖြန့်ကြက်စဉ်းစားရမှာဆိုတော့ နည်းပြတိုင်းရဲ့ အိပ်မက်ဟာ ရီးယဲလ်အသင်းကို ဦးဆောင်ခွင့်ရလိုခြင်း ဖြစ်ပေမယ့် ရီးယဲလ်နည်းပြဖြစ်ရင် ထုတ်ပယ်ခံရဖို့ ၉၀ ရာခိုင်နှုန်းလောက် ရှိနေတာကြောင့် ခုနောက်ပိုင်းနှစ်တွေမှာ နာမည်ကျော်နည်းပြတွေရဲ့ ရီးယဲလ်ကို ဦးဆောင်ခွင့်ရလိုခြင်း အာသီသတွေဟာ တဖြည်းဖြည်း လျော့နည်းလာပါပြီ။

အန်စ လော့တီနဲ့ အဆင်မပြေချိန်မှာ မော်ရင်ဟို ပြန်ခေါ်ဖို့ ကြိုးစားတဲ့အခါ မအောင်မြင်တော့တဲ့ ဖြစ်ရပ်၊ ဂွါဒီယိုလာကို ဆွဲဆောင်လို့မရတာတွေ ဖြစ်ခဲ့ရတာကြောင့် အခုလို ကောက်ချက်ချနိုင်တာ ဖြစ်ပါတယ်။ ခုချိန်မှာတော့ နာမည်ကျော် နည်းပြအများ အပြား ဟာ ဖိအားများလွန်းတဲ့ ရီးယဲလ်နည်းပြ ဘဝထက် ငွေကြေးအင်အား တောင့်တင်း တဲ့ ပရီမီယာလိဂ်ကလပ် အသင်းတွေကို ပြောင်းလဲ တာဝန် ယူနေကြပြီဖြစ်တဲ့အတွက် နည်းပြတိုင်းရဲ့ အရင်အိပ်မက် က

### ၂၀၀၀ပြည့်နှစ်နောက်ပိုင်း ရီးယဲလ်မက်ဒရစ်နည်းပြအဖြစ် တာဝန်ယူခဲ့သူများ

| အမည် | လူမျိုး | တာဝန်ယူခဲ့သည့်ကာလ | ရရှိခဲ့သည့် ဆုဖလားများ |
|---|---|---|---|
| ဒယ်လ်ဘော့စကေး | စပိန် | ၁၉၉၉-၂၀၀၃ | လာလီဂါ ဖလားနှစ်ကြိမ်၊ ချန်ပီယံလိဂ် ဖလားနှစ်ကြိမ်၊ ကိုပါဒယ်ရေးဖလား တစ်ကြိမ်၊ ဥရောပစူပါဖလားတစ်ကြိမ် |
| ကားလို့စ်ကွီရော့ဇ် | ပေါ်တူဂီ | ၂၀၀၃-၂၀၀၄ | ကိုပါဒယ်ရေးဖလားတစ်ကြိမ် |
| ကမာချို | စပိန် | ၂၀၀၄မေလမှ ၂၀၀၄ခုနှစ် စက်တင်ဘာလ အထိ | |
| ဂါစီယာရေမွန် | စပိန် | ၂၀၀၄စက်တင်ဘာလမှ ၂၀၀၄ဒီဇင်ဘာလအထိ | |
| လူဇင်ဘာဂို | ဘရာဇီး | ၂၀၀၄မှ ၂၀၀၅ | |
| လိုပက်ဇ်ကာရို | စပိန် | ၂၀၀၅ဒီဇင်ဘာ၅ရက်မှ ၂၀၁၆ဇွန်၁ရက်အထိ | |
| ကာပယ်လို | အီတလီ | ၂၀၀၆မှ ၂၀၀၇ | လာလီဂါဖလားတစ်ကြိမ် |
| ဘက်ရှုစတား | ဂျာမနီ | ၂၀၀၇မှ ၂၀၀၈ | လာလီဂါဖလားတစ်ကြိမ်၊ ကိုပါဒယ်ရေးဖလားတစ်ကြိမ် |
| ရာမို့စ် | စပိန် | ၂၀၀၈မှ ၂၀၀၉ | |
| ပယ်လီဂရီနီ | ချီလီ | ၂၀၀၉-၂၀၁၀ | - |
| မော်ရင်ဟို | ပေါ်တူဂီ | ၂၀၁၀-၂၀၁၃ | လာလီဂါဖလား တစ်ကြိမ်၊ ကိုပါဒယ်ရေး ဖလားတစ်ကြိမ်၊ ဥရောပစူပါဖလားတစ်ကြိမ် |
| အန်စလော့တီ | အီတလီ | ၂၀၁၃-၂၀၁၅ | ချန်ပီယံလိဂ် ဖလားတစ်ကြိမ်၊ ကိုပါဒယ်ရေး ဖလားတစ်ကြိမ်၊ ကမ္ဘာ့ကလပ် ချန်ပီယံဖလားတစ်ကြိမ်၊ ဥရောပဖလား တစ်ကြိမ် |
| ဘင်နီတက်ဇ် | စပိန် | ၂၀၁၅ခုနှစ် ၂၀၁၆ ဇန်နဝါရီ ၄ရက် | |
| ဇီနက်ဒင်ဇီဒန်း | ပြင်သစ် | ၂၀၁၆ ဇန်နဝါရီ ၄ ရက် - ယခုထိ | ချန်ပီယံလိဂ် |

## ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ခင်ဦးမြို့နယ်၌ ဖွံ့ဖြိုးရေးလုပ်ငန်း(၄၈)ခုဆောင်ရွက်

**ခင်ဦး အောက်တိုဘာ ၃၀**

ပြည်ထောင်စုလွှတ်တော်ရုံး ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လွှတ်တော်ရန်ပုံငွေကျပ် သိန်း ၁၀၀၀ ကို ဩဂုတ်လက ခွင့်ပြုထုတ်ပေးခဲ့သည်။

ခွင့်ပြုရန်ပုံငွေကျပ် သိန်းတစ်ထောင်နှင့် ပြည်သူလူထုထည့်ဝင်ငွေများဖြင့် ပူးပေါင်းပြီး ရပ်ကွက် (၁) ရပ်ကွက်၊ ကျေးရွာ (၄၅) ရွာရှိ ဖွံ့ဖြိုးရေး လုပ်ငန်း (၄၈) ခုကို ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းများတွင် လမ်း (၃၂) လမ်း၊ တံတား (၉) စင်း၊ စာသင်ကျောင်း (၅) ကျောင်း၊ ကျေးရွာစာကြည့်တိုက် (၁)တိုက်နှင့် ထရန်စဖော်မာ (၁) လုံး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးအောင်ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေများကို လုပ်ငန်းပြီးစီးမှုအပေါ်မူတည်ပြီး အရစ်ကျထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

## မီးသတ်အဆောက်အအုံဆောက်လုပ်မှု ၇၅ ရာခိုင်နှုန်းပြီးစီး

**တနင်္သာရီ အောက်တိုဘာလ ၃၀**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၆၃၀ သိန်းဖြင့် မြိတ်ခရိုင် တနင်္သာရီမြို့နယ်-တကူကျေးရွာအုပ်စု တကူသံတိုက်ကျေးရွာတွင် ထူးထက်ရှိန် ကုမ္ပဏီမှတာဝန်ယူ ဆောက်လုပ်လျက်ရှိသော မီးသတ်အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ယာတို့မှာ ယခုအခါ ၇၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးသတ်အဆောက်အအုံမှာ ၄၅×၃၉×၁၅ ပေ RC ကွန်ကရစ်တစ်ထပ်အမျိုးအစားဖြစ်ပြီး ဝန်ထမ်းအိမ်ရာမှာ (၄၀×၅၀×၂၂) ပေ နှစ်ခန်းတွဲဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါမီးသတ်အဆောက်အအုံပြီးစီးပါက တကူကျေးရွာအုပ်စုနှင့် ရွာချင်းဆက်စပ်လျက်ရှိသည့် သာရဘွင်ကျေးရွာနေပြည်သူများအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် မီးဘေးကျရောက်ပါက ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကူညီဆောင်ရွက်ပေးနိုင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ **ထိန်ဝင်း(ပြန်ဆက်)**

# နှစ်စဉ်ကမ်းပါးပြိုမှုကြောင့် နေအိမ်များပြောင်းရွှေ့နေရသဖြင့် ရေကာတာဆောက်လုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ကျောက်ကြီး အောက်တိုဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းဒေသ လိန်ပင်ကျေးရွာသည် မုန်းချောင်းကမ်းပါးတွင် တည်ရှိနေသည့်ကျေးရွာဖြစ်ပြီး မိုးရာသီ ရေကြီးရေလျှံမှုများကြောင့် ကမ်းပါးများပြိုကျပြီး မုန်းချောင်းရေစီးသန်မှုကြောင့် ချောင်းကူးတံတားများ ကျိုးပျက်မျောပါခြင်းများလည်း ကြုံတွေ့ကာ ယင်းကျေးရွာသည် နှစ်စဉ်မိုးရာသီရောက်တိုင်း ချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျပြီး မုန်းချောင်းကမ်းပါးတစ်လျှောက် လူနေအိမ်များ ဘေးလွတ်ရာ ပြောင်းရွှေ့နေကြရသည့်အတွက် အရှည် ပေ ၂၈၀၀ ရှိ ရေကာတာအား မုန်းချောင်းကမ်းပါး လိန်ပင်ကျေးရွာတစ်လျှောက် နေရာလေးခုအား မတ်လမကုန်မီ အပြီးဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။



၂၀၁၂-၂၀၁၃ ခုနှစ်တွင် မုန်းကျေးရွာအုပ်စု လိန်ပင်ကျေးရွာတစ်လျှောက် ရေကာတာများ ဆောက်လုပ်ပေးနိုင်ရန် အဆင့်ဆင့်တင်ပြခဲ့မှုကြောင့် ယခု ၂၀၁၆-၂၀၁၇ ခုနှစ်တွင် နိုင်ငံတော်အစိုးရ ရန်ပုံငွေကျပ်သိန်း ၃၆၀၀ ဖြင့် အဆိုပါ ရေကာတာကို ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းရေကာတာဆောက်လုပ်ရေး စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဌေးအောင်နှင့် အဖွဲ့ဝင်များ၊ ကျောက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ငွေတို့က အောက်တိုဘာ ၂၈ ရက် ညနေ ၄ နာရီခန့်တွင် လိန်ပင်ကျေးရွာ မုန်းချောင်းကမ်းပါးတစ်လျှောက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသအုပ်ချုပ်ရေးမှူးများ ဒေသခံရပ်မိရပ်ဖများနှင့် တွေ့ဆုံကာရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပက်သက်ပြီး ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။ **ပန်းချီသန်းဝင်း(ကျောက်ကြီး)**

## တောင်သူပညာပေး မိုးစပါးစိုက်စနစ်ယှဉ်ပြိုင်စမ်းသပ်ကွက် ပညာပေးကွင်းသရုပ်ပြပွဲပြုလုပ်

**ပွင့်ဖြူ အောက်တိုဘာ ၃၀**

ကျေးလက်နေတောင်သူများ မိုးစပါးစိုက်ပျိုးစရိတ်တစ်ဧက ကုန်ကျစရိတ်နှင့် ပြန်လည်ရရှိမှုအပေါ် အကျိုးအမြတ်သိရှိနိုင်ရန်နှင့် အထွက်တိုး မျိုးစပါးများအား စိုက်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ တောင်သူပညာပေး မိုးစပါးစိုက်စနစ် ယှဉ်ပြိုင်စမ်းသပ်ကွက် ပညာပေးကွင်းသရုပ်ပြပွဲအား အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကန်ပြည့်ကျေးရွာအုပ်စု မကျီးရုံကျေးရွာ တောင်သူဦးထွန်းထွန်း၏ ကွင်းအမှတ် (၇၀၁)ရှိ စပါးစိုက်ခင်းတွင် ဆောင်ရွက်ခဲ့သည်။

ပညာပေးသရုပ်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဝင်းက တက်ရောက်လာသော တောင်သူများအား မိုးစပါးစိုက်နည်းစနစ် ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးရခြင်းအကြောင်း ရှင်းလင်းဟောပြောခဲ့ပြီး စမ်းသပ်စိုက်ကွက်များတွင် စိုက်ပျိုးထားရှိသော ကြဲခင်းစနစ်၊ Seeder စနစ်၊ SRI စနစ်၊ GAP စနစ်၊ ဗလာကွက်တို့ဖြင့် မနောသုခမျိုးစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေတို့အား လက်တွေ့ကွင်းဆင်းပြသရှင်းလင်းခဲ့သည်။ ထို့နောက် မနောသုခ မျိုးသန့်မျိုးပွား စံပြကွက် ၁၀ ဧကတွင် မိုးစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုတို့အား ကွင်းဆင်း ပြသခဲ့သည်။

ဆက်လက်၍ သရက်အုပ်ကျေးရွာအုပ်စု ကွင်းအမှတ် (၉၀၇)၊ရှိ စိုက်ပျိုးရေး သိပ္ပံကွင်းတွင် အရည်အသွေးကောင်း၊ သက်လျင်အထွက်ကောင်း မျိုးစပါးယှဉ်ပြိုင်စမ်းသပ်ကွက်တွင် ဧရာမင်းမျိုးစပါးနှင့် ရတနာတိုးမျိုးစပါး မျိုးစပ်ထားသည့် မျိုးယှဉ်ပြိုင် စမ်းသပ်ကွက်တွင် စပ်မျိုးစပါးများ အောင်မြင်နေမှုအား လက်တွေ့ကွင်းဆင်းပညာပေးပြသခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးလှိုင်မြင့်မှ စပ်မျိုးစပါး ယှဉ်ပြိုင်စမ်းသပ်ကွက်ဆောင်ရွက်ရခြင်းအကြောင်း ရှင်းလင်းဟောပြောခဲ့သည်။

အဆိုပါ တောင်သူပညာပေး မိုးစပါးစိုက်စနစ် ကွင်းဆင်းသရုပ်ပြပွဲသို့ မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့များ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူဦးကြီးများ၊ အင်းအား ၁၂၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **သူရထွန်း(ပွင့်ဖြူ)**

## တမူးမြို့နယ်ရှိ ကျေးရွာများ၌ ဒုတိယအကြိမ် မြစိမ်းရောင်ရန်ပုံငွေများထုတ်ချေးပေး

**မုံရွာ အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပထမစက်ဝန်း ပြည့်မြောက်သည့် မြစိမ်းရောင်ကျေးရွာများ (ပထမအကြိမ် ထုတ်ချေးငွေများ အပြေအကျေပေးဆပ်ပြီးသည့် ကျေးရွာများ)တွင် ဒုတိယအကြိမ်အဖြစ် မြစိမ်းရောင်လည်ပတ်ရန်ပုံငွေများကို အောက်တိုဘာလ ဒုတိယအပတ်မှစတင်၍ ထုတ်ချေးပေးလျက်ရှိကြောင်း တမူးမြို့နယ် ကျေးလက်ဦးစီးဌာနမှ သိရသည်။

ဒုတိယအကြိမ် မြစိမ်းရောင်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးမှု အခြေအနေနှင့်ပတ်သက်၍ တမူးမြို့နယ် ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "ပထမစက်ဝန်းပြည့်မြောက်တဲ့ မြစိမ်းရောင်ကျေးရွာတွေဖြစ်တဲ့အင်ဒိုင်းကျေးရွာ၊ ဇီးဖြူကုန်းကျေးရွာ၊ ဝိတုတ်ဟောင်းကျေးရွာ၊ ထင်းဇင်ဟောင်းကျေးရွာ၊ နန်းခေါက်ခေါက်ကျေးရွာ၊ လှည်းဆိပ်ကျေးရွာ၊ တုံကတင်ကျေးရွာ၊ တုံးကျော်ကျေးရွာ စတဲ့ကျေးရွာ ရှစ်ရွာထဲက ဇီးဖြူကုန်းကျေးရွာနဲ့ အင်ဒိုင်းကျေးရွာနှစ်ရွာကို အောက်တိုဘာလ ဒုတိယအပတ်ထဲမှ စတင်ပြီးဌာနကြီးကြပ်မှုနဲ့ ဒုတိယအကြိမ် မြစိမ်းရောင်ချေးငွေ (ဒုတိယစက်ဝန်း လည်ပတ်ရန်ပုံငွေ)ကို ကျေးရွာကော်မတီတွေထံ လွှဲပြောင်းပေးအပ်ပြီးကျေးရွာ ကြီးကြပ်မှုကော်မတီတွေက တစ်ဆင့် ကျေးလက်နေပြည်သူတွေထံ ထုတ်ချေးပေးခဲ့ပါတယ်။ ဒါ့အပြင် ကျန်ရှိတဲ့ကျေးရွာ ခြောက်ရွာကိုလည်း ဒုတိယအကြိမ် မြစိမ်းရောင်လည်ပတ်ရန်ပုံငွေများ ဆက်လက်ထုတ်ချေးပေးနိုင်ရေးအတွက် ကျေးရွာကော်မတီများမှ ချေးငွေလျှောက်လွှာ၊ ချေးငွေ၊ သဘောတူ စာချုပ်၊ ချေးငွေအတည်ပြုလွှာတွေဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

ယင်းသို့ ဒုတိယအကြိမ် မြစိမ်းရောင်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရာတွင် တမူးမြို့နယ် ဇီးဖြူကုန်းကျေးရွာတွင် လုပ်ငန်းအမျိုးအစား သုံးမျိုးအတွက် ချေးယူသူ ၈၄ ဦးအား လုပ်ငန်းလည်ပတ်ငွေ ၃၄၄ သိန်းကိုလည်းကောင်း၊ အင်ဒိုင်းကျေးရွာတွင် လုပ်ငန်းအမျိုးအစား ငါးမျိုးအတွက် ချေးယူသူ ၁၃၀ ဦးအား လုပ်ငန်းလည်ပတ်ငွေ ၃၄၉ သိန်းကိုလည်းကောင်း အသီးသီးထုတ်ချေးပေးနိုင်ခဲ့ပြီး အဆိုပါချေးငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ် ကုန်ထုတ်လုပ်ငန်း၊ အရောင်း အဝယ် လုပ်ငန်း၊ ပုဂ္ဂလိက မီးလင်းရေးစသည့် ကျေးရွာအတွက် အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်မည်ဖြစ်သည်။

**ဖိုးချမ်း(မုံရွာ)**

## ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကျင်းပ

**စဉ့်ကိုင် အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပထမအကြိမ် ၅၀ ရာခိုင်နှုန်းလွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို စဉ့်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါ်အုန်းကြည်က ရှေ့ဆက်လုပ်ဆောင်ရမည့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးတက်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ပြောကြားခဲ့ပြီး၊ မြို့နယ်အခွန်ဦးစီးမှူး ဒေါ်ခင်သက်ဆွေက အခွန်ပေးဆောင်ရမည့် စည်းကမ်းချက်များကိုရှင်းလင်းပြောကြားခဲ့သည်။

စာရင်းဇယားပြုစုထိန်းသိမ်းခြင်းဆိုင်ရာများအား မြို့နယ်စာရင်းစစ်ရုံး စာရင်းစစ်မှူး ဒေါ်ခင်ခင်ဌေးက ရှင်းလင်းဆွေးနွေးခဲ့ပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများ၏ မြေပြင်အခြေအနေကို မြို့နယ်ကျေးလတ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ခင်မာစန်းက ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက်ဖွံ့ဖြိုးရေးရန်ပုံငွေ ပထမအကြိမ် ၅၀ ရာခိုင်နှုန်းအား မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးလုပ်ငန်း အကောင်ထည်ဖော်ရေးအဖွဲ့များသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်ထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေက ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းများ တိုးတက်အောင် ပူးပေါင်းဆောင်ရွက်ကြရန်ပြောကြားခဲ့ကြောင်းသိရသည်။ **ဖိုးအောင်(စဉ့်ကိုင်)**



မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်တွင် ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းမှုကြောင့် တောင်သာ-ဇဂျမ်း ကျောက်ချောလမ်းပိုင်း နတ်စောင့်ကျေးရွာမြောက်ဘက်၌ မိုးရေတိုက်စားမှုကြောင့် ကျေးလက်လမ်းပိုင်းအနည်းငယ်ပျက်စီးခဲ့ကြောင်းသိရသည်။
သတင်းနှင့်ဓာတ်ပုံ- မြို့နယ် (ပြန်/ဆက်)

## မိုင်းယောင်း၌ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**မိုင်းယောင်း အောက်တိုဘာ ၃၀**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၇ ရက်နံနက် ၉ နာရီခွဲတွင် ဌာနဆိုင်ရာများ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ အပတ်စဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်က မြို့နယ်အတွင်း အရေးပေါ်ကာလ စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းထားရှိပြီး ယင်းကော်မတီ၌ ပါဝင်မှုမရှိသောကျန်ဌာနဆိုင်ရာများသည်လည်း နိုင်ငံ့ဝန်ထမ်းဖြစ်သည့်အားလျော်စွာ သက်ဆိုင်သည့်လုပ်ငန်းများ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ကြရန်ဖြစ်ကာ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက လူမှုကွန်ရက်စာမျက်နှာတွင် ပျံ့နှံ့နေသည့် သတင်းဖြစ်စဉ်များနှင့်ပတ်သက်၍ မြို့နယ်အတွင်းရှိ အချို့ဌာနဆိုင်ရာများအနေဖြင့် မိမိတို့သဘောဆန္ဒအလျောက် ရုံးစိုက်ရာဒေသမှ အခြားဒေသများသို့ စွန့်ခွာထွက်ပြေးတိမ်းရှောင်မှုများ ပြုလုပ်ခဲ့မှုကြောင့် ဒေသနေပြည်သူများ ထိတ်လန့်မှုများ ဖြစ်ပွားခဲ့ကြောင်း ပကတိမြေပြင်အခြေအနေမှာ လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့နေသကဲ့သို့ မှန်ကန်မှုမရှိဘဲ မိမိစီမံခန့်ခွဲမှုဒေသ၌ ပုံမှန်အနေအထားတွင်သာရှိကြောင်း လုံခြုံရေး အခြေအနေအရတွင်လည်း မိမိဒေသတွင် ယုံကြည်ရပါကြောင်း မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်သည့်ဌာနများမှ ကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသူများ၏ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## ပင်လယ်မြို့ဟောင်းတွင် ရှေးဟောင်းမြို့ရိုးနှင့် စေတီပုထိုးများ လေ့လာဖူးမြော်နိုင်

**မြစ်သား အောက်တိုဘာ ၃၀**
ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းရှိ စိတ်ဝင်စားဖွယ်ကောင်းသော ရှေးမြို့ဟောင်းတစ်ခုအဖြစ်တည်ရှိနေသော ပင်လယ်မြို့ဟောင်းအနီးတွင် သမိုင်းဝင်ဘုရားများ၊ ရှေးဟောင်းစေတီများနှင့် မြို့ရိုးများကို ယနေ့တိုင်လေ့လာနိုင်သော နေရာအဖြစ်တည်ရှိနေကြောင်း သိရသည်။

ယင်းပင်လယ်မြို့ဟောင်းမှာ မြစ်သားမြို့တောင်ဘက် ၁၂ မိုင်ခန့်ဝေးသော သပြေတောင်းဘူတာ၏ အရှေ့ဘက် လေးမိုင်ခန့်အကွာတွင်တည်ရှိသည်။ ပင်လယ်မြို့တည်နေရာကို မှန်းဆနိုင်သော မြို့ရိုးများယနေ့တိုင် တည်ရှိသည်။ ပင်လယ်မြို့ဟောင်းတောင်ဘက်နှင့် အရှေ့ဘက်တွင် ပန်းလောင်မြစ်ကို ဖြတ်လျက်ဆည်ထားသော နတ်လွဲမြောင်းတည်ရှိသည်။

ပင်လယ်မြို့ဟောင်းတောင်ဘက်တွင်ပြက္ခရွှေတောင်တည်ရှိသည်။ ပင်လယ်မြို့မှာ ဘိန္နကမြို့ကိုအစိုးရသော စော်ဘွားကြီး၏သားတော်အငယ် သိခ်ဗိုလ်နှင့် မြင်းစိုင်းအရပ်သည် သူကြွယ်သမီးတို့အကြောင်းသင့်ရာမှ မွေးဖွားလာသော သားတော်အငယ် သီဟသူက တည်ခဲ့ခြင်းဖြစ်သည်။ သီဟသူသည် သက္ကရာဇ် ၆၆၂ တွင် ပင်လယ်မြို့ကိုတည်ကာ မင်းပြုခဲ့သည်။ပုဂံခေတ်ကျောက်စာများအရ ပင်လယ်သည် ယခင်ကခံတပ်မြို့တစ်ခုအဖြစ်တည်ရှိခဲ့သည်ဟုလည်း ဆိုထားသည်။

ပင်လယ်မြို့သည် သီဟသူမင်းလက်ထက်တွင် ၁၂ နှစ်အထိ မင်းနေပြည်တော်အဖြစ်တည်ရှိခဲ့သည်။ ပင်လယ်မြို့တည်ပြီး ငါးနှစ်ခန့်အကြာတွင် မက္ခရာမြို့တွင် စံမြန်းနေထိုင်သော နောင်တော်အငယ်ရာဇသင်္ကြန်နတ်ရွာစံသွားခဲ့သည်။ ထို့နောက် သက္ကရာဇ် ၆၇၂ နှစ်တွင် နောင်တော်အကြီး မြင်းစိုင်းရွှေနန်းရှင်အားလုပ်ကြံကာ သီဟသူမှာ မင်းနေပြည်ကို အင်းဝတောင်ဘက်ပင်းယသို့ပြောင်းရွှေ့သွားခဲ့သည်။

**နေနဒီ(မြစ်ငယ်)**



## တောင်ကြီးမြို့နယ်တွင် အရန်သားဖွားသင်တန်း(၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကျင်းပ

**တောင်ကြီး အောက်တိုဘာ ၃၀**
တောင်ကြီးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် နမ့်ခုံးရှမ်းများပရဟိတအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် (၁/၂၀၁၆) အရန်သားဖွားသင်တန်းဖွင့်ပွဲကို နမ့်ခုံးရှမ်းများ ပရဟိတအသင်းအစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးစိုးဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးမိုးထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းတင်ပြခဲ့သည်။ နမ့်ခုံးရှမ်းများပရဟိတအသင်းကျန်းမာရေးတာဝန်ခံ ဦးစိုင်းအောင်ကျော်က ယခုသင်တန်းတွင် သင်တန်းသူ ၃၀ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ ခြောက်လကြာမည်ဖြစ်သည်။ သင်တန်းသူများအနေဖြင့် နိုင်ငံတော်၊ ပြည်နယ်နှင့် မိမိဒေသရှိ ပြည်သူလူထုအတွက်ကြိုးစားသင်ယူပြီး ကျေးရွာပြည်သူများအားလုံးကျန်းမာကြံ့ခိုင်အောင် တစ်ဖက်တစ်လမ်းကနေ လုပ်ဆောင်သွားကြရန် ပြောကြားပေးခဲ့သည်။

အရန်သားဖွားသင်တန်းဖွင့်ပွဲသို့ ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးစိုးဦး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးမိုးထွန်း၊ နမ့်ခုံးရှမ်းများပရဟိတအသင်းကျန်းမာရေးတာဝန်ခံဦးစိုင်းအောင်ကျော်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းသူ ၃၀ ဦးနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## ပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

**မင်းဘူး အောက်တိုဘာ ၃၀**
ကျေးလက်နေပြည်သူများ အသိပညာမြင့်မားရေး၊ စားသုံးသူတို့၏ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေးအကြောင်း သိကောင်းစရာနှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို မင်းဘူးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများပူးပေါင်း၍ အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက မင်းဘူး(စကု)မြို့နယ် ရွှေလောင်းကျေးရွာ ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

မင်းဘူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဒေါ်ခင်ဝါဝါလှိုင်က စာဖတ်ခြင်း အလေ့အထကောင်းများဖြစ်ပေါ်စေရန် စာဖတ်ခြင်းမှရရှိနိုင်သော အကျိုးကျေးဇူးများကို ဟောပြောခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာနခရိုင်ဦးစီးမှူးဦးခင်မောင်ညွှန့်မှ စားသုံးသူတို့သည် မိမိတို့၏ အခွင့်အရေးများကို သိရှိနားလည်၍ တောင်းဆိုရယူနိုင်ရန်နှင့် ကုန်စည်(သို့) ဝန်ဆောင်မှုကို သုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှုတို့ မခံရစေရန် စားသုံးသူ၏အခွင့်အရေးများ၊ တာဝန်များ၊ ဆိုးဆေးအန္တရာယ်များအကြောင်းကို ဟောပြောဆွေးနွေးခဲ့သည်။

ယင်းနောက် တိုင်းရင်းဆေးကုဌာန ဒေါ်ခိုင်မေရီသက်ထွန်းနှင့်ဝန်ထမ်းများက ဆွေးနွေးပွဲသို့ တက်ရောက်လာသောပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ကျေးရွာမှ ပြည်သူ ၆၀ ခန့် တက်ရောက်ခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများအား လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့်နိုင်ငံတော်အစိုးရ၏ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ၊ နံရံကပ်စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။

**ဖိုးပြည့်**

## တစ်အိမ်တက်တစ်အိမ်ဆင်းစနစ်ဖြင့် မဲစာရင်း ကောက်ယူရေးဆင့်ပွားသင်တန်းဖွင့်လှစ်

**ချောင်းဆုံ အောက်တိုဘာ ၃၀**
၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် တစ်အိမ်တက်တစ်အိမ်ဆင်း (Door to Door) စနစ်ဖြင့်မဲစာရင်းကောက်ယူရေးဆင့်ပွားသင်တန်းကို အောက်တိုဘာ ၂၇ ရက် နံနက်၁၀ နာရီက ကျွန်းသာယာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးထွန်းရီက အမှာစကားပြောကြားခဲ့ပြီးနောက် တစ်အိမ်တက်ဆင်းစနစ်ဖြင့် မဲစာရင်းကောက်ယူရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်နှင့်ညွှန်ကြားချက်များ၊ မဲဆန္ဒရှင်စာရင်းမှန်ကန်တိကျရန်နှင့် စာရင်းဇယားနှင့်ပတ်သက်ပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး လ/ထညွှန်ကြားရေးမှူး ဦးထင်ကျော်က သင်ကြားပို့ချခဲ့သည်။ သင်တန်းအား နှစ်ရက်ကြာပို့ချခဲ့ပြီး မြို့နယ်အတွင်းရှိ ရပ်/ကျေးကော်မရှင်များ၊ စေတနာ့ဝန်ထမ်းများ တက်ရောက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## ဝမ်းတွင်းမြို့နယ် အောင်ချမ်းသာကျေးရွာ လျှပ်စစ်ဓာတ်အားလိုင်းသစ်ဖွင့်ပွဲကျင်းပ



**ဝမ်းတွင်း အောက်တိုဘာ ၃၀**
မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် အောင်ချမ်းသာကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာတွင် လျှပ်စစ်ဓာတ်အားလိုင်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၃ နာရီက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းအောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးဦးသက်လွင်ဦးနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်တို့က လျှပ်စစ်ဓာတ်အားလိုင်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းအောင်က ကျေးရွာများ လျှပ်စစ်မီးလင်းရေးဆောင်ရွက်ပေးမှုအခြေအနေများနှင့် လျှပ်စစ်အန္တရာယ် သတိပြုကိုင်တွယ်အသုံးပြုနည်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်ကကျေး ရွာလျှပ်စစ်မီးလင်းရေးဆောင်ရွက်ထားမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အောင်ချမ်းသာကျေးရွာတွင် စုစုပေါင်းလူနေ အိမ်ခြေ ၃၀၀ ရှိပြီး ကျေးရွာအတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်း ၆၅၀၀ ပေ တပ်ဆင်ထားကာ ၃၁၅ ကေဗွီဓာတ်အားခွဲရုံတည်ဆောက်၍ လျှပ်စစ်မီတာအလုံးပေါင်း ၁၄၅ လုံး တပ်ဆင်ကာ လျှပ်စစ်မီးတပ်ဆင်အသုံးပြုလျက်ရှိကြောင်း သိရသည်။

**ဌေးလှိုင်(ဝမ်းတွင်း)**

## ညောင်ဦးမြို့နယ်အတွင်း မြေနုကျွန်းစိုက်ပျိုးသည့် ဒေသခံပြည်သူများအား အချိန်မီခွဲဝေပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**ညောင်ဦး အောက်တိုဘာ ၃၀**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်းရှိ မြေနုကျွန်းတည်ရှိသည့် ရပ်ကွက်၊ ကျေးရွာများ၏ ဒေသခံပြည်သူများအား မြေနုကျွန်းမြေများ အချိန်မီ စိုက်ပျိုးလုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ အောက်တိုဘာ ၂၇ ရက် နံနက် ၁၀ နာရီက ညောင်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မြေနုကျွန်းတည်ရှိသည့် ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို မြေနုကျွန်းမြေများ အချိန်မီခွဲဝေ ထားပေးနိုင်ရေးအတွက် ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးဦးစိုးတင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် မဲဆန္ဒနယ်မြေ(၁)မှ ဦးဝင်းမြင့်ခိုင်၊ မဲဆန္ဒနယ်မြေ(၂)မှ ဦးမြင့်စိန်၊ ညောင်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းမော် အပါအဝင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် မြေနုကျွန်းတည်ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးစိုးတင့်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားဦးဝင်းမြင့်ခိုင်တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြေနုကျွန်းတည်ရှိသည့် ရပ်ကွက်၊ ကျေးရွာ ၂၁ အုပ်စု၏ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ မိမိ-တို့ ကျေးရွာများအလိုက် မြေနုကျွန်းမြေများ ခွဲဝေပေးရမည့် အခြေအနေများအား အသေးစိတ်ဆွေးနွေးတင်ပြခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးဦးစိုးတင့်နှင့် တာဝန်ရှိသူများက မြေနုကျွန်းရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများ အချိန်မီစိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားနိုင်ရေး ရှင်းလင်းဆွေးနွေးပေးသွားခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# စိုက်ပျိုးရေအလုံအလောက်ပေးဝေလျက်ရှိသော တောင်သူများအားထားနေရသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကင်းတပ်ရေလှောင်တမံ



**ကန့်ဘလူ အောက်တိုဘာ ၃၀**

စိုက်ပျိုးရေးအတွက် လိုအပ်သောရေများကို ကင်းတပ်ရေလှောင်တမံမှ တစ်နှစ်ပတ်လုံး ပေးဝေလျက်ရှိပြီး ယင်းရေလှောင်တမံကိုအခြေပြုကာ လူမှုရေး စီးပွားရေးနှင့် စိုက်ပျိုးနည်းစနစ်များပါ တိုးတက်လျက်ရှိကြောင်း သိရသည်။

ကင်းတပ်ရေလှောင်တမံမှပေးလွှတ်သော ရေများကို တောင်သူများအားထားနေကြရသည်။ ကင်းတပ်ရေလှောင်တမံမှာ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ဝက်တိုးကျေးရွာအနီးတွင် တည်ရှိသည်။ ကင်းတပ်ရေလှောင်တမံမှာ မူးမြစ်ကိုဖြတ်ကာ တည်ဆောက်ထားသော ရေလှောင်တမံဖြစ်သည်။

ကင်းတပ်ရေလှောင်တမံကို ဗဟိုပြုကာ လက်ဝဲတူးမြောင်း၊ လက်ယာတူးမြောင်းများ တည်ဆောက်ကာ တောင်သူများအတွက် စိုက်ပျိုးရေပေးဝေခဲ့သည်။ ကင်းတပ်ရေလှောင်တမံမှ စိုက်ပျိုးမြေဧက ၁၆၃၈၂၅ ကျော် ပေးဝေလျက်ရှိသည်။ ကင်းတပ်ရေလှောင်တမံကို အခြေပြုကာ တောင်သူများ တစ်နှစ်ပတ်လုံး စိုက်ပျိုးမှုပြုလုပ်နိုင်ပြီး ရေအလုံအလောက်ရရှိသည့်အတွက် သီးနှံများဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ သီးထပ် သီးညှပ်များစိုက်ပျိုးနိုင်သည့်အတွက် လူမှုရေး၊ စီးပွားရေးအခြေအနေများ တိုးတက်လာလျက်ရှိသည်။

လက်ရှိကာလတွင် ၁၉၉၄-၁၉၉၅ ခုနှစ်တွင် စတင်တည်ဆောက်ကာ ၁၉၉၆-၁၉၉၇ တွင် ပြီးစီးခဲ့သော ကင်းတပ်ရေလှောင်တမံမှာ တောင်သူလယ်သမားများအကျိုး၊ ပြည်သူများအကျိုးပြုကာ တစ်နှစ်ပတ်လုံး ရေပေးဝေလျက်ရှိသည်။

**တိမ်တမန်**

## ဝါးခယ်မတွင် ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် ဆောင်ရွက်

**ဝါးခယ်မ အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီးတွင် ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်ဆောင်ရွက်ထားရှိမှုများအား တာဝန်ရှိသူများက အောက်တိုဘာ ၂၉ ရက်နံနက်က စစ်ဆေးခဲ့ကြောင်း သိရသည်။

၂၀၁၆ - ၂၀၁၇ ပညာသင်နှစ် အောက်တိုဘာလ နောက်ဆုံးပတ် စနေနေ့ကို ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ထားရှိပြီး ကျောင်းအဆောက်အအုံ၊ စာသင်ခန်း၊ ကျောင်းအိမ်သာသန့်ရှင်းစေရေး၊ ကျောင်းအဝင်အထွက်လမ်း ညီညာပြေပြစ်စေရေး၊ ကျောင်းရှိ သစ်ပင်၊ ပန်းပင်၊ ပန်းခြံနှင့် ကစားကွင်းများ သန့်ရှင်းသာယာလှပစေရေး၊ သောက်သုံးရေများ သန့်ရှင်းစွာ သိုလှောင်သုံးစွဲနိုင်စေရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီးတွင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူတို့က သန့်ရှင်းရေးပြုလုပ်ကြကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

## ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ရှုပ်ထွေးဆားဖစ်ကြိုးများ ရှင်းလင်းပေး

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် မြို့တော်သန့်ရှင်းလှပစေရေးအတွက် ၄၀၀ ဗို့ ဓာတ်အားလိုင်းများတွင် ဆားဖစ်ကြိုးအရေအတွက်များပြားစွာတပ်ဆင်ထားမှုများအား ရှင်းလင်းခြင်းလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ဗညားဒလလမ်း (ကျောက်မြောင်းမီးပွိုင့်လမ်းဆုံမှ မင်္ဂလာဈေးမီးပွိုင့်လမ်းဆုံထိ) အောက်တိုဘာ ၂၉ ရက် နံနက် ၇ နာရီမှစတင်ကာ ရန်ကုန်အရှေ့ပိုင်းခရိုင် လျှပ်စစ်ဝန်ထမ်းများသည် ၄၀၀ ဗို့ ဓာတ်အားလိုင်းတိုင် ၁၀ တိုင်တွင် ရှုပ်ထွေးနေသော ဆားဖစ်ကြိုးများ ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"လမ်းကျယ်ကြီးတွေကို ဌာနကအကုန်အကျခံပြီးလုပ်ပေးတာပါ။ ဒီဗညားဒလလမ်းအနောက်ဘက်ခြမ်းမှာ မီတာအလုံးပေါင်း ၁၁၀၅ လုံးကို ရှုပ်ထွေးနေတဲ့ဆားဖစ်ကြိုးတွေကို ဌာနကအကုန်အကျခံပြီး ပြည်သူတွေအဆင်ပြေစေဖို့ ဆောင်ရွက်ပေးတာပါ။ ရပ်ကွက်အတွင်းလမ်းတွေကိုတော့ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်မှာပါ။ အခုဆောင်ရွက်နေတဲ့ ဗညားဒလလမ်းတစ်လျှောက် ဓာတ်အားတိုင်နဲ့ ကေဘယ်ကြိုး ဆက်စပ်ပစ္စည်းကုန်ကျစရိတ်ကတော့ ခန့်မှန်းငွေကျပ်သိန်း ၃၀၀ လောက် ကုန်ကျနိုင်ပါတယ်" ဟု ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းထွန်းအေးက ပြောသည်။

အဆိုပါရှုပ်ထွေးနေသောဆားဖစ်ကြိုးများရှင်းလင်းခြင်းလုပ်ငန်းကို ဥက္ကဋ္ဌဦးမောင်မောင်လတ်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်မဲဆန္ဒနယ်အမှတ် ၁ လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းနှင့် အမှတ် ၂ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းမြင့်တို့က လာရောက်ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်စွက်ကူညီပေးခဲ့သည်။

**မောင်မောင်**

## ကျောင်းမြေနေရာတိုးချဲ့ဝယ်ယူရန် အလှူငွေပေးအပ်ပွဲကျင်းပ

**ဖားကန့် အောက်တိုဘာ ၃၀**

ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ ရွာမမူလတန်းလွန်ကျောင်းတွင် ကျောင်းဆောင်သစ်ဆောက်လုပ်ရန် လိုအပ်သည့်မြေနေရာ တိုးချဲ့ဝယ်ယူနိုင်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီက အဆိုပါကျောင်းခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းကိုယ်စား ဖားကန့်မြို့နယ် ကျောက်မျက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်ထွန်းက ကျောင်းမြေနေရာဝယ်ယူနိုင်ရေး မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းက မတည်လှူဒါန်းငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် လှူဒါန်းငွေကျပ်သိန်း ၄၀၀ အား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လွှဲပြောင်းပေးအပ် လှူဒါန်းခဲ့သည်။ အခမ်းအနားသို့ ဆရာများ၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီဝင်များ၊ အလှူရှင်များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မိုဃ်းကျ(မြစ်ကြီးနား)**

## ဝါအထွက်တိုးစံပြကွက်နှင့် တောင်သူပညာပေးကွင်းသရုပ်ပြ



**အောင်လံ အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ တရော်ကုန်းရပ်ကွက်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ ဝါသီးနှံမျိုးသန့်ခြံတွင် စိုက်ပျိုးထားရှိသော အထွက်တိုးစံပြကွက်များ သုတေသနစမ်းသပ်ကွက်များကို တောင်သူများအား နည်းပညာပေး သရုပ်ပြပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းနှင့် စိုက်ညှိအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ အင်အား ၁၅၀ ခန့် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဝါသီးနှံမျိုးသန့်ခြံ ခြံတာဝန်ခံ ဒေါ်ခင်မာစိုးက သုတေသနစမ်းသပ်ကွက်များ စိုက်ပျိုးထားရှိမှုနှင့် တွေ့ရှိချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကာ ဒုဦးစီးမှူး ဦးနေဝင်းက ချည်မျှင်ရှည်ဝါ သိပ္ပံနည်းကျအထွက်တိုးနည်းစနစ်များနှင့် ရွှေတောင်(၈)၊ ငွေချည်(၆)၊ ငွေချည်(၉) ဝါမျိုးများ၏ထူးခြားချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် တောင်သူများ၏သိလိုသမျှမေးခွန်းများကို တာဝန်ရှိသူများမှ အသီးသီးပြန်လည်ဖြေကြားခဲ့ပြီး တက်ရောက်လာသူများက ဝါမျိုးသန့်ခြံအတွင်း သိပ္ပံနည်းကျစိုက်ပျိုးထားရှိသော ချည်မျှင်ရှည်ဝါစိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှု လေ့လာဆွေးနွေးခဲ့ကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

## ငဖဲမြို့နယ် Save the Children နှင့် မြို့နယ်ကျန်းမာရေးကော်မတီ (၃)လပတ် စေ့စပ်ညှိနှိုင်းဆွေးနွေး

**ငဖဲ အောက်တိုဘာ ၃၀**

Save the Children အဖွဲ့မှ ငဖဲမြို့နယ်အတွင်း ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်(၃)မျိုး စီမံချက်ကို မြို့နယ်အတွင်းရှိ ကျေးရွာများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ Save the Children အဖွဲ့နှင့် မြို့နယ်ကျန်းမာရေးကော်မတီ(၃)လပတ် စေ့စပ်ညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက မြို့နယ်ဆေးရုံဟောင်းဝင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာထင်ကျော်က စီမံချက်ဆိုင်ရာ ကျန်းမာရေးကဏ္ဍလွှမ်းခြုံဆောင်ရွက်နိုင်မှုများနှင့် Save the Children မှ အကြီးတန်းစီမံချက်အရာရှိ ဒေါက်တာဟိန်းထက်စိုးက 3MDG စီမံချက်ဆိုင်ရာ အချက်အလက်များ၊ ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်ရေးဆွဲခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့်ပတ်သက်သည့် ဆွေးနွေးသုံးသပ်ချက်များနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ကျောင်းကျန်းမာရေးအသိပညာပေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောပွဲကို အ.ထ.က (ခနောင်တို) ပြည်ထောင်စုခန်းမ၌ အောက်တိုဘာ ၂၈ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေးတာဝန်ခံဆရာဝန် ဒေါက်တာဦးညီညီအောင်က သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရခြင်းအကြောင်းနှင့်ရောဂါမဖြစ်ပွားစေရန် ကာကွယ်ဆောင်ရွက်ရမည့်နည်းလမ်းများအကြောင်း၊ မြို့နယ်ဆေးရုံအုပ်ကြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်သီတာတင်ဝင်းက ဇီကာဗိုင်းရပ်စ်ရောဂါနှင့်ပတ်သက်၍ ကာကွယ်ကုသပုံနှင့် ရောဂါလက္ခဏာများအကြောင်း၊ မြို့နယ်ဆေးရုံ သွားဖက်ဆိုင်ရာဆရာဝန် ဒေါက်တာဦးဝင်းထွန်းလင်းက သွားရောဂါများအကြောင်း အသိပညာပေး ဟောပြောပေးခဲ့သည်။ ယင်းနောက် သက်ဆိုင်ရာဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက အထွေထွေကျန်းမာရေးစစ်ဆေးကုသပေးခြင်းတို့အပြင် ကျောင်းနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျောင်းရှိမုန့်ဈေးတန်း၊ အိမ်သာများ သန့်ရှင်းမှုရှိစေရေး စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝေယံ(ဆိပ်ကြီးခနောင်တို)**

## မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးယာဉ်ဖြင့် ကျောင်းသားလူငယ်များအား အသိပညာပေး

**သံဖြူဇရပ် အောက်တိုဘာ ၃၀**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ပြည်နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) တို့၏အစီအစဉ်ဖြင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးခြင်းလုပ်ငန်းကို ရွေ့လျားပြခန်းမော်တော်ယာဉ်ဖြင့် သံဖြူဇရပ်အ.ထ.က (၁) ၌ ကျောင်းသား၊ ကျောင်းသူများအား အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သံဖြူဇရပ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်သိန်းနှင့် ပြခန်းယာဉ်အဖွဲ့ခေါင်းဆောင် ဒုရဲမှူးအောင်မျိုးတို့က ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါး၏အန္တရာယ်နှင့် မူးယစ်ဆေးသုံးစွဲသူများ ကျန်းမာရေးဆိုးကျိုးများ၊ လူမှုဒုက္ခခံစားရမှုများကို အသိပေးပြောကြားခဲ့ပြီးနောက် ကျောင်းသား၊ ကျောင်းသူများ လေ့လာနိုင်ရန် ပြခန်းယာဉ်ပေါ်တွင် မူးယစ်ဆေးဝါးအသိပညာပေးပြကွက်များကို ပြသအသိပေးခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# (၁၈)ကြိမ်မြောက် ဓမ္မစကြာပရိတ်တရားတော်၊ (၃၈) ဖြာမင်္ဂလာ၊ ငါးပါးသီလကဗျာနှင့်ပုံပြောပြိုင်ပွဲကျင်းပ

**ကြာအင်းဆိပ်ကြီး အောက်တိုဘာ ၃၀**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ခလယ်တံခွန်တိုင် ဇီးဖြူကုန်းမဏိရတနာဆံတော်ရှင်စေတီတော်ဝတ်ရွတ်အသင်းမှ ကြီးမှူးကျင်းပသည့် (၁၈)ကြိမ်မြောက် ဓမ္မစကြာပရိတ်တရားတော်၊ (၃၈)ဖြာမင်္ဂလာ၊ ငါးပါးသီလကဗျာနှင့် ပုံပြောပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်မှစ၍ တံခွန်တိုင်ကျေးရွာ ဇီးဖြူကုန်းဘုန်းတော်ကြီးကျောင်းနှင့်ပတ်ဝန်းကျင်ရှိ ဇီးဖြူကုန်းမဏိရတနာဆံတော်ရှင်စေတီရင်ပြင်၊ အခြေခံပညာမူလတန်းကျောင်းများ၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲသည် နှစ်စဉ်နှစ်တိုင်းကျင်းပကြပြီး ခလယ်တံခွန်တိုင်ကျေးရွာအပါအဝင် ပတ်ဝန်းကျင် ကျေးရွာများရှိ ဗုဒ္ဓဘာသာဝင်လူငယ်၊ လူရွယ်များ ဗုဒ္ဓဘာသာတရားတော်များကိုသိရှိနားလည်ရန်နှင့် ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ဇီးဖြူကုန်းကျောင်းဆရာတော်ထံမှ သိရသည်။

၂၀၁၆ ခုနှစ်တွင် ဓမ္မစကြာပရိတ်တရားတော် သက်ကြီး ၁၄ ဖွဲ့၊ သက်လတ် ၂၂ ဖွဲ့၊ သက်ငယ် ၁၈ ဖွဲ့၊ (၃၈) ဖြာမင်္ဂလာ ၂၉ ဖွဲ့၊ ငါးပါးသီလကဗျာနှင့် ပုံပြောပြိုင်ပွဲ ၂၉ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အောက်တိုဘာ ၃၀ ရက်တွင် ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**စိုးထက်အောင်(ပြန်/ဆက်)**

# မိတ္ထီလာမြို့တွင်းလမ်းများ ပျက်စီးမှုများလာ၍ ယာဉ်အန္တရာယ်စိုးရိမ်လာရ

**မိတ္ထီလာ အောက်တိုဘာ ၃၀**

မိတ္ထီလာမြို့တွင်းလမ်းများတွင် မိုးရေများဝပ်ခြင်း၊ ကုန်တင်ယာဉ်ကြီးများ နေ့စဉ်ဖြတ်သန်းသွားလာနေခြင်းများကြောင့်လမ်းများ ပျက်စီးမှုများလာ၍ ဒေသခံ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် မောင်းနှင်သူများမှာ ယာဉ်အန္တရာယ်ပိုမိုစိုးရိမ်လာရကြောင်း သိရသည်။

မိတ္ထီလာမြို့တွင်းလမ်းမများ အားလုံးနီးပါး ပျက်စီးပေါက်ပြဲမှုမှာ ပိုမိုများပြားလာပြီး ယခုရက်ပိုင်းအတွင်း မိုးများနေ့စဉ်ရွာသွန်းသဖြင့် မိုးရေမှာ ရေနုတ်မြောင်းအတိုင်းမစီးဆင်းဘဲ လမ်းမပေါ်တွင်စီးဆင်းပြီး လမ်းပေါ်ရေဝပ်ကျန်လျက်ရှိသည်။

ယင်းအပြင် ကုန်တင်ယာဉ်ကြီးများ နေ့စဉ်ဖြတ်သန်းသွားလာမှုများကြောင့် မြို့တွင်းလမ်းများမှာပိုမိုပျက်စီးလာရပြီး အချို့နေရာများတွင် အကျယ် ၄ ပေ အနက် ၁ ပေကျော်ရှိ ချိုင့်ခွက်ကြီးများ ဖြစ်ပေါ်လျက်ရှိနေသည်။

ရန်ကုန်-မန္တလေးကားလမ်းမရှိ နေရာတော်တော်များများတွင် လမ်းပျက်စီးပေါက်ပြဲမှုများ များပြားလာပြီး ယင်းနေရာများကို ယာဉ်ကြီး ယာဉ်ငယ်များက ရှောင်တိမ်းမောင်းနှင်နေရသည့်အတွက် ယာဉ်အန္တရာယ်မှာ ပိုမိုစိုးရိမ်လာရဖွယ်ရှိကြောင်း ဒေသခံများကဆိုသည်။

"တချို့ကုန်တင်ယာဉ်ကြီးတွေက မြို့တွင်းလမ်းဆိုပေမယ့် အရှိန်လျှော့ပြီး မောင်းနှင်တာမျိုးမရှိတော့ ယာဉ်ငယ်တွေနဲ့ ဆိုင်ကယ်မောင်းနှင်သူတွေ သတိထားမောင်းနှင်နေရတယ်" ဟု ယင်းဒေသတွင် နေထိုင်သူတစ်ဦးက ပြောသည်။

မိတ္ထီလာမြို့တွင်းလမ်းများ ပျက်စီးမှုတွင် ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက်ရှိ မီးသတ်ရေစင်လမ်း၊ ရတနာမာရ်လမ်း၊ တော်ဝင်နန်းလမ်းဆုံ၊ နာရီစင်အနီး၊ ရုပ်ရှင်ရုံလမ်းထိပ်အနီး၊ မိုးကုတ်ဝိပဿနာရိပ်သာကွေ့၊ ဝမ်းတော်ပြည့်ကျောင်းတိုက်အနီး၊ စိန်ဟိန်းစားသောက်ဆိုင်အနီး၊ ဒိုင်းမွန်းစားသောက်ဆိုင်အနီး၊ မြို့လယ်ဘုရားလမ်းဆုံအနီး လမ်းများအပြင် ပေါက်ချောင်း၊ ရန်မျိုးအောင်၊ ပြည်သာယာ၊ ဈေးအရှေ့ပြင်၊ အောင်ဆန်းစသည့် ရပ်ကွက်များရှိ ကတ္တရာလမ်းများသည်လည်း ပေါက်ပြဲပျက်စီးလျက်ရှိသည်။ လမ်းများပေါက်ပြဲပျက်စီးမှုအား ပြုပြင်ခြင်းများ ဆောင်ရွက်သော်လည်းမကြာမီ ပြန်လည်ပေါက်ပြဲပျက်စီးမှုများရှိသဖြင့် ယာဉ်အန္တရာယ်စိုးရိမ်ရသည့်လမ်းများအား ရေရှည်ကြံ့ခိုင်ကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

**ချမ်းသာ (မိတ္ထီလာ)**



# ငွေချည်(၉)ချည်မျှင်ရှည်ဝါစိုက်ပျိုးရေးသရုပ်ပြရှင်းလင်း

**တောင်တွင်းကြီး အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ငွေချည်(၉) ချည်မျှင်ရှည်ဝါစိုက်ပျိုးရေးကွင်းသရုပ်ပြရှင်းလင်းပွဲကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက ခင်တဲအုပ်စုကျောင်းကုန်းရွာ ကွင်းအမှတ်- ၂၇၄၉၊ ဦးပိုင်-၇၉/၉၀ တောင်သူဦးဝင်းဖော်၏ ငါးဧကစံပြစိုက်ခင်း၌ ကျင်းပခဲ့သည်။

သရုပ်ပြပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးဦးခင်မောင်ဝင်းက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ဌေးနှင့် တာဝန်ရှိသူများက တစ်ဧက ဝါပိဿာ ၁၀၀၀ အထက် ထွက်ရှိရေး မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ သိပ္ပံနည်းကျစိုက်ပျိုးရေးတို့ကို ရှင်းလင်းဆွေးနွေးကာ ဝါစိုက်ခင်းအတွင်း ဝါစိုက်တောင်သူ ၁၀၀ ကျော် တို့အား လက်တွေ့ကွင်းဆင်းသရုပ်ပြခဲ့ပြီး တောင်သူများသိလိုသည့် မေးမြန်းချက်များကို ရှင်းလင်းဖြေကြားခဲ့သည်။

ငွေချည်(၉) ချည်မျှင်ရှည်ဝါသည် ပိုးမွှားရောဂါဒဏ်ခံနိုင်ခြင်း၊ ဂွမ်းမွှေးအရည်အသွေးကောင်းမွန်ခြင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်ထွက်ရှိခြင်းမှာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများမှ လိုအပ်သည့်နည်းပညာများ ကူညီပံ့ပိုးပေးခြင်းကြောင့် ယခုနှစ် တစ်ဧက ဝါပိဿာချိန် ၁၀၀၀ အထက် ထွက်ရှိနိုင်မည်ဖြစ်ပြီး တစ်ဧကဝါရောင်းရငွေ ကျပ် ၁၀ သိန်းမှ ၁၂ သိန်းအထိ ရရှိနိုင်ကာ တစ်ဧကကုန်ကျစရိတ် ငွေကျပ် လေးသိန်းဖြစ်သဖြင့် တစ်ဧကလျှင် ငွေကျပ် ခြောက်သိန်းမှ ရှစ်သိန်းအထိ အမြတ်အစွန်းရရှိသည့် သီးနှံဖြစ်၍ ယမန်နှစ်ကထက် ယခုနှစ်တွင် ဝါစိုက်ပျိုးထုတ်လုပ်သူတောင်သူဦးရေ တိုးတက်လာကြောင်း ယခုနှစ်စိုက်ပျိုးသည့် ဝါစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်သဖြင့် တစ်ဧကအထွက်နှုန်းပိုမိုထွက်ရှိမည်ဖြစ်ပြီး ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်ပြီဖြစ်ကြောင်း တောင်သူဦးဝင်းဖော်က ပြောကြားခဲ့သည်။

**ဉာဏ်ဝေ**



# ဆင်းကေရီ (၃) စပါးမျိုးသန့်၊ မျိုးပွားစံကွက်ရိတ်သိမ်း

**မိုးကောင်း အောက်တိုဘာ ၃၀**

မိုးကောင်းမြို့ စိုက်ပျိုးရေးဦးစီးဌာန ဌာနမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစည်သူအောင်၊ မြေစာရင်းဦးစီးဌာန ဦးစီးမှူးဦးပိုင်သူရချိုနှင့် ဒေသခံ လယ်ယာစိုက်ပျိုးသူများနှင့်အတူ ဆင်းကေရီ(၃) စပါးမျိုးသန့်၊ မျိုးပွားစံကွက် ရိတ်သိမ်းခြင်းကို အောက်တိုဘာ ၂၇ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာနေ ဦးပိုင်(၅/၁) ကွင်းအမှတ်(၁၄၃)ပိုင်ရှင် ဦးတင်မောင်ဆွေ၏ စံပြကွက်(၅)ဧက၌ ဆောင်ရွက် ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ၆ ဒသမ ၆ ပေပတ်လည်စံကွက်ဖြင့် ကောင်း၊ သင့်၊ ညံ့ စပါးများကို တာဝန်ရှိသူတို့က ရိတ်သိမ်းပြီး ခြွေချခြင်းနှင့် ချိန်တွယ်ခြင်း ဆောင်ရွက်ခဲ့သည်။ "မနှစ်က တစ်ဧကမှာ မျိုးစပါးသုံးတင်းလောက် စိုက်ပျိုးခဲ့ရတယ်။ ဒီနှစ် စိုက်ပျိုးရေးနည်းပညာနဲ့စိုက်တော့ တစ်ဧက ခြောက်ပြည်လောက်နဲ့ စိုက်ပျိုးရတော့ မျိုးစပါးလည်း အကုန်ကျ သက်သာလာပါတယ်။ အထွက်နှုန်းလည်းတိုးလာတယ်" ဟု အဆိုပါလယ်ပိုင်ရှင်က ပြောသည်။

အဆိုပါ ရိတ်သိမ်းမှုတွင် စပါးအစိုမျိုးအကောင်းသည် တစ်ဧက ၁၆၈ တင်း၊ စပါးအစိုမျိုးအသင့်နှင့် အညံ့သည် တစ်ဧကလျှင် ၁၃၃ တင်းထွက်ရှိပြီး ပျမ်းမျှတစ်ဧက ၁၂၃ တင်းထွက်ရှိကြောင်း သိရသည်။

လယ်မှရရှိသော မျိုးသန့်စပါးများကို ဒေသတွင်း ပြန်လည်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်းနှင့် မျိုးစေ့ထုတ်စံပြကွက်သည် သိပ္ပံနည်းကျစနစ်ကို လိုက်နာဆောင်ရွက်ခဲ့သဖြင့် တစ်ဧက တင်း ၁၀၀ ကျော်ထွက်ရှိကြောင်း စိုက်ပျိုးရေးဌာနမှသိရသည်။**သန်းလွင်ဦး(ပြန်/ဆက်)**

# ခင်ဦး၌ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေမတည်၍ကျေးလက်ဒေသဖွံ့ဖြိုးရေးများဆောင်ရွက်

**ရွှေဘို အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ မတည်၍ ဒေသခံကျေးရွာများက အများပြည်သူပါဝင်လှူဒန်းငွေများနှင့်ပေါင်းစပ်ကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ ဆေးခန်း၊ ကျောင်း၊ စာကြည့်တိုက်၊ လျှပ်စစ်ထရန်စဖော်မာစသည်တို့အား အသစ်တည်ဆောက်၊ အဟောင်းပြုပြင်ကာ ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

အဆိုပါမြို့နယ်ရှိ ကန်သစ်ကျေးရွာ၌ ကျေးရွာအဝင်လမ်းမကြီး ပျက်စီးနေမှုကို ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ် ၂၅ သိန်းနှင့် မတည်ပြီး ကျေးရွာသူ၊ ကျေးရွာသားများက ကိုယ့်အားကိုယ်ကိုး၍ စုပေါင်းပါဝင်လှူဒါန်းငွေကျပ်သိန်း ၂၀၊ စုစုပေါင်း ကျပ် ၄၅ သိန်းဖြင့် လမ်းအရှည် ၅၅၀ ပေ × အကျယ်ပေ ၂၀ × ထု ၆ လက်မရှိသော မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် လုပ်ဆောင်လျက်ရှိရာ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ခင်ဦးမြို့နယ်တွင် ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေကျပ် သိန်းတစ်ထောင်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရပ်ကွက် (၁)၊ ကျေးရွာ ၄၅ ရွာတို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ၄၈ ခုလုပ်ဆောင်လျက်ရှိပြီး ယင်းလုပ်ငန်းများတွင် လမ်း ၃၂ ခု၊ တံတား ကိုးစင်း၊ စာသင်ကျောင်း ငါးကျောင်း၊ ကျေးရွာစာကြည့်တိုက်တစ်ခု၊ ထရန်စဖော်မာတစ်လုံး စသည်တို့အား လာမည့် ၂၀၁၇ ခုနှစ် မတ် ၃၁ ရက် နောက်ဆုံးထား၍ အပြီးသတ်အကောင်အထည်ဖော်ဆောက်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

**ရောင်နီတင်ဝင်း**

# မော်လိုက်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ပညာရေးငွေပဒေသာပင်လှူဒါန်း

**မော်လိုက် အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ဒေါ်ခင်ဝင်းကြည်၊ စီမံထူးချွန်(တတိယအဆင့်) ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)က ပညာရေးငွေပဒေသာပင်အဖြစ် ငွေကျပ် သိန်း ၁၀၀ လှူဒါန်းပွဲကို အောက်တိုဘာ ၂၈ ရက် နံနက် ၁၀ နာရီက မော်လိုက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းရှိ စုံညီခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပေးအပ်လှူဒါန်းပွဲတွင် မော်လိုက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ ပညာရေးငွေပဒေသာပင်အဖြစ် မတည်အလှူငွေ ကျပ်သိန်း ၁၀၀ နှင့် ကျောင်းသား၊ သူများအတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် (၁၀၀)၊ ဘောပင်သုံးချောင်းတွဲကတ် (၁၀၀)၊ ယောကျ်ားလေးဝတ် ကျောင်းဝတ်စုံ (၅၀)စုံ၊ မိန်းကလေးဝတ် ကျောင်းဝတ်စုံ (၅၀)စုံနှင့် ကျောင်းစာကြည့်တိုက်အတွက် English Essays စာအုပ်(၃၀)အုပ်တို့ကို လှူဒါန်းပေးခဲ့ကြောင်းနှင့် ပညာရေးငွေပဒေသာအဖြစ် မတည်လှူဒါန်းပေးသည့် ငွေကျပ်သန်း ၁၀၀ ကိုလည်း 'မေတ္တာရှင်' ဖောင်ဒေးရှင်းအမည်ဖြင့်ဖွဲ့စည်းခဲ့ပြီး မော်လိုက်မြို့ မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းဖွင့်လှစ်အပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

**မော်လိုက်သားလေး**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပညာပေးသင်တန်းဆင်း

**မော်လမြိုင် အောက်တိုဘာ ၃၀**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မော်လမြိုင်ခရိုင် ရေးမြို့နယ် ဘေးလမိုင်ကျေးရွာအုပ်စုတွင် ပြုလုပ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပညာပေးသင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၉ ရက်က မော်လမြိုင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးရဲဝင်းနှင့် ဌာနဆိုင် ရာ ဝန်ထမ်းများ တက်ရောက်ခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၇၀ တက်ရောက်၍ လက်သမား၊ ပန်းရန်၊ သံချည်သံကွေး၊ သံဂဟေ၊ ဝရိန်အတတ်ပညာ၊ စွပ်ကျယ်တံဆိပ်ရိုက်နည်း၊ ဆပ်ပြာနှင့်ခေါင်းလျှော်ရည်ချက်လုပ်နည်း၊ ဆိုင်ကယ်စက်ပြု ပြင်သင်တန်း၊ မွေးမြူရေးနှင့်စိုက်ပျိုးရေးပညာပေးသင်တန်းတို့ကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ပြီး သင်ထောက်ကူပြုပစ္စည်းများကို သင်တန်းသားများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## စိန်ဖူးတော်တင်လှူပွဲနှင့် မုခ်ဦးသစ်ကြီး ဖွင့်ပွဲကျင်းပ

**ကျိုက်မရော အောက်တိုဘာ ၃၀**

ကျိုက်မရောမြို့နယ် မုရောင်းကျေးရွာရှိ ထားဝယ်ကျောင်းတိုက်၌ တည်ထားကိုးကွယ်လျက်ရှိသည့် မြတ်ဘုန်းထွန်းခေါင်မြတ်ဘုန်းအောင်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်တင်လှူပူဇော်ပွဲနှင့် မုခ်ဦးသစ်ကြီး ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီက ယင်းမုခ်ဦးသစ်ရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ မြတ်ဘုန်းထွန်းခေါင်မြတ်ဘုန်းအောင်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်တင်လှူပူဇော်ပွဲနှင့် မုခ်ဦးသစ်ကြီး(အပေါ်ထိပ်)တွင် အလှူရှင် ဦးသိန်းထွန်းအောင်မိသားစုတို့က စိန်ဖူးတော်တင်လှူပူဇော်ကြပြီး မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးမင်းမင်းဦးကမုခ်ဦးသစ်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ စိန်ဖူးတော်တင်လှူပွဲနှင့် မုခ်ဦးသစ်တည်ဆောက်မှုလုပ်ငန်းများအတွက် အလှူရှင်မှ သိန်း ၁၅၀ ကျော် အကုန်အကျခံ အလှူဒါနပြုလုပ်ခဲ့သည်။

**(ကြေးမုံ)**

## ပင်ပြန့်မြေပဲပေါ်ချိန် မိုးရွာသွန်း၍ မြေပဲစိုက်တောင်သူများအခက်ကြုံ

**ငါ့သရောက် အောက်တိုဘာ ၂၉**



မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် တောင်သူများ မိုးဦးမိုးဖြင့် စိုက်ပျိုးထားသည့် ပင်ပြန့်မြေပဲစိုက်ခင်းများကို မနားမနေ ဝင်ရောက်သိမ်းဆည်းနေရသည့်အချိန်ဖြစ်ပြီး ယခုလို တောင်သူများ ပင်ပြန့်မြေပဲများ ဖြိုင်ဖြိုင်သိမ်းဆည်းနေချိန်တွင် မုန်တိုင်းအရှိန်ဖြင့် မိုးများ အဆက်မပြတ် ရွာသွန်းလာမှုကြောင့် တောင်သူများအနေဖြင့် ပင်ပြန့်မြေပဲခင်းများ သိမ်းဆည်းဖို့ရန်အတွက် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း ငါ့သရောက်မြို့နယ် တောင်တောကျေးရွာမှ မြေပဲစိုက်တောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ ဒီနှစ်မိုးရွာသွန်းမှုတွေက ပြီးခဲ့တဲ့နှစ်တွေထက် ပိုပြီးကောင်းနေပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ မိုးရွာသွန်းမှုက ဘယ်လောက်အထိ ကောင်းသလဲဆိုရင် ဒီနှစ် ဩဂုတ်လကနေစပြီး ဒီအချိန်ထိ မိုးရွာသွန်းမှုရှိနေတုန်းပါပဲဗျာ။ ဒါပေမယ့် ခုအချိန် မိုးရွာသွန်းတာဟာ ကျွန်တော်တို့ တောင်သူတွေအတွက် အခက်အခဲဖြစ်ရပါတယ်။ ဒီအချိန်က ကျွန်တော်တို့မြို့နယ်မှာ တောင်သူတွေ မိုးဦးမိုးနဲ့ စိုက်ပျိုးထားတဲ့ ပင်ပြန့်မြေပဲခင်းတွေ သိမ်းဆည်းနေရတဲ့အချိန်ဖြစ်ပါတယ်။

"ကျွန်တော်တို့ရွာမှာဆိုရင် ပင်ပြန့်မြေပဲစိုက်ပျိုးထားတဲ့တောင်သူတချို့ဆိုရင် မိုးမရွာလောက်ဘူးဆိုပြီး မြေပဲခင်းတွေ ဓားခုတ်ကြတာ မိုးက အဆက်မပြတ် ရွာသွန်းနေတော့ မြေကအစိုဓာတ်များပြီးတော့ ဘာမှကို ဆက်လုပ်မရတော့ပါဘူး။ နောက်ပြီး လုံးဝမလုပ်ရသေးတဲ့ မြေပဲစိုက်တောင်သူတွေလည်း မိုးကကောင်းနေတော့ မြေပဲဥတွေ အောက်ကျမှာကို စိုးရိမ်နေကြပါတယ်။ မြေပဲဥတွေ အောက်ကျကုန်ရင်လည်း တောင်သူတွေအတွက် ငွေရမ်းခစရိတ်တွေ အကုန်အကျများပြီး လုပ်ရကိုင်ရတာတွေလည်း အခက်အခဲဖြစ်ရပါတယ်။

"ဒါ့အပြင် မြေပဲဈေးနှုန်းကမကောင်း အလုပ်သမားငှားရမ်းခစရိတ်က မြေပဲပုတ်တဲ့သူ တစ်ယောက်ကို ငွေကျပ် ၅၀၀၀ ခန့်၊ မြေပဲဖက်သယ်ယူတဲ့ အငှားလိုက်အမျိုးသမီးတစ်ဦးကို ငွေကျပ် ၃၀၀၀ ခန့် ပေးငှားနေရတာကြောင့် တောင်သူတွေအတွက် တွက်ခြေမကိုက်ပါဘူး။ မြေပဲဈေးနှုန်းက လက်ရှိ ကျောက်ပန်းတောင်းမြို့က ပွဲစားတွေ ဝယ်ယူနေတဲ့ဈေးက မြေပဲ(အစို) တစ်တင်းကို ငွေကျပ် ၅၀၀၀ ခန့်၊ မြေပဲ (အခြောက်) တစ်တင်းကို ငွေကျပ် ၇၀၀၀ ကျော်ခန့် အရောင်း၊ အဝယ်ဖြစ်နေပါတယ်။ ဘာပဲပြောပြော အခုလို ပင်ပြန့်မြေပဲဖြိုင်ဖြိုင်ပေါ်တဲ့အချိန်မှာ မိုးက နေ့တိုင်းရွာသွန်းနေတဲ့အတွက် ကျွန်တော်တို့ မြို့နယ်က မြေပဲစိုက်တောင်သူတွေအတွက် လုပ်ရကိုင်ရတာ အခက်အခဲများနဲ့ ကြုံတွေ့နေရပါတယ်" ဟု ငါ့သရောက်မြို့နယ် တောင်တောကျေးရွာမှ ပင်ပြန့်မြေပဲစိုက်တောင်သူတစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## နည်းစနစ်တကျလုပ်ကိုင်နိုင်စေရန် မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများလေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၉**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ချိုင်းရွာအုပ်စု မဲဒီးကျေးရွာမှ SMUC ဆယ်မားအူအွန်ဒုံ ကျေးရွာသစ်စီမံကိန်း ဥက္ကဋ္ဌ ဦးအောင်ထွန်း၊ စိုက်ပျိုးရေးတာဝန်ခံ ဦးဖြိုးမောင်မောင်လွင်နှင့် အဖွဲ့ဝင်များသည် စီမံကိန်း၏ ကဏ္ဍတစ်ရပ်ဖြစ်သည့် ဝင်ငွေတိုးပွားရရှိစေရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို နည်းစနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန်အတွက် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက ပျဉ်းမနားမြို့နယ်စိုက်ပျိုးရေးသိပ္ပံကျောင်းရှိ GAP စနစ်ဖြင့်စိုက်ပျိုးထားသည့် အဆင့်မြင့်ဟင်းသီးဟင်းရွက်စိုက်ခင်းသို့သွားရောက်၍ နည်းစနစ်များကို လေ့လာခဲ့ကြသည်။



ယင်းနောက် မဲဒီးကျေးရွာမှ SMUC ဆယ်မားအူအွန်ဒုံ ကျေးရွာသစ်စီမံကိန်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ် အောင်ချမ်းသာကျေးရွာ မွေးမြူရေးခြံနှင့် စိုက်ပျိုးရေးသုတေသနခြံများသို့ သွားရောက်၍ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို လေ့လာခဲ့ကြကြောင်း သိရသည်။ **ထွန်းထွန်းဝင်း**

## တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် တက်ရောက်မည့်သူများအား တွေ့ဆုံ

**မကွေး အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၇ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာအောင်မိုးညိုက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(၅)နှစ် အမှတ်စဉ်(၅) သင်တန်းသို့ တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံ၍ ဩဝါဒစကားမြွက်ကြားကာ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက သင်တန်းသား၊ သင်တန်းသူများ သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း တိုင်းဒေသကြီးရဲ့ ဂုဏ်ဆောင်နိုင်အောင် ကြိုးစားသင်ယူကြရန်၊ သင်တန်းက စည်းကမ်းကောင်းသည်နှင့်အညီ သင်တန်းရဲ့စည်းကမ်းများကို လိုက်နာကာ နိုင်ငံတော်မှ အားထားရမည့် သားကောင်းရတနာများဖြစ်အောင် နေထိုင် ကြိုးစားသွားကြရန် အမှာစကား အသီးသီးပြောကြားခဲ့ကြသည်။

တိုင်းဒေသကြီးအတွင်းမှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ် အမှတ်စဉ်(၅) သင်တန်းသို့ တက်ရောက်ကြမည့် သင်တန်းသားလေးဦးနှင့် သင်တန်းသူ ခုနစ်ဦး စုစုပေါင်း ၁၁ ဦးတို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့က တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ စီနှင့် သင်တန်းတက်ရောက်စဉ် အသုံးပြုနိုင်ရန် ထောက်ပံ့ပစ္စည်းများကိုပေးအပ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

စစ်ကိုင်းမြို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းကျောင်းသို့ သင်တန်းသား၊ သင်တန်းသူများအား သွားရောက်ပို့ဆောင်နိုင်ရန်အတွက် မော်တော်ယာဉ်များကို စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံနယ်စပ် မယ်စဲ့ကုန်သွယ်ရေးစခန်းဖွင့်

**မယ်စဲ့ အောက်တိုဘာ ၃၀**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီခွဲက ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံနယ်စပ် ကုန်သွယ်ရေးစခန်းဖွင့်ပွဲကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ကုန်သွယ်ရေးလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကား ပြောကြားရာ ကယားပြည်နယ်သည် စီးပွားရေးအောင်မြင်နိုင်ရန် လိုအပ်သော သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့် ပြည်နယ်တစ်ခုလည်းဖြစ်ကြောင်း၊ အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံများမှာ စီးပွားရေးဖွံ့ဖြိုးမှုရှိသော ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ထိစပ်ခြင်းကလည်း စီးပွားရေးအခွင့်အလမ်းအတွက် အခြေအနေကောင်းတစ်ခုဖြစ်ကြောင်း၊ တရုတ်နိုင်ငံပြီးလျှင် နယ်စပ်ကုန်သွယ်မှု ပမာဏအများဆုံးမှာ ထိုင်းနိုင်ငံဖြစ်သည့်အတွက် ၎င်းတို့နိုင်ငံ၏ ဈေးကွက်ကို အမိအရဆုပ်ယူနိုင်ရေသည် အရေးကြီးပါကြောင်း၊ ပြည်နယ်အတွင်းမှာရှိသည့် လုပ်ငန်းရှင်များနှင့် ပြည်သူတို့က မိမိတို့ ထွက်ကုန်ပစ္စည်းတွေကို တစ်ဖက်နိုင်ငံသို့ တင်ပို့ပြီး မိမိတို့ လိုအပ်သော ကုန်ပစ္စည်းများကို ပြန်လည်တင်သွင်းဖို့ ဆန္ဒရှိနေကြသည့်အတွက် နိုင်ငံတော်ကို အခွန်အခများပေးသွင်းပြီး တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်ကျခြေရှိစွာနှင့် ဆောင်ရွက်နိုင်ရန်အတွက်ပြည်နယ်အစိုးရကနေ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်နှင့် နယ်စပ်ကုန်သွယ်ရေးဥက္ကဋ္ဌ ဦးရှာလမိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကုန်သွယ်ရေးဆိုင်းဘုတ်အား အမွှေးနံ့သာရေများဖြင့် ပက်ဖျန်းခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များက သီရိမင်္ဂလာရတနာသုခမြို့မဘုန်းတော်ကြီးကျောင်း ဓမ္မာရုံဆောက်လုပ်မှု၊ မယ်စဲ့မြို့နယ် အထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းရှေ့ကွန်ကရစ်လမ်းခင်းခြင်းနှင့် ကျောင်းမျက်နှာကြက် ပျက်စီးနေမှုအခြေအနေများ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ရုံးဆောက်လုပ်ပြီးစီးမှု အခြေအနေ၊ မြို့နယ်မီးသတ်ဦးစီးဌာန၏ နှစ်ထပ်ဝန်ထမ်းအိမ်ရာနှင့် ရေလှောင်ကန် တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ဟိုစဲ့ကျေးရွာရှိဘုန်းတော်ကြီးကျောင်းတွင် ဆွမ်းစားဆောင်နှင့် မီးဖိုဆောင်တိုးချဲ့ဆောက်လုပ်နေမှု အခြေအနေ၊ မယ်စဲ့မြို့နယ် အားကစားရုံ တည်ဆောက်နေမှုအခြေအနေ၊မြို့မကျောင်းရှေ့ ရေကျော်တံတား ဆောက်လုပ်မည့်နေရာတို့အား ကြည့်ရှုစစ်ဆေးခြင်းများကို ဆောင်ရွက်ပြီး လိုအပ်ချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာဝန်ကြီးများက ဖြည့်စွက်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဖားဆောင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများအား ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများကိုလည်း ပေးအပ်၍ ဖားဆောင်းမြို့နယ် အားကစားရုံ တည်ဆောက်ပြီးစီးမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ဘောလခဲမြို့ရှိ ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

## ပြည်ကြီးတံခွန်မြို့နယ်တွင် လူ ၅၅ ဦး အစာအဆိပ်သင့်မှုဖြစ်ပွား

**ပြည်ကြီးတံခွန် အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက် ရဲဘော်စိုက်ကွင်း(အရှေ့)တွင် အောက်တိုဘာ ၂၇ ရက် က မင်္ဂလာဆောင်၌ ဒံပေါက်စားရာမှ လူ ၅၅ ဦး အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါရပ်ကွက်၌ မင်္ဂလာမောင်နှံအိမ်၌ အောက်တိုဘာ ၂၇ ရက် နံနက် ၇ နာရီ မှ ၁၂ နာရီ ထိ မင်္ဂလာပွဲကျင်းပခဲ့ပြီး ဒံပေါက်၊ ငရုတ်သီးကြော်၊ ပါလချောင်ကြော်၊ သရက်သီးကုလားတည်နှင့် ကြာဆံဟင်းခါး၊ ပူစီနံ၊ ငရုတ်သီးစိမ်း၊ လက်ဖက်သုပ်နှင့် ပုလင်းဖျော်ရည်တို့ဖြင့်ဧည့်ခံခဲ့ရာ စားသုံးမိသူများအနေဖြင့် အော့အန်ခြင်း၊ ဝမ်းလျှောခြင်းများဖြင့် အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်ကြောင့် လူ ၅၅ ဦးအစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ပြီး ကျား ၁၂ ဦး၊ မ ၃၀ အား အဆိုပါရပ်ကွက် မိုးကောင်းမွှာရုံ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းကုသလျက်ရှိပြီး ကျားငါး ဦး၊ မရှစ်ဦးတို့အား ခုတင် ၃၀၀ အထူးကုဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

ကြော်ငြာ

ကိုဝင်းနိုင် ရွှေဒေါင်းမင်း 09425355758, 09255913926
▲ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက်ထီးရိုး၊ ဝက်မဲ (၅)ရက် Guest-100000
▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကက္ကူ (၄)ရက် Guest- 70000
▲စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်း (၃)ရက် Hotel Package- 65000
▲ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး (ရွှေစက်တော်လေးဆူ)၊ (၃)ရက် Hotel Package- 65000

ရခိုင်ပြည်ဘုရားဖူးခရီး ကောင်းထက်စံနှင့်အဖွဲ့
220000/ ... 150000/(12-11-16)
Ph:09448003431,0949660481,09 798860461

APM Group (Car Rental)
မြို့တွင်း/နယ်ဝေး/လချုပ် ကားလေးမျိုးစုံ
ဈေးနှုန်းချိုသာစွာဖြင့် အငှားလိုက်သည်။

ရွှေဒေါင်းလောင်း
Ph : 09 254499128
09 255857899
09 451127809
တောင်ကြီးမီးပုံးပျံပွဲတော်-အင်းလေး-ပင်းတယ-ကလော-လွိုင်ကော်
(11.11.2016) ရက်နေ့ထွက်မည်
ကျိုက်ထီးရိုး မော်လမြိုင် ကျိုက္ခမီ ဝက်မဲ ဘားအံ
(18.11.2016) ရက်နေ့ထွက်မည်

MK FASHION SHOP
AUTUMN / WINTER
COLLECTION
of stamp
*** Buy 40,000 Ks get 1 stamp ***
10 stamps get 10% Coupon (maximum purchase 1,500,000Ks)
20 stamps get 15% Coupon (maximum purchase 1,200,000Ks)
30 stamps get 20% Coupon (maximum purchase 1,000,000Ks)
40 stamps get 30% Coupon (maximum purchase 800,000Ks)
Buy more Get more stamps
Period: 1st Nov, 2016 ~ 31st Dec, 2016.
MK Fashion Shops
(Nay Pyi Taw, Yangon, Mandalay, Pyin Oo Lwin, Monywa, Mawlamyaing & Pathein)

STI MYANMAR UNIVERSITY
University of Bedfordshire
" University of Bedfordshire, UK မှ ချီးမြှင့်သည့် ဂုဏ်ထူးတန်းဘွဲ့ "

Faculty of Engineering
- BEng (Hons) Civil Engineering
- BEng (Hons) Architectural Engineering
- BEng (Hons) Civil Architectural Engineering
- BEng (Hons) Electronic Engineering
- BSc (Hons) Construction Management



- တက္ကသိုလ်ဝင်တန်း (သို့) IGCSE 'O' Level ဖြေဆိုအောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။
- သင်တန်းကာလ (၄)နှစ်ခန့် ကြာမြင့်ပါမည်။
- STIMU မှ Advanced Diploma ပြီးထားသူများ၊ HND, AGTI, B.Tech အောင်မြင်ပြီးသူများ သက်ဆိုင်ရာသင်တန်းနှစ်အလိုက် တိုက်ရိုက်ဝင်ခွင့် လျှောက်ထားနိုင်ပါသည်။ သတ်မှတ် IELTS ပြည့်မီရန် လိုအပ်ပါသည်။
- CB Bank ၏ Education Loan Program လျှောက်ထားနိုင်ပါသည်။

Block-10, MICT Park, လှိုင်တက္ကသိုလ်၊ ရန်ကုန်။ Ph: 507151/ 2, 09 250064451

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့


နာချင်ရာ နာစမ်း . . .
WORKS WHEREVER IT HURTS.
TIGER BALM®
• OVER 100 YEARS • OVER 100 COUNTRIES • MILLIONS OF USERS •
Myanmar Reg No.
1809AA6235
Myanmar Reg No.
1809AA6236
Myanmar Reg No.
R1808AA643
Tiger Balm (Red) သည်
ကြွက်သားနာကျင်ကိုက်ခဲခြင်းနှင့် အတွင်းဒဏ်ဖြစ်ခြင်းတို့ကို
အလျင်မြန်ဆုံးသက်သာစေပါသည်။
Tiger Balm (White) သည်
မူးဝေခြင်းနှင့် အင်းဆက်ပိုးမွှားများကိုက်ခံရခြင်း
ဝေဒနာ တို့ကိုပျောက်ကင်းစေပါသည်။
Tiger Balm (Liniment) သည်
မောပန်းနွမ်းနယ်ခြင်း၊ ကြွက်သားတောင့်တင်းခြင်း၊
နာကျင်ခြင်းတို့ကို အလျင်မြန်ဆုံးပျောက်ကင်းစေပါသည်။
DKSH
N0.013, Thitsar Road, Yankin Township, Yangon, Myanmar.
Tel : (951)565 253, 565 269, 565 270

အပါယ်တံခါး ပိတ်စေဖို့ မြေမြတ်မဟာ ဗုဒ္ဓဂယာသို့ မြတ်ဂုဏ်ရောင်နှင့်သွားကြစို့
MGY
## မြတ်ဂုဏ်ရောင် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန ၊ ဝေသာလီ၊ ရာဇဂြိုဟ်၊ တာ့ချ်မဟာ၊ နယူးဒေလီများသို့ (၇/၈) ရက်ခရီးစဉ်၊(၁၁/၁၂) ရက်ခရီးစဉ်၊ (၁၄/၁၅)ရက်ခရီးစဉ်များဖြင့် ဝန်ဆောင်မှု ကောင်းမွန်စွာ အဆင်ပြေပို့ဆောင်ပေးနေပါပြီ။ ခရီးစဉ်အားလုံးကိုကြိုတင် စာရင်းပေးသွင်းနိုင်ပြီးသံဃာတော်များ၊ သီလရှင်များကို(၅၀၀၀ဝိ/)လှူဒါန်းပါသည်။ နိုင်ငံကူးလက်မှတ်ရှိလျှင် (၃၀၀၀ဝိ/) လျော့ပေးပါသည်။ (၁၆) ဦးပြည့်လျှင်တစ်ဦးအခမဲ့၊ (၁၀)ဦး ၄၀%၊ (၈)ဦး၂၀%၊ (၅)ဦး ၁၀% စီလျော့ပေးပါသည်။ ခရီးစဉ်တိုင်းတွင် (၃၂)ဦးသာပို့ဆောင်ပေးပါသည်။ နယ်မှခရီးသည်များအား ရန်ကုန် မြို့၌အခမဲ့ တည်းခိုနိုင်ပြီးအကြို-အပို့ပြုလုပ်ပေးပါသည်။ ခရီးစဉ်တိုင်းတွင်ဦးဆောင် ဆရာတော်တစ်ပါး TourLeader တစ်ဦး နှင့် Helper များလည်း ပါရှိပါမည်။ ခရီးစဉ်တိုင်းမှာ မေတ္တာလက်ဆောင်များ ပေးသွားမည်ဖြစ်ပြီး သတ်မှတ်ဈေးနှုန်းထက်အပြင် ငွေကြေး ကောက်ခံခြင်း မရှိကြောင်း အထူးပင် အာမခံပါသည်။ ညမောင်း ခရီးစဉ်များ လုံးဝမရှိပါ။ (၁၄/၁၅)ခရီးစဉ်-နယူးဒေလီ ဟိုတယ်(၂)ညအပါအဝင်၊ ရန်ကုန် - ဂယာ - ရန်ကုန် (တိုက်ရိုက်)

Tour licence (ပြည်တွင်း) - ၁/၂၈၀၅
Tour licence (ပြည်ပ) - ၁၁/၀၃၀၅

၁၄/၁၅ရက် ခရီးစဉ် = ၁၃-၁၀-၂၀၁၆ ★ ၂-၁၂-၂၀၁၆ ★ ၁-၁-၂၀၁၇ ★ ၁-၂-၂၀၁၇ ★ ၈-၂-၂၀၁၇
၁၁/၁၂ရက် ခရီးစဉ် = ၂၀-၁၂-၂၀၁၆ ★ ၃-၁-၂၀၁၇ ★ ၂၀-၂-၂၀၁၇ ★ ၁၄-၃-၂၀၁၇ ★ ၇-၄-၂၀၁၇
၇/၈ရက် ခရီးစဉ် = ၇-၁၂-၂၀၁၆ ★ ၂၄-၂-၂၀၁၇

ဝန်ထမ်းများ အတွက် သင်္ကြန်ရုံးပိတ်ရက်များအတွင်း ဇြိုလအထူးသီးသန့် ခရီးစဉ်များ ရှိပါသည်။
www.myatgoneyaung.com .Email-mgytravel@gmail.com . fb-မြတ်ဂုဏ်ရောင်ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့

ရုံးချုပ် - အမှတ်(၂၇/၆)၊ ဘော်ဝင်(၂)လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၃၃၀၁၆၄၊ ၂၃၃၀၁၆၅၊ ၀၉ ၄၅၇၇၇၇၀၄၅၊

## Pleasant Times
Travels & Tours Co.,Ltd.
Release Your stress with Pleasant Times
**Luxury Packages** (Nov: 23, Dec: 28)
- ပုဂံ-စွယ်တော်လေးဆူ
- လွိုင်ကော်-ကလော-ရှောင်
- မြဝတီ-မဲဆောက်-ဖဝေါ်
- ထားဝယ်-မောင်းမကန်-ကန်ချနာပူရီ

**Day Return Trips** (Nov: 5,19,23)
- တောင်ငူ-သံတောင်-ဖိုးကျားဆင်စခန်း
- နေပြည်တော်-ဗုဒ္ဓဂယာ
- မော်လမြိုင်-ကျိုက္ကမီ-စက်စဲ
- သထုံ-မဲလံတောင်-ဇင်းကျိုက်

အမှတ်(၇၃), အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊
Ph:01-9317220, 09-454454310, 09-73072661

## Min San Eain Travel & Tours Special Promotion Price
Special Trip + Special Gift + Tour Grade Car + Hotel Package
+ တောင်ကြီးမီးပုံးပျံပွဲ-အင်းလေး-ပင်းတယ-ကလောခရီးစဉ် Nov 11 (160000)
+ ပုဂံ-(စွယ်တော်လေးဆူ+ပြည့်ငါးပြည့်)-ညောင်ဦး-ပုပ္ပါးခရီးစဉ် Nov 12,18,25 (95000)
+ မန္တလေး-ကျောက်စိမ်းစေတီ-ပြင်ဦးလွင်-ဒီးဒုတ်ရေပြာအိုင်ခရီးစဉ် Nov 12,18,25 (95000)
ခန့်ရှုင်းဖြန့်ခရီးစဉ်များ (အမျိုးသားနေ့ပိတ်ရက်) Nov23 (၁၀)ဦးဝယ်လျှင်(၁)ဦးအခမဲ့လိုက်ပါခွင့်
+ ငနော်ဘုရားတောင်-သံတောင်စခန်းမြို့-ပသိချောင်း-တောင်ငူခရီးစဉ် (38000)
+ တောင်ပိုင်းတောင်-ချစ်သူမြိုင်ဥယျာဉ် (Jet Ski Boat)-လွန်းညရေပြာအိုင် (35000)
အမှတ်(၁၈)၊ ရာသညြိမ်(၁)လမ်း၊ ၁၁-ရပ်ကွက်၊ တောင်ဥက္ကလာ 01-8551106, 09-259259153,09-5044271

## ရွှေလမ်းခရီး... 095124678,09401589907
* တောင်ကြီးမီးပုံးပျံပွဲတော်၊(ဖွေတော်ကာတ္တု)၊ပင်းတယ၊ အင်းလေး၊ ရွှေအင်းတိန်
* ပြင်ဦးလွင်မီးပုံးပျံပွဲတော်၊ မန္တလေး၊ စစ်ကိုင်း၊ မင်းကွန်း၊ မုံရွာ၊ ကျောက်စိမ်းစေတီ
* ပုဂံ(စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ-သီဟိုဠ်ရှင်၊ ရွှေတန့်တစ် အပါ
* ထားဝယ်(ရှင်ကိုးရှင်)၊ မြိတ်၊ မောင်းမကန်ကမ်းခြေ၊ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ
* မော်လမြိုင်ဘုရားစုံနှင့် နွားလဘိုတောင်၊ ကျိုက္ကမီရေလယ်ဘုရား၊ စက်စဲကမ်းခြေ
* ကရင်ပြည်နယ် ဘားအံဘုရားစုံ နှင့် မြဝတီ၊ မဲဆောက် ခရီးစဉ် (သောကြာနေ့တိုင်း)
(ထမင်းကျွေး၊ ကားခ၊ တစ်ဆင့်သွားကားခ/ စက်လှေခ၊ တည်းခိုစရိတ် စရိတ်ငြိမ်း)
ကျိုက်ထီးရိုး(နေ့စဉ်) * ဇလွန် * ပြည် * အကောက်တောင် * ရှောင်းသာ / ငွေဆောင်

## ကား မျိုးစုံ
(Alphard/Crown/MarkII/အနီတာတုံး/ Hiace စု/ ၁၃ ယောက်စီး၊ ၂၄/၂၈/၃၃/၄၅/၄၃ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားရနိုင်ပါသည်။
Ph: 09795549249, 095418126

သင့်သွေးဖြင့် အသက်ကယ်ပါ

## အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း (၃၈)ကြိမ်မြောက်အကောက်ခွန်မိသားစု ဘုံကထိန်နှင့် သက်ကြီးပူဇော်ပွဲဖိတ်ကြားခြင်း

(၃၈)ကြိမ်မြောက်အကောက်ခွန်မိသားစု ဘုံကထိန်နှင့် သက်ကြီး ပူဇော်ပွဲကို မင်းကွန်းတောရကျောင်းတိုက်၊ အင်းယားမြိုင်လမ်း၊ ဗဟန်းမြို့နယ်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကန်တော့ခံ ပုဂ္ဂိုလ်များ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**
ကျင်းပမည့်နေ့ရက် - ၅-၁၁-၂၀၁၆(စနေနေ့)
ကျင်းပမည့်အချိန် - (၉နာရီမှ၁၂နာရီထိ)

**အထူးမေတ္တာရပ်ခံချက်**
၁။ ကထိန်ပဒေသာပင်အတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကိုဝန်ထမ်းဟောင်းအသင်းသို့ ၂-၁၁-၂၀၁၆(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ လာရောက်လှူဒါန်းနိုင်ပါသည်။
၂။ အသင်းတိုက်မှ ကြို/ပို့မော်တော်ယာဉ် ၅-၁၁-၂၀၁၆ရက် နံနက် ၈ နာရီတွင် ထွက်ပါမည်။ သီးခြားဖိတ်စာမပို့ပါ။
**အမှုဆောင်အဖွဲ့**











KBZ BANK
STRENGTH OF MYANMAR
Perfect Moments
KBZ BANK
MPU
Platinum
Asia
6244 4501 8888 8888
MAUNG MAUNG
UnionPay
KBZ BANK
MPU
Travel Mate. Asia
6244 4501 8888 8888
MAUNG MAUNG
UnionPay
ပြီးပြည့်စုံသောအမှတ်တရများအတွက်
KBZ UnionPay CREDIT CARDS
ဘဝအတွက် အမြဲအမှတ်ရစေမယ့် ပျော်ရွှင်စရာခရီးစဉ်များ ပြီးပြည့်စုံစေဖို့ အတွက်
KBZ Credit Card က သင်နှင့်အတူရှိနေမှာပါ။
01-370055, 370066
#KBZCreditSmart
kbzbank.com







သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး



ပထမတန်းလူငယ်ချန်ပီယံ MFF Youth အသင်းအား တွေ့ရစဉ်။

# ပထမတန်းလူငယ်အမှတ်ပေးပြိုင်ပွဲ MFF Youth ဗိုလ်စွဲ

ရန်ကုန်    အောက်တိုဘာ    ၃၀

၂၀၁၆ ရာသီ MNL-2 (ပထမတန်း)လူငယ်အမှတ်ပေးပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ် ပွဲစဉ်(၃၀) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ MFF Youth အသင်းက နိုင်ပွဲရယူပြီး ဂိုးကွာခြားချက်အသာဖြင့် ချန်ပီယံဆုရရှိသွားသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○

## နတ်မြစ်အတွင်းမှ ဖမ်းဆီးရမိ မသင်္ကာဖွယ်ရာ ဘင်္ဂါလီလူမျိုး သုံးဦးနှင့် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွင် ပတ်သက်မှုမရှိသူများအား ပြန်လည်လွှတ်ပေး

**နေပြည်တော် အောက်တိုဘာ ၃၀**

တပ်မတော်(ရေ) အထူးတပ်ဖွဲ့များနှင့် နယ်ခြားစောင့် ရဲတပ်ဖွဲ့များက နယ်မြေလုံခြုံရေး လုပ်ငန်းများဆောင်ရွက်စဉ် အောက်တိုဘာ ၂၇ ရက်က တပ်မတော်(ရေ) အထူးတပ်ဖွဲ့မှ ဖမ်းဆီးရမိခဲ့သည့် လှေနှစ်စင်းမှ ဘင်္ဂါလီလူမျိုး ငါးဦးအနက် ရှုဂျီးနား၊ ဝါဟဲမူတိုဖာနှင့် မူဟာမက်ဟူပိုက်တို့မှာ အသက်ငယ်ရွယ်ပြီး မိသားစုဝင်များသာဖြစ်သောကြောင့် မောင်တောမြို့မရဲစခန်းမှ တာဝန်ရှိသူများက မြို့ဦးကျေးရွာအုပ်စု လသာကျေးရွာ ရာအိမ်မှူးထံသို့ အောက်တိုဘာ ၂၇ ရက် ညနေ ၆ နာရီခွဲတွင် ပြန်လည်အပ်နှံခဲ့သည်။

ဖမ်းဆီးရမိသူ ငါးဦးအနက် အဒူဇူဝိုင်း(ဘ) ရှုဗိမ်းနာနှင့် ၎င်း၏ဇနီး နူကနိ(ဘ) နူရူဟာကိန်တို့ကို မောင်တောမြို့မရဲစခန်းက တရားဥပဒေအရ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၁၄ ရက်တွင် ဇင်ပိုင်ညာကျေးရွာမှ ဖမ်းဆီးရမိခဲ့သည့် မာမွတ်အီဆုအား စစ်ဆေးရာ မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြင်ဖြူနယ်မြေရဲစခန်းက အောက်တိုဘာ ၁၅ ရက်တွင် ပြန်လည်လွှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## နိုင်ငံတကာခန်းယာဉ်မှ အာကာသယာဉ်မှူးသုံးဦး ဆိုယုဇ်အာကာသယာဉ်ဖြင့် ကမ္ဘာမြေပြင်သို့ ပြန်လည်ဆင်းသက်

စာမျက်နှာ - ၄

